www.burmeseclassic.com


ရှုညီတည်းဖြတ်သည်

# တောရူပသင်

အချစ်ကိုခလုတ်တိုက်မိသူများ

အချစ် ဟာသ လုံးချင်းဝတ္ထု

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဒို့အာဝန်သုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- တမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
- ပြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဝေါရှုပသင်

## အချစ်ကိုနှလုံးသားမပါဘဲသိသူများ

www.burmeseclassic.com

www.burmeseclassic.com

# စောဂျူပသင်

## အချစ်ကိုအလှည့်စေခိုက်မိသူများ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၆၂၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၆၀၇၀၈
ထုတ်ဝေသူ
ဦးသစ်လွင်(မြဝ၉၄၈)
ကံ့ကော်မြိုင်စာပေ၊၁၁၃၊ရွှေပြည်သာလမ်း
(၆)ရပ်ကွက်၊သာကေတ၊ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင်(၀၅၄၁၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
၂၂၅၊အခန်း(၂)၊၃၁လမ်း
၁၁ရပ်ကွက်၊ပန်းဘဲတန်း၊ရန်ကုန်။
ပထမအကြိမ်
၂၀၀၈ခုနှစ်၊ဩဂုတ်လ၊
အုပ်ရေ ၅၀၀
တန်ဖိုး ၅၀၀ကျပ်



ခရစ်နှစ် ၂၀၅၂
ကမ္ဘာ့အရှေ့ခြမ်းမှာ မြန်မာ
နည်းပညာမှာ ဖတ်စ်
ဘောဂျင်း ဒေလီ
ယနီလာ၊ ကွာလာလမ်ပူ
ဟောင်ကောင်၊ တိုကျို
ဟန်နိုင်း ဘန်ကောက်
လွန်စွာ ခေတ်နောက်ကျနေခဲ့လေပြီ။
မြန်မာရေပိုင်နက်ရှိ ကျွန်းစုများမှာ
မိုးထိလု အထပ်မြင့်တိုက်ကြီးများနှင့်
နီယွန်မီး ဆိုင်းဘုတ် မီးများထိန်ထိန်ညီးလျက်
နတ်ဘုံ နတ်နန်းပမာ ...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁ )

တဟီးဟီးကျွန်း .....

ကျွန်းသား (သစ်သားမဟုတ်ပါ) တိုင်းလိုလို ဓနဥစ္စာ ကြွယ်ဝကြသည်။ ရှစ်ပိုင်းဆိုင်ရာ ပြည့်စုံသလို စိတ်ချမ်းသာမှုအပြည့်၊ ပျော်ရွှင်စွာရယ်မောနေတတ်ကြသဖြင့် တဟီးဟီးကျွန်းဟု အမည်တွင်သည်။

ကျွန်းပေါ်တွင် ကြွယ်ဝချမ်းသာမှုအဆင့်ရှိ ဟိုတယ်များ၊ ဥရောပရေးကွက်သို့ တင်ပို့သောကားစက်ရုံများ၊ ဒီလက်ဝေရောနစ်ပစ္စည်းစက်ရုံများ မရေတွက်နိုင်။ ပိုင်ရှင်သူဌေးနှင့် စီမံခန့်ခွဲသူများမှာ မြန်မာများသာ။ အလုပ်ကြမ်းနှင့် အောက်ခြေလုပ်ငန်းများအတွက် ပြည်ပလုပ်သားများကို ခေါ်ယူအသုံးပြုရသည်။

ကားလမ်းမပေါ်တွင် လှုပ်ငန်းခွင်သို့ သွားနေသောကားများမှာ ကျွန်းအနှံ့တွင် ပန်းပွင့်ရောင်စုံများ မဟူရာရေစီးကြောင်းထဲ၌ မျောပါနေသယောင်။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )

မှန်း ဓကာရီ (သို့မဟုတ်) လမင်းသမီး။
ကောင်ခြင်းငါးအင်နှင့် ပြည့်စုံသူ
ကမ္ဘာကျော်ပန်းပုဆရာကြီး မိုက်ကယ်အိန်ဂျယ်လိုသာ သူမကို စံပြမယ်အဖြစ် ပန်းပုထုခဲ့လျှင် ကမ္ဘာကျော်ရုပ်ထုမှာ ဗင်းနပ်စ်မကြီးများကာ စကြဝဠာကျော် ကြိုးပမ်းအကျော်ဖြစ်ရပေမည်။ သို့သော် ကံခေစွာဖြင့် ရာစုလွဲချော်ခဲ့၍ ကမ္ဘာကျော်အဆင့်လောက်သာ ရရှိခဲ့သည်။

သူမ၏အမည်နှင့် မလိုက်ဖက်စွာ စိတ်ဓာတ်ခက်ထန်၍ မာကျောကျွတ်ဆတ်သည်။ သူမနှင့်လိုက်ဖက်သောအမည်မှာ မှန်းဓကာရီအစား ဆန်းဓကာရီသာဖြစ်သင့်ပေသည်။ မဟူရာမှိုးသား ကော်ခေတ လိုအိညက်နေသည့် အမှတ် (၁၅၀၀) အဝေးပြေး လမ်းမကြီးပေါ်မှာ ဖြိုင်ကားအနီလေးက မိုးဟပ်တစ်ကောင်လို ရှပ်ပြေးနေသည်။





မှန်းဓကာရီ၏ သွေးကြောစိမ်းများ ယှက်ဖြာနေသော ပန်းနုရောင်ပါးပြင်ပေါ်တွင် မာနရောင်ပါ ရောစွက်နေသည်။ လမ်းပေါ်တွင် လိပ်လိုသွားနေသောကားများကို စောင်းမြောင်းသည်။ ယာဉ်ကြောပိတ်လျှင် ဟွန်းကို နာနာတီးသည်။ အရေးဆိုဟွန်းက ကပ်နေပြန်သည်။

"ကစ် .. ကစ် .. တီ .. တီ ပွမ်"

ဓမ္မသတ္တကြီး လက်သီးနှင့်ပိတ်ထုလိုက်မှ ဟွန်းသံကျယ်လောင်စွာ ငြိမ်ဟိသွားသည်။ ရှေ့ကကားတွေက အံ့ဩတကြီးနောက်လှည့်ကြည့်သည်။ ကြည့်ပေမပေါ့။ လမ်းဘေးဝဲယာမှာ သတိပေးဆိုင်းဘုတ်အဝိုင်းကြီးတွေကို သူမမြင်။ ဟွန်းပုံကို အနီမျဉ်းတွေဖြတ်ထားသည့် ဟွန်းမတီးရနယ်မြေ။

"ပွမ် .. ပွမ် .. ပွမ်"

သူမကားအနီးသို့ ယာဉ်ထိန်းရဲရောက်လာသည်။ ကားမှန်ကို ချလိုက်ပြီး ...

"ဟာ ... အတော်ပဲ ... ဦးရဲကြီး ... တဆိတ်လောက် ရှေ့ကကားတွေ ရှင်းပေးစမ်းပါ။ ဒီမှာ အချိန်နောက်ကျနေပြီ"

"ယာဉ်မောင်းလိုင်စင်လေး တဆိတ်လောက်"

"ရှေ့ကကားတွေ လမ်းရှင်းပြီးရင် ပေးမယ်လေ"

"ရှေ့မှာ လမ်းပြင်နေလို့ ကားတွေခဏရပ်ထားတာ။ ပြီးရင် လမ်းရှင်းသွားလိမ့်မယ်။ လောလောဆယ် .. ဟွန်းမတီးရနယ်မြေမှာ ဟွန်းတီးတဲ့အတွက် ခင်ဗျားလိုင်စင်ကို ပေးခဲ့ပါ။ နယ်မြေယာဉ်ထိန်းရုံးမှာ ဒဏ်ငွေဆောင်ပြီးမှ လိုင်စင်ပြန်ယူလို့ရမယ်။ ဒီချလံ ယူထားပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ လိုင်စင်အသိမ်းခံလိုက်ရပြီ။ ကားတွေ တရွေ့ရွေ့ မောင်းထွက်သွားသည်။ ကားရှင်သည်နှင့် လီဗာတို ဖိနှင်းလိုက်သည်။ တာဘိုအင်ဂျင်သံက အိပ်ဇောဝမှ ဝမ်းခေါင်းသံနှင့်အော်ပြီး တရှိန်ထိုးပြေးထွက်သွားလေသည်။

"ဘွန်း .. ဘွန်း ... ဘဲရော"

ဒက်ရှ်ဘုတ်ပေါ်မှ နေကာမျက်မှန်ကို မျက်နှာတွင်တပ်ဆင်လိုက်သည်။ စတီရီယိုခလုတ်ကိုနှိပ်လိုက်သည်။ နှစ်ဆယ်ရာစုခေတ်ဟောင်းမှ နော်လီဇာ၏သီချင်းသံ ထွက်ပေါ်လာသည်။

"ကားကလေးတစ်စီးလောက်ဝယ်ရင် ဘရိတ်ပါပါစေ"

သီချင်းလေးနဲ့ ငြိမ့်နေတုန်း ရှေ့မှာ အတားအဆီးတစ်ခုနှင့် တွေ့ပြန်သည်။ ပန်းရောင်ဖော့စဖရယ် မျဉ်းကျားနှင့် ကတော့ပုံဘိုင်လေးတွေကို ဝင်တိုက်ပြီး ဆက်မောင်းလိုက်သည်။ လမ်းပေါ်မှာ မြေအောက်ပိုက်လိုင်းပြင်နေတဲ့လူနှစ်ယောက်က မောင်းလာတဲ့ ပြိုင်ကားကို လှမ်းတားသည်။

"ဟိုး .. ဟိုး"

လမ်းပိတ်ရပ်နေသူကို မရှောင်ဘဲတည့်တည့်မောင်းသည်။ ထိုသူသာ မရှောင်လျှင် ကတ္တရာလမ်းနှင့်တသားထဲ ဖြစ်သွားနိုင်သည်။ သူရှောင်လိုက်စဉ် ရေသန့်ဘူးတစ်ဘူးက သူ့ချိုစောင်းပေါ်ကို အရှိန်ပြင်းပြင်းကျလာသည်။





"ဘုတ်" "အ .. လာ .. လာ"

"ဟာ .. ဆရာ ဘာဖြစ်သွားတာလဲ"

"အား .. ကျွတ် .. ကျွတ် ကားပေါ်ကရေသန့်ဘူးနဲ့ ပစ်သွားတာ ချိုစောင်းထိသွားတယ်"

"ဆရာ .. အဲဒီကားကို မှတ်ထား"

သူတို့သတိရချိန်မှာ ကားက တော်တော်ဝေးသွားပြီ။ ယူအေအီးနိုင်ငံသို့ တင်ပို့သည့် ဂျပန်လုပ်တန်ဖိုးကြီးကားတစ်စီး။ မောင်းသူကို မမြင်လိုက်ရ။ ချစ်ဦးမောင် ချိုစောင်းမှာ ဘုထကျန်ခဲ့သည်။ သူ့တပည့်က ချိုစောင်းကို ကျပ်ပူထိုးပေးသည်။

"ဘယ်လိုလူမျိုးတွေလဲမသိဘူး။ ရမ်းကားလိုက်တာ။ ရှေ့မှာ တံတားကျိုးနေလို့ကတော့ တစ်ခါထဲပွဲသိမ်းပဲနော် ဆရာချစ်ဦးမောင်"

"ဟာကွာ .. မင်းကလဲ ပေရှည်လိုက်တာ။ ဆရာဆိုရင်ပြီးရောပေါ့ကွာ"

သူ့နာမည်ကို တင်စီး၍ မှည့်ခေါ်ခြင်းမဟုတ်။ တပည့်ကျွန်းသားတို့၏ ဘာသာစကားတိုးတက်မှုအရ မောင်ကိုနာမည်၏ နောက်တွင်ထားခြင်းဖြစ်သည်။ အမှန်စင်စစ် သူ့နာမည်သည် မြန်မာအသုံးအနှုန်းအရဆိုလျှင် မောင်ချစ်ဦးသာဖြစ်၏။ ကျွန်းအခေါ်နှင့်ဆိုလျှင် ချစ်ဦးမောင်ဖြစ်ပြီး၊ မောင်ချစ်စမ်းဆိုလျှင် ချစ်စမ်းမောင်ဟု ခေါ်ရလေသည်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

"ကျွတ် .. တစ်လမ်းလုံးကို အနောက်အယှက်နဲ့ တွေ့တာပဲ။ ဒီလမ်းတွေကလဲ ငါလာမှ ဘာလို့ပျက်တာလဲမသိဘူး။ ဟိုလူရှိုင်းနှစ်ယောက်ကလည်း ကားရှေ့လာပြီး ကိုးယို့ကားယားနဲ့ ပြောသွားချင်လို့"

မွန်းကေရီ အလိုမကျသလို တိုးတိုးရွတ်ဆိုပြီး ကားပေါ်က ဆင်းသည်။ ကားတံခါးဖွင့်၍ ခြေထောက်ကို လှမ်းအချ အနက်ရောင်ခေါက်ဖိနပ်ကိုမြင်သည်နှင့် ဟိုတယ်ဝန်ထမ်းတွေ ပျာယီပျာယာဖြစ်ကုန်ကြသည်။ မွန်းကေရီ တံခါးဝအရောက်တွင် ညွှန်ကြား ဝန်ထမ်းက တံခါးပြေးဖွင့်သည်။ သူမက တံခါးဖွင့်ပေးသည့် ဝန်ထမ်းကို

"ဒီတံခါးကြီးကလည်း ဖွင့်လိုက်၊ ပိတ်လိုက်နဲ့ အလုပ်ရှုပ်တယ်။ ဖြုတ်ထားရင်ကောင်းမယ်"





ဝန်ထမ်းက ဘာပြောရမှန်းမသိ။ ဟိုတယ်မိန်းလမ်းမအတိုင်း တစ်လှမ်းချင်း လျှောက်ဝင်လာသည်နှင့် ဝန်ထမ်းအားလုံး ခါးကုန်းကြသည်။ မွန်းကေရီ အပေါ်ထပ်လှေကားသို့ တစ်လှမ်းချင်း တက်သွားတော့မှ ခါးဆန့်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်ကြသည်။

အပေါ်ထပ်ညှိခန်းမထဲ မွန်းကေရီလှမ်းဝင်သည်နှင့် ဆိုဖာပေါ်တွင် စောင့်ကျနေသူက ဝုန်းခနဲထရပ်ပြီး နှင်းဆီပန်းတစ်ပွင့်ကို လှမ်းယူသည်။

"အာ.. ရို .. ရို"

လက်ကို ဆွဲရှုးသွားသည်။ ဘာမှမဖြစ်သလို အားယူပြုံးလိုက်သည်။ မွန်းကေရီရှေ့မှာ ဒူးထောက်ချလိုက်ပြီး နှင်းဆီပန်းကို လက်နှစ်ဖက်ဖြင့် လှမ်းပေးလိုက်သည်။

"မင်္ဂလာပါ .. ဆွီ .. မွန်းကေရီ"

မွန်းကေရီက ပန်းကိုယူလိုက်ပြီး နှာခေါင်းဝမှာ နမ်းရှူသည်။

"ဟွန်း .. ပန်းက မွှေးလည်းမမွှေးဘူး"

နှင်းဆီပန်းကို စားပွဲပေါ်ရှိ ပန်းအိုးထဲသို့ ပစ်ထည့်လိုက်သည်။ ထိုစဉ် ရုပ်ဆိုးဆိုးနှင့် ခွေးဘီလူးတစ်ကောင် အခန်းထဲက ပြေးထွက်လာသည်။ မွန်းကေရီက ခွေးကိုကောက်ချီလိုက်ပြီး ဦးခေါင်းကို ပွတ်သပ်ပေးနေသည်။

"ကေရီ့အသဲလေး ဂျစ်ပစီ .. နင် ငါမရှိလို့ ပျင်းနေတာထင်တယ်"

မွန်းကေရီခွေးကိုပိုက်ပြီး အပြင်ဘက်ဝရံတာကို ထွက်သည်။ သည်တော့မှ ကံထူးမောင် ဒူးထောက်ရာမှ ထလိုက်ပြီး အခန်းထောင့်မှာ အရုပ်တစ်ရုပ်လို ငြိမ်သက်နေသည့် အတွင်းရေးမှူး ကိုဦးမောင်၏ပေါင်ကို လိမ်ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ . . သူဌေး ဘာလုပ်တာလဲ . . နာလိုက်တာ"

"ခင်ဗျား အသက်မှရှိသေးရဲ့လားလို့ စမ်းကြည့်တာ"

"သူဌေးရဲ့လေဒီ . . ဒေါ်သကေရီရော"

ကံထူးမောင်က အပြင်ဘက်သို့ မေးငေါ့ပြသည်။ ခွေးသရဲခွေးဘီလူးကို တယုတယလုပ်နေသော မွန်းကေရီကိုကြည့်ပြီး အတွင်းရေးမှူး ကိုဦးမောင် နာခေါင်းရှုံ့လိုက်သည်။

မွန်းကေရီ၏ မိဘများက သူ့ကိုငယ်စဉ်ကပင် ဂျပန်ရှိ ဦးလေးထံတွင် နေထိုင်စေပြီး ပညာသင်ကြားစေသည်။ ထို့မှတစ်ဆင့် ကိန်းဘရစ်(ချ်)တက္ကသိုလ်တွင် ပညာသင်ပြီး ဘွဲ့ရခဲ့သည်။ ငယ်စဉ်ကပင် နိုင်ငံခြား၌ ကြီးပြင်းခဲ့သူမို့ မြန်မာယဉ်ကျေးမှုနှင့် ကင်းကွာခဲ့သည်။ မိဘနှစ်ပါး ကွယ်လွန်ချိန်တွင် သူ့အတွက် သေတမ်းစာတစ်စောင် ထားရစ်ခဲ့သည်။

သူတို့ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းအားလုံးကို မွန်းကေရီသာ ပိုင်ဆိုင်ခွင့်ရှိသည်။ ပညာပြည့်စုံသည့်အပြင် မိဘများ ထားရစ်ခဲ့သော စီးပွားဥစ္စာဖြင့် ဘီလျံနာဖြစ်ခဲ့သည်။ ပညာ၊ ဥစ္စာအပြင် ကြင်ယာအဖြစ် ကံထူးမောင်ကို ရွေးချယ်ထားပေးခဲ့သည်။ မွန်းကေရီ တပါးပါးကျွန်းရောက်မှ ကံထူးမောင်ဆိုသည့် အရုပ်တစ်ရုပ်ကို မြင်ဖူးခြင်းဖြစ်သည်။







# အခန်း ( ၄ )

ဥမင်ကားလမ်းတစ်ခုတွင် ချစ်ဦးမောင်တို့ ဆရာတပည့်နှစ်ယောက် ရောက်နေသော့ကားများ အသစ်လဲနေသည်။ တာတိုအဝင်ဂိုမ်းခေါင်းသံကို အဝေးကကြားရသည်။ နီနီရဲရဲဗြိုင်ကားလေးတစ်စီး၊ ဒီကျွန်းပေါ်မှာ ဒီတစ်စီးသာရှိသည်။

"ဟာ . . ဟိုနေ့က ကား"

"သတိ . . အန္တရာယ်ရှိသည်" စာတမ်းပါသည့်မ်းတားတစ်ခုကို ချစ်ဦးမောင် လမ်းပေါ်ဆွဲတင်သည်။

ကားကလေး စက်ရှိန်လျှော့၍ ရပ်လိုက်သည်။ ချစ်ဦးမောင်က်ထဲမှာ ပိုက်ကိုက်ကြီးကိုင်ပြီး ကားနားသို့ကပ်သွားသည်။ ်ကျာကင်လက်ပြတ်ကို ဝတ်ထားပြီး မျက်နှာမှာ ဆီချေးတွေကျံလို့ သူ့ပုံက အာနီးရှာဝါဇင်နက်ဂါပုံစံမျိုးဖြစ်နေသည်။

မွန်းကေရီ သူ့ကိုအထင်သေးသည့်မျက်လုံးဖြင့် ကြည့်လိုက်သည်။ ကားတံခါးကို ခပ်ဟဟဖွင့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

ချစ်ဦးမောင်က သူ့ကားနားကိုတိုးကပ်လာပြီး

"ဟို .. နေ့က မင်းလုပ်လိုက်တာ"

မှန်းကေရီ ခုမှ သတိရကာ စိုးရိမ်စိတ်က ဝင်လာသည်။ ဟိုနေ့က ရေသန့်ဘူးနဲ့ ပေါက်ခဲ့တာကို တုန့်ပြန်လိုက်ရင်တော့ အခက်၊ သူ ကားတံခါးကို အရင်စလိုပိတ်လိုက်ကာ ကားဘီးကို လှိမ့်ထွက်သည်။ ကားတံခါးတွင် ချစ်ဦးမောင် အကျီကြည့်နေ သည်။

"ဟော့ .. ဟော့ နေဦးလေ။ ငါ့ကားတောင် မဆုံး .. မဆုံ"

ကားက အရှိန်ရနေပြီ။ ချစ်ဦးမောင်ကို ဆွဲထားသလို ဖြစ်နေ သည်။ သူမကားကို လီဗာနင်းလိုက်သည်။ ကားနောက်ကို ခွတ် တိုက်ပါမသွားအောင် အတင်းပြေးလိုက်နေရသည်။ မငြိမ့်ငြိမ် သည် အဆုံး ကားနှင့် ခွတ်တိုက်ပါသွားသည်။





"ဟော့ .. ရပ် .. မင်းခု ရပ်ပေးစမ်း"

မှန်းကေရီက မရပ်သည့်အပြင် လီဗာကို ဖိပြီးနင်းသည်။ ချစ်ဦးမောင်တပည့်က လှမ်းအော်သည်။

"ဆရာ .. ဆရာ့အကျီချွတ်ပစ်လိုက်"

ချစ်ဦးမောင် သူ့တပည့်လေးအော်လိုက်မှ သတိရပြီး ဂျင်းဂျာကင်ကို အမြန်ချွတ်သည်။ ဂျာကင်က ကားနောက်ပါသွား ပြီး လှုကကျန်ခဲ့သည်။

ချစ်ဦးမောင် ဒေါသအရမ်းထွက်နေပြီး လက်ထဲကပိုက်ကိုက် ကြီးနှင့် ကားကိုလှမ်းပစ်လိုက်သည်။ ကားကိုမထိဘဲ သူ့ပိုက်ကိုက် ကြီးသာ လမ်းဘေးရေမြောင်းထဲ ပြုတ်ကျသွားသည်။

"တောက် ... ငါ့ပစ္စည်းတော့ဆုံးပါပြီ။ မင်း ထမင်းဝအောင် စားထားအုံး။ နောက်တစ်ခါတွေ့လို့ကတော့ မင်းကို အမှုန့် ကြိတ်ပစ်မယ်ဟေ့"

ချစ်ဦးမောင် ဒေါ့ဒေါ့ခုန်ကျန်ခဲ့သည်။





www.burmeseclassic.com

# အခန်း ( ၅ )

**မျှထရယ်ကားစက်ရုံ**

ဒီဇယ်၊ ဓါတ်ဆီ၊ အီသိုင်။ သဘာဝဓါတ်ငွေ့၊ ရေ ကြ... မည်သည့်အရည်မှ လောင်စာအဖြစ်မသုံးဘဲ သဘာဝ စွ... နေရောင်ခြည်ဆိုလာစစ်စတမ်သုံးသည့်ကားစက်ရုံ။

စက်ရုံတွင်းသို့ သူဌေးမ မွန်းဇာကရီဝင်လာသည်။ ... ဝန်ထမ်းအားလုံး ပြုံးတုခါးကုန်းလိုက်ကြသည်။ စက်ပစ္စည်း... တပ်ဆင်သည့်နေရာတွင် မလေး။ ထိုင်း။ ဂျပန်၊ ဖိလစ်ပိုင် ... ပြည်ပလုပ်သားများစွာရှိသည်။ စက်ရုံမန်နေဂျင်းက မော... အသင့်ဖြစ်နေသည့် ကားတစ်စင်းကို မောင်းနှင်ပုံနှင့် ထ... ကီလိုမည်မျှ မောင်းနှင်နိုင်သည်တို့ကို အာဘောင်အာရင်း...





နှင့် ရှင်းပြသည်။ ကားတစ်စင်းလုံး အထိန်းလက်ကိုင်ဘီး၊ ဂီယာ၊ လီဗာ၊ ကလပ်၊ ဘရိတ်လုံးဝမပါ။ ကွန်ပျူတာကီးဘုတ်လို ဒစ်ဂျစ်တယ်စက်ခလုတ်သာ ပါဝင်သည်။ ကမ္ဘာကျော် ကားစက်ရုံများဖြစ်သည့် ဖို့ဒ်၊ မာစီးဒီး၊ ဘီအမ်ဒဗလျူ၊ အော်ဒီ၊ တိုယိုတာကား စက်ရုံများ၌ပင် သည်လိုနည်းပညာမျိုးမရှိသေး။

"စတီယာရင် မပါလို့တော့ မဖြစ်ဘူး။ အရက်မူးနေတဲ့ ဒရိုင်ဘာက ဒစ်ဂျစ်တယ်ခလုတ်ကို မှားပြီးနှိပ်လိုက်ရင် အကုန်သေကုန်မှာ။ မျှထရယ်ကားစက်ရုံ ချက်ချင်းဒေဝါလီခံရမယ်။ စတီယာရင် ပြန်တပ်ပါ"

သဘော်မီးလုံးလို ထိန်ထိန်လင်းနေသည့် အလုပ်သမားများ၏ မျက်နှာများက ဖိုးရိုးဝပ်မီးလုံးလို မှေးမှိန်သွားသည်။

"ဒီလိုရှိပါတယ် သူဌေး၊ မျှထရယ်ကားမှာတဲ့နိုင်ငံတွေကို ဒီက ပညာရှင်တစ်ယောက်စီလွှတ်ပြီး ဆိုလာကားမောင်းနှင်နည်းကို တစ်ပတ်လောက်သင်တန်းပေးမယ့် ဝန်ဆောင်မှုတစ်ခုပါ စီစဉ်ထားပါတယ်"

မွန်းဇာကရီ ခေါင်းကိုတွင်တွင်ခါလိုက်ပြီး ...

"တပ်ဆိုရင် ပြန်တပ်လိုက်ပါ"

မွန်းဇာကရီ သူ့လက်ချောင်းသွယ်လေးဖြင့် ပွန်းပုံဖါသည့် ခလုတ်ကို နှိပ်လိုက်သည်နှင့် အသံထွက်လာသည်။

"နင့်ကိုငါချစ်မယ်။ ငါ့ကိုနင့်ချစ်မလား .. ဟား .. ဟား"

"အု .. အု .. အု အား"

ခလုတ်ကို ပြန်နှိပ်တော့ အသံတိတ်သွားသည်။

"နီး .. နီး .. နီးခွတ်(ဒ်) .. ဘဲရီးဖူးလစ်ရှ်"

စက်ရုံလုပ်သားတွေ မျက်လုံးပြူးကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မိုက်မဲမှုပဲ။ ကာစတာန်မာက ဟွန်းတီးလိုက်လို့ ကိုယ်ကြိုက်တဲ့သီချင်းဖြစ်နေရင် လူတိုင်း သီချင်းဆုံးအောင် နားထောင်မယ်။ အားအားရှိတိုင်း ဟွန်းတီးနေရင် ဘတ္တရီမှာ သိုလှောင်ထားတဲ့ အင်နာဂျီတွေ ကုန်ပြီး ကားမောင်းလို့ မရတော့ဘူး။ ဒီတော့ မှုထရယ်ကား နာမည်ပျက်မယ်"

အားလုံး ငိုမဲ့မဲ့ဖြစ်နေကြပြီ။

"အင်နာဂျီ အလဟဿ မဆုံးရှုံးရအောင် ကားရှေ့မှာ ခေါင်းလောင်းတစ်ခုကို ဒီဖိုင်းလှလှလေးနဲ့ ချိတ်ဆွဲပေးရမယ်။ ဟွန်းတီးချင်ရင် ဒရိုင်ဘာက ကြိုးဆွဲလှုပ်လိုက်ရုံပဲ။ မကောင်းဘူးလား။ ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်ပါ .. ဒါပဲ"

မှန်းကောရီ သူပြောချင်ရာပြောပြီး စက်ရုံတွင်းမှ ထွက်ခွာသွားသည်။ စက်ရုံမန်နေဂျင်းမှ လုပ်သားများကို စိတ်ငြိမ်ဆေးတော်ယောက်တစ်လုံးစီ လိုက်ဝေပေးရတော့သည်။ ကားဟွန်းခလုတ်ကို မည်သူနှိပ်လိုက်သည်မသိ။ ဟွန်းမြည်သံ ထွက်လာသည်။

"ရင်မှာ ခံစားသူမမြင်နိုင်ပေ။ ဒီဒဏ်ရာများ လူတွေ မသိနိုင်ပေ။ ကိုယ့်ရဲ့အသည်းထဲက အတွင်းကြေ .. အတွင်းကြေ"

စက်ရုံလုပ်သားများလည်း အတွင်းကြေကြေကုန်ကြသည်။





# အခန်း ( ၆ )

ငွေနန်းဖြူအမည်ရှိ ဖိမ်ခံသင်္ဘောကြီးပေါ်တွင် ချစ်ဦးမောင်ရောက်နေသည်။ သင်္ဘောပေါ်ရှိ ပိုက်ဟောင်းများနေရာတွင် အသစ်တပ်ဆင်နေခြင်းဖြစ်သည်။ သူ့တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေသည်။ အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်ပြီး ပိုက်ဟောင်းတွေဖြုတ်လိုက်၊ အသစ်ပြန်တပ်လိုက်နှင့် အချိန်အတော်ကြာသွားသည်။ လုပ်ငန်းပြီးဆုံးသည်နှင့် အတွင်းရေးမှူးကိုဦးမောင်က ပိုက်များကို စစ်ဆေးသည်။ ပြီးမှ ချစ်ဦးမောင်ကို ကျသင့်ငွေများကို ရှင်းပေးလိုက်သည်။

"အားလုံး အိုကေတယ်နော်"

www.burmeseclassic.com



ကိုဦးမောင် ခေါင်းညိတ်ပြလိုက်ပြီး

"ကျေးဇူးတင်ပါတယ်။ နောက်လည်း လိုအပ်ရင် ဆက်သွယ်ပါ့မယ်"

ချစ်ဦးမောင် ရေချိုးခန်းထဲတွင် ခြေလက်ဆေးပြီး ပြန်ထွက်လာသည်။ ရေချိုးခန်းတံခါးဖွင့်အထွက်၊ အနီရောင်ဖက်ရှင်ဝတ်စုံ ဝတ်ထားသည့် မွန်းကေရီနှင့် မျက်နှာချင်းဆိုင်လာတိုးနေသည်။ သူမက နှာခေါင်းရှုံ့လိုက်ပြီး အဖက်မတန်သည့်ပုံဖြင့် ပိုက်များကို လိုက်ကြည့်နေသည်။

"ဒီဂလောက်တန်ဖိုးကြီးတဲ့သင်္ဘောမှာ အမျိုးအစားညံ့တဲ့ပိုက်တွေ တပ်ရသလား .. ကိုဦးမောင်"

ကိုဦးမောင် အသံကြားရာအရပ်က အပြေးရောက်လာသည်။

"အမိန့်ရှိပါ ကေရီ"

"ဒီပိုက်တွေ ဘယ်သူတပ်တာလဲ"

ကိုဦးမောင်က ချစ်ဦးမောင်ဘက်သို့ လက်ညှိုးထိုးပြီး

"သူ တပ်တာပါ"

ချစ်ဦးမောင်ကိုအထင်သေးပုံမျိုးနှင့်ကြည့်ပြီး

"အဲဒါကြောင့် မကောင်းတာ"

ချစ်ဦးမောင်က မကျေနပ်။

"ကျုပ်ကလည်း ခင်ဗျားသင်္ဘောမှန်းသိရင် လုံးဝမလုပ်ဘူး"

မွန်းကေရီက သူ့စကားကြောင့် ဆတ်ဆတ်ခါနာသွားသည်။

"ဒီကလည်း ရှင့်လိုလူမျိုးကို လုံးဝမခိုင်းဘူး .. ကဲဟယ် ကဲဟယ်"

"ခွမ်း .. ခွမ်း .. ခွမ်း"





အနီးရှိ ပိုက်ကိုက်တစ်ချောင်းကိုယူလိုက်ပြီး ပိုက်များကို စိတ်ရှိလက်ရှိ ရိုက်ခွဲပစ်နေသည်။ မောသွားတော့မှ ...

"ဒီပိုက်တွေ အကုန်လုံးပြန်လဲပစ်မယ်"

"ကဲဟယ်"

"ခွမ်း"

ပါးစပ်ကပြောရင်းနှင့် လက်ထဲကပိုက်ကိုက်ကို ရေထဲပစ်ချလိုက်သည်။ သူ့ရှေ့က ပစ္စည်းသေတ္တာကို ကောက်ယူလိုက်ပြီး ရေထဲသို့ သပ်ပြီး ပစ်ချသည်။

"သွား .. အကုန်လုံးရှင်းပစ်တာ ကောင်းတယ်"

"ဟာ ... မင်း .. မင်း ဘယ်လိုလုပ်လိုက်တာလဲ။ ဒါ လုပ်ရရင်တော့ကွာ"

"ချစ်ဦးမောင် ဒေါသတကြီး သူ့အနား တိုးကပ်လာသည်။ မွန်းကေရီက အပြုံးမပျက်။

"ကိုဦးမောင် သူ့ပစ္စည်းတန်ဖိုးကို လျော်ပေးပြီး ပြန်ခိုင်းလိုက်"

ကိုဦးမောင် ချစ်ဦးမောင်ကို ကျသင့်ငွေထုတ်၍ ရှင်းပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၇ )

ငွေငန်းမြူက ရေပြင်ကို ထိုးခွဲပြီး အမြန်နှုန်းဖြင့် ကူးခတ်နေသည်။ သင်္ဘော၏ ဧည့်ခန်းဆောင်တွင် ကံထူးမောင်နှင့် မှုန်းကေရီတို့ အတူရှိနေကြသည်။ ကံထူးမောင်က ကြက်သွေးရောင်ယှန်မွေးအွယ်တာကို မှုန်းကေရီ၏ ပခုံးပေါ် ယုယစွာခြုံပေးပြီး

"ကေရီ .. ကိုယ်တို့ ဒီအတိုင်းနေသွားတော့မှာလား"

မှုန်းကေရီ ဂျစ်ပစီကိုပွေ့ချီပြီး တယုတယပွတ်သပ်ပေးနေသည်။

"ကံထူးမောင် .. ခုချိန်ထိ ကျွန်မရင်ထဲမှာ ဘာမှမရှိသေးတဲ့ ဒီစကားတွေအထပ်ထပ်မပြောပါနဲ့။ ကျွန်မ ခံစားလို့ရတဲ့အချိန်ကျရင် ရှင့်ကိုပြောမယ်"

မှုန်းကေရီစကားတွေက တိုတောင်းပြတ်သားလွန်းသည်။





ကံထူးမောင်ကိုယ်တိုင်လည်း သူမကို ဘယ်နှစ်ကြိမ်ပြောက် ချစ်ခွင့်ပန်ခြင်းမှန်းမသိ။ စည်းစိမ်ဉစ္စာတွေ ခံစားနေရသော်လည်း ဘီးတပ်ကုလားထိုင်ပေါ်ကလူလို ခံစားနေရသည်။

မိဘများ စီမံထားခဲ့သော ကံထူးမောင်နှင့်အတူ ရှိနေသော်လည်း ရေခဲရုပ်ထုလို လူတစ်ယောက်က မှုန်းကေရီကို နွေးထွေးမှုပျော်ရွှင်မှု မပေးနိုင်ချေ။ ခွေးဘီလူးကြီး ဂျစ်ပစီကသာ သူ့အတွက် အဖော်ဖြစ်လေသည်။

မှုန်းကေရီ စိတ်ပျက်လက်ပျက်ဖြင့် ဂျစ်ပစီကိုချီပြီး သင်္ဘောဦးပိုင်းကို ထွက်ခဲ့သည်။ သင်္ဘောဦးပိုင်းမှာထိုင်ရင်း ပင်လယ်လေအထိအတွေ့ကြောင့် မှုန်းကေရီစိတ်တွေ လန်းဆန်းလာသည်။ ကောင်းကင်ကို မော့အကြည့် ရောင်စုံမီးလုံးတွေ တဖိတ်ဖိတ်လက်နေသည်။ ဂျစ်ပစီဘာကိုမြင်သည်မသိ။ သူ့ကိုယ်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ကုန်းပတ်ပေါ်လျှောက်ပြေးနေသည်။

"ဂျစ်ပစီလာခဲ့ .. လာ .. လာ"

ဂျစ်ပစီလှည့်၍ပင်မကြည့်။ ပျံနေသော ငှက်ကလေးကို ခုန်ပေါက်၍ လိုက်ဖမ်းနေသည်။

"ဒီကောင်တော့ ဒုက္ခပါပဲ"

မှုန်းကေရီ နှုတ်ကညည်းရင်း ထိုင်ရာမှထသည်။ ဒေါက်ဖိနပ်ကြောင့် ကုန်းပတ်ပေါ် ခြေချော်သည်။ ဟန်ချက်ကိုပြန်ထိန်းရင်း ဂျစ်ပစီကို လိုက်ဖမ်းသည်။ မိလုမိခင်မှာ ဒေါက်ဖိနပ်ခွာချော်ပြီး သင်္ဘောအပြင်ဖက်သို့ အရှိန်လွန်ကျသည်။ ကြောက်အားလန့်အားဖြင့် မိရာကိုလှမ်းဆွဲသည်။ ကံအားလျော်စွာ သင်္ဘောလက်ရန်းကို ဆုပ်ကိုင်မိသည်။ လူတစ်ကိုယ်လုံး သင်္ဘောအပြင်ဘက်မှာ တွဲလွဲကြီး။ သူအသံကုန်အော်၍ အကူအညီတောင်းသည်။

www.burmeseclassic.com



လေသံ၊ လှိုင်းသံ၊ အင်ဂျင်စက်သံတွေကြောင့် သူ့အော်သံကို မည်သူမျှမကြားရ။ သူအားယူပြီး ကုန်းပတ်ပေါ်တက်ဖို့ ကြိုးစားသည်။ ကြိုးစားမှုက အချည်းနှီးပင်။ ကြာတော့ လက်အံ့သေလာပြီ။ သူ့မျက်လုံးကို စုံမှိတ်ထားသည်။ လက်ချောင်းလေးတွေက သူ့ကိုယ်အလေးချိန် ကို ထိန်းမထားနိုင်တော့။ နောက်ဆုံး သူ့လက်တွေပြေလျော့သွားပြီး ပင်လယ်ထဲကို ပြုတ်ကျသွားသည်။

မွန်းကေရီ သူ့ကိုယ်သူ သေလူအဖြစ် စိတ်လျော့လိုက်သည်။

"ငါသေရတော့မယ်။ သေပြီးရင် ငါမရှိတော့ဘူး။ သေတာလည်း မဆန်းဘူး"

မွန်းကေရီ စိတ်ကတွေးရင်း ရေထဲသို့ တဖြည်းဖြည်းချင်း နစ်မြုပ်သွားသည်။







# အခန်း ( ၈ )

မော်ဒယ်နီမှိုတိုယိုတာလင့်ခရုဇာကားလေးတစ်စီး ဆိပ်ကမ်းအားမှာ ထိုးရပ်လာသည်။ ကားပေါ်မှ ချစ်ဦးမောင်နှင့် သူ့တပည့် ဆင်းလာသည်။ ချစ်ဦးမောင် သူ့သေတ္တာနှင့် ပိုက်ကိုက်ကျသွားရာ နေရာကို မှန်းဆကြည့်နေသည်။

"ဂျက်တီရဲ့ညာဖက် သဘော်နဲ့ခြောက်ပေလောက်အကွာဆိုတော့ ဟိုနားလောက်မှာ ဖြစ်နိုင်တယ်"

"ဆရာချစ် ဘာတွေရှာနေတာလဲ .. ငွေထုပ်ပြုတ်ကျသွားပြီလား"

"ငွေထုပ်မဟုတ်ဘူးကွ။ ငွေသေတ္တာ။ ငွေသေတ္တာ"

ချစ်ဦးမောင် မွန်းကေရီဆိုသော "မိမ" နှင့် ထိုနေ့က ဖြစ်ပျက်များကို ပြောပြလိုက်သည်။

"ဟာ ဆရာကလည်း ပစ္စည်းဖိုးတွေ အလျော်ရပြီးမှပဲ အသင့်ယ်လိုက်ပေါ့။ ဘာလုပ်ဖို့ ရေထဲဆင်းရှာမှာလဲ"

"မင်းကလည်း အမြင်နည်းလိုက်တာ။ ငါက ငါ့ပစ္စည်းပဲ မြတ်နိုး

တယ်၊ အခုဆင်းရာလို့ ပြန်တွေ့ရင် ငါ့ပဲ့ပွည်းလည်း ပြန်ရ ပစ္စည်းလို့ လည်းရ၊ သားရွှေအိုးထမ်းပေါ့ကွာ .. ဟင်း .. ဟင်း''

သူ့တပည့် ပါးစပ်ဟဟချိန်မရလိုက်။ ချစ်ဦးမောင် ရေထဲသို့ ခုန်ဆင်းလိုက်သည်။

ရေပြင်တစ်ခုလုံး ဂယက်ထသွားပြီး ပလုံစီတွေတက်လာသည်။ အတန်ကြာတော့ ရေပြင်ငြိမ်သက်သွားသည်။ ချစ်ဦးမောင် ရေအောက်ကြမ်းပြင်တွင် လက်နှင့်လျှောက်စမ်းသည်။ သံချောင်း ရှည်ရှည်တစ်ခုကို လက်ကစမ်းမိသည်။ သူဝမ်းသာသွားသည်။

''ဟော .. တွေ့ပြီ .. ပိုက်ကိုက်''

သူ့အကျီရင်ဘတ်ထဲသို့ ထည့်လိုက်သည်။ တစ်ခုပြီးတစ်ခု ရှာတွေ့သည်။ ဝမ်းသာအားရဖြင့် အကျီထဲသို့ ထိုးထည့်သည်။ ပလာယာ၊ ဝက်အူလှည့်၊ တူ စုံသလောက်ရှိပြီ။ ဘောင်းဘီအေး အိတ်ထဲ ထိုးထည့်လိုက်ပြီး ရေပေါ်ပြန်တက်ဖို့ အားယူပြီး ခြေပြင် ကို ကန်တက်လိုက်သည်။ နည်းနည်းမျှမလှုပ်။ ရေအောက်ကြမ်းပြင် နှင့် ကပ်နေသည်။ အကြိမ်ကြိမ်ကြိုးစားသော်လည်းမရ။ တဖြည်း ဖြည်းရေမွန်းလာပြီးနောက်တော့ .... ။

ချစ်ဦးမောင်တပည့် ''တောက်တောက်'' တစ်ယောက် ဆိပ်ကမ်းတစ်လျှောက် ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက် လုပ်နေစဉ် ဆိပ်ကမ်းရဲရောက်လာသည်။

''အားကစားလေ့ကျင့်နေတာမဟုတ်လောက်ဘူး၊ ဘာဖြစ်နေ တာလဲ''

''ဟာ .. ဆရာလုပ်ပါဦး၊ ကျွန်တော့်ဆရာ ရေထဲဆင်းသွား ပြီး၊ ပြန်ပေါ်မလာလို့''

ဆိပ်ကမ်းရဲက အရေးပေါ်ဌာနကို လက်ကိုင်ဖုန်းဖြင့် ဆက်သွယ် လိုက်သည်။ သိပ်မကြာလိုက်၊ ဥဩသံဆူညံစွာဖြင့် လူနာတင်ယာဉ် တစ်စီး အမှတ် (၁၃) ဆိပ်ခံတံတားထိပ်မှာ ရပ်လိုက်သည်။





# အခန်း ( ၉ )

ဆေးရုံ၏ အရေးပေါ်ဌာနတွင် အလုပ်ရှုပ်နေကြသည်။ လူနာ တင်ယာဉ်အဖုံးဖွင့်ပြီး ရေစိုရွှဲနေသည့်လူနာကို တွန်းလှည်းပေါ်သို့ တင်သည်။ တွန်းလှည်းကို အရေးပေါ်ဌာနသို့ တွန်းသွားသည်။ လူနာခုတင်ပေါ်ရောက်တော့ လူနာ၏အကျီနှင့်ဘောင်းဘီ တဆက် ည်းဝတ်စုံကို ချွတ်သည်။ ရေလုံအကျီထဲမှ ရေတွေ ဝေါခနဲ က်ကျလာသည်။ အကျီရင်ဘတ်ထဲမှ ပိုက်ကိုက်ကြီးထွက်လာ ည်။ ဘောင်းဘီအိတ်ထဲမှ တူတွေ၊ ပလာယာတွေ၊ ဝက်အူလှည့် တွေ ထွက်လာသည်။ ဆရာဝန်ကြီးက ဆရာမများကို ပြုံးစိစိနှင့် မ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူဟာ သူ့ကိုယ်သူသေကြောင်းကြံတာ ဖြစ်နိုင်တယ်"

ချစ်ဦးမောင် သတိရလာတော့ သူ့အသက်ရှင်နေသည်ကို အံ့ဩ စွာတွေ့ရသည်။

"ငါရေထဲကအပေါ်ပြန်တက်လို့မှမရတာ။ ဘယ်လိုလု ဒီရောက်လာတာလဲ"

သူတွေးနေတုန်းမှာ ဘေးနားကအသံထွက်လာသည်။

"ဒါက ဘယ်နေရာလဲ။ ငါက ဒီမှာ ဘာလုပ်နေတာလဲ။ ဒ ဘယ်သူလဲ။ ရေဆာတယ်ဟေ့ .. ရေ"

အနားမှာကပ်ပြီး ဒီစကားကို ထပ်ခါထပ်ခါ ပြောနေသူ ချစ်ဦးမောင် စိတ်တိုလာသည်။ ရုတ်တရက် ခန်းဆီးကိုဖွင့်ပြီး ကြ လိုက်သည်။ အံ့ဩစိတ်ဖြင့် ဘာပြောရမှန်းမသိ။ ခန်းဆီးကိုပြန် လိုက်ပြီး ရင်ဘတ်ကိုဖိနေမိသည်။

"ဘုရား ... ဘုရား"

တိုက်တိုက်ဆိုင်ဆိုင်မှ တွေ့ရတာတ်ပလေ မှန်းကောရီရယ်

"ဒီလူနာက ဆေးရုံဆင်းလို့ရနေပြီ။ အိမ်ကဘယ်သူ မလာဘူးလား"

"ဘယ်သူမှမရှိဘူး"

"နေတာကရော"

"ဒီဆေးရုံပေါ်မှာလေ"

"နာမည်"

"နာမည်ဆိုရင်တော့ နာခေါင်းပိတ်ထားရုံပဲ"

ဆရာမစိတ်ရှုပ်သွားသည်။ ချစ်ဦးမောင် တစ်ဘက်ခန်း ဝင်သွားပြီး ...





"ဆရာမ .. အဲဒါ ကျွန်တော့်လူနာပါ"

ဆရာမက ဆေးရုံဝတ်စုံနှင့် ချစ်ဦးမောင်ကို သေသေချာချာ ကြည့်သည်။

"ရှင်ကရော လူနာမဟုတ်လား"

"မဟုတ်ဘူး။ ဟုတ်ပါတယ်။ သူက ကျွန်တော့်ချစ်သူပါ။ အခု သူသတိမေ့နေလို့"

မှန်းကောရီက ချစ်ဦးမောင်ကို မော့ကြည့်ပြီး ပါးစပ်က တိုးတိုး လေး ဆိုကြည့်နေသည်။

"ကျွန်တော့်ချစ်သူ .. ကျွန်တော့်ချစ်သူတဲ့"

ချစ်ဦးမောင်၏တပည့် တောက်တောက် ရောက်လာသည်။

"မနက်ဖြန်ဆို ဆင်းရမယ်"

"တောက်တောက် .. ဟိုမှာကြည့်စမ်း"

ချစ်ဦးမောင် ခန်းဆီးကိုဖွင့်လိုက်ပြီး မှန်းကောရီကို လှမ်းပြသည်။

"ဟာ .. ဒါ ဆရာ့ကို ပညာပေးသွားတဲ့ မိန်းမ မဟုတ်လား။ ဘယ်လိုဖြစ်လာတာလဲ"

"ဘာဖြစ်သလဲတော့ မသိဘူးကွာ။ သူ့ကိုလာကြည့်မယ့်သူလဲ မရှိ။ ဘယ်ကိုပြန်ရမှန်းလဲမသိ။ ပိုဆိုးတာက သူ့နာမည်တောင် သူမသိတော့ဘူး"

"သူ့ကို ငါ့ချစ်သူလို့ ပြောထားတယ်။ အဲဒါ ငါဆေးရုံဆင်းတာ နဲ့ သူ့ကိုတပါတည်းခေါ်သွားရင် ကောင်းမလားလို့"

တောက်တောက် မျက်လုံးအစုံပြူးကျယ်သွားပြီး ခေါင်းကို ခါရမ်းနေသည်။

"ဟာ .. ဆရာ ပြဿနာကြီးဦးခေါင်းကိုင်ထားရသလို ဖြစ်နေ မယ်။ သူ့ထိုက်နဲ့သူ့ကံ သွားချင်ရာသွားပစေပေါ့ဗျာ"

www.burmeseclassic.com



"မဖြစ်သေးဘူးကွ။ ဒီလိုအခွင့်အခါကြုံတုန်း သူငါ့ကို ဒုက္ခပေးခဲ့သမျှ ပြန်ပြီးပေးဆပ်ရမယ်"

"ဆရာ သေသေချာချာစဉ်းစားနော်။ နောက်မှ မှားမှန်းသိနေမယ်။ လူတစ်ယောက်ရဲ့ စားစရိတ်ကိုတွက်၊ ဆရာ ဘယ်လောက်ကျွေးထားနိုင်မလဲ"

လူတစ်ယောက်စားစရိတ်ဆိုသည့်အသံကြောင့် ဆားနှင့်တွေ့သောတီကောင်လို ချစ်ဦးမောင်တွန့်သွားသည်။

ချစ်ဦးမောင် ဆေးရုံဆင်းဖို့ တောက်တောက်လာကြိုသည်။ ချစ်ဦးမောင် သံယောဇဉ်မကုန်သလို ခန်းဆီးကို ဖွင့်ကြည့်သည်။ မွန်းဧကရီ မျက်လုံးမှိတ်ထားသည်။ တောက်တောက်က ချစ်ဦးမောင်လက်ကို အတင်းဆွဲခေါ်သည်။

"သွားကြမယ်ဆရာ။ အမျှင်တန်းမနေနဲ့တော့"

တုံ့ဆိုင်းတုံ့ဆိုင်းနှင့် တောက်တောက်နောက်သို့ ပါသွားသည်။ ချစ်ဦးမောင် ဆေးရုံအဝမှာ တုန့်ခနဲရပ်လိုက်သည်။ တောက်တောက်တွေဝေသွားသည်။

"မင်းစဉ်းစားကြည့်ကွာ တောက်တောက်"

အရေးထဲသူ့ဆရာက စဉ်းစားခိုင်းနေပြန်သည်။

"ဘာကို စဉ်းပြီးစားရမှာလဲဆရာ"

"မင်းတွေးကြည့်ကွာ။ သူ့ထိုက်နဲ့သူ့ကံ ဖြစ်ချင်ရာဖြစ်ထားခဲ့ရင် သူ့ဒုက္ခရောက်မှာကွ"

"သူရောက်တာ ဆရာရောက်တာမှမဟုတ်တာ"

"မမြင်ကွယ်ရာမှာ ဒုက္ခရောက်ရမယ့်အတူတူ သူ့ကိုခေါ်သွားရင် အသုံးဝင်တယ်ကွ"

"ဗျာ .. မဖြစ်ဘူးထင်တယ်"





"ဟာ မင်းက တလွဲတချော်တွေးနေပြန်ပြီ။ သူရှိနေရင် ချက်တာပြုတ်တာ၊ လျှော်တာဖွတ်တာ ငါတို့မလုပ်ရတော့ဘူး။ ငါတို့မျက်စိရှေ့မှာပဲ ဒုက္ခပေးတာပဲကောင်းမယ်"

ချစ်ဦးမောင်စကားကို တောက်တောက်သဘောကျသွားသည်။ သူက ချက်ပြုတ်လျှော်ဖွတ်ပျင်းသူ ...

"သဘောတူတယ်ဆရာ .. ခေါ်သာခေါ်ခဲ့ပေတော့"

သူတို့နောက်ကြောင်း ပြန်လှည့်ကြသည်။ ဆေးရုံအုပ်ကြီးနှင့်တွေ့ဆုံပြီး မွန်းဧကရီကို သူတို့ပြန်ခေါ်ဖို့ တာဝန်ကျဆရာမနှင့် အခန်းရှိရာသို့ ဝင်လာကြသည်။

"ဒါနဲ့ သူ့နာမည်က"

ချစ်ဦးမောင် ပါးစပ်ထဲရှိရာ နာမည်တစ်ခုကို ပြောလိုက်သည်။

"ဆန်းဒေဝီ"

"ကဲ .. ဆန်းဒေဝီ။ ရှင် သူတို့နဲ့ တစ်ခါထဲလိုက်သွားပါ"

"သူနဲ့ငါက ချစ်သူတွေတဲ့။ ဟုတ်ရောဟုတ်ပါ့မလား။ ငါ့နာမည်က ဆန်းဒေဝီတဲ့။ တောဆန်လိုက်တာ"

မွန်းဧကရီ သူတို့နှင့် လိုက်ပါသွားတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၀ )

"ငွေငန်းဖြူ" ကရေပြင်ပေါ်မှာ ဝိုင်းကြီးပတ်ပတ်လည်ပြီး မှန်းဝေကရီကို ရှာဖွေနေကြသည်။ သင်္ဘောဦးပိုင်းလက်ရန်းနားတွင် သူဌေးကံထူးမောင်နှင့် အတွင်းရေးမှူးကိုဦးမောင်တို့ ရေပြင်ကို ငေးကြည့်နေကြသည်။

"သူဌေး ဒီလောက်အချိန်ကြာမှတော့ သူ့လူလောကမှာမရှိတော့ဘူးထင်တယ်"

သူဌေးကံထူးမောင်၏ မျက်နှာပေါ်ရှိ အရေးအကြောင်းများ အိကျလာပြီး ...

"ဝတ္တုရားရှိသရွေ့တော့ ရှာရဦးမှာပဲကိုဦးမောင်ရေ"

ဒိုက်ဗာများ ရေပေါ်ပြန်တက်လာကြသည်။ သူတို့ ခါးကုန်းလိုက်ကြပြီး ...





"ဘာ အစအနမှ ရှာလို့မရဘူးသူဌေး။ ကျွန်တော်တို့ ရှာတာနဲ့သွားပြီ"

"ဒီနေ့အဖို့တော့ ဒီလောက်ပါပဲကွာ"

သူဌေးကံထူးမောင်တို့ စိတ်ပျက်အားလျော့ပြီး ပြန်သွားကြသည်။

ဆန်းဒေဝီ ချစ်ဦးမောင်အိမ်ထဲကိုကြည့်ပြီး စိတ်ပျက်သွားသည်။ ဖုန်တက်နေသော ဆိုဖာဆက်တီများ။ စုပုံထားသောအဝတ်များ။ ထမင်းစားပြီးမဆေးဘဲ ပုံထားသောပန်းကန်များက သူ့ကိုဆီးကြိုနေသည်။ ဆက်တီရှိ ဖုန်များကို ခါထုတ်လိုက်စဉ် ဖုန်မှုန့်များက ပါးစပ်နှင့်နှာခေါင်းထဲသို့ အလုံးလိုက်ဝင်သည်။

"အဟွတ် .. ဟွတ် .. ဟွတ် .. ဟွတ်"

"ဩ ဒီလိုလူမျိုးနဲ့ပတ်သက်ခဲ့တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

ဆန်းဒေဝီ ရေခဲသေတ္တာကိုဖွင့်သည်။ အူဟောင်းလောင်းဖြစ်နေသည့် သေတ္တာထဲက ရေသန့်ဘူးကို ထုတ်ယူပြီး မော့သောက်လိုက်သည်။

"ဗိုက်ဆာတယ်။ ဘာစားရမှာလဲ။ လုပ်လေ .. ဘာလို့ရပ်ကြည့်နေတာလဲ"

တောက်တောက် ချစ်ဦးမောင်ကို လက်ကုတ်လိုက်ပြီး

"ဆရာ .. ဘယ့်နှယ့်လဲ .. ဒုက္ခပတ်နေပြီ"

"လောလောဆယ် ခေါက်ဆွဲပြုတ်ကျွေးလိုက်ကွာ။ ပြီးတော့မှပဲ အိမ်ရှင်းခိုင်းရမယ်"

တောက်တောက် မီးဖိုချောင်ထဲဝင်ပြီး ရေနွေးတည်နေသည်။ သိပ်မကြာလိုက်။ ခေါက်ဆွဲပြုတ်သုံးပွဲ စားပွဲပေါ်ရောက်လာသည်။ တောက်တောက် သူ့ဆရာပျောက်သွား၍ အပြင်ဖက်မှာ လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချစ်ဦးမောင် သူ့ခွေးစုတ်ဖွားလေး ဂျယ်လီနှင့် ကစားနေသည်။ ဆန်းဒေဝီ ထမင်းစားစာပွဲမှာ ထိုင်လိုက်သည်။

"ဘယ်တွေရောက်ကုန်ပြန်ပြီလဲမသိဘူး"

ဆန်းဒေဝီ ခေါက်ဆွဲပြုတ်ပန်းကိုယူလိုက်ပြီး တူနှင့်ပါးစပ်ထဲကို ထိုးသွင်းလိုက်သည်။

"အွတ် .. အွတ်"

ခေါက်ဆွဲပြုတ်ကို မျိုချခါနီးလည်ချောင်းဝတွင်တစ်နေပြီး အန်ထွက်မည့်ဆဲဆဲ ကျိတ်မှိတ်ပြီးမျိုချသည်။

"ဂျုံကလည်းညှီ၊ အနံ့ကလည်းနံ၊ ဒါမျိုးခုမှ စားဖူးတော့တယ်"

ခေါက်ဆွဲပြုတ်တစ်ပန်းကန်ပြုံက်ခနဲ ကုန်သွားသည်။

"ဗိုက်ထဲမှာ ဘယ်လိုမှမနေဘူး"

နောက်တစ်ပန်းကန်ယူစားသည်။ ဘာမှမထူး။

"ဒီလူတွေ ဘယ်လိုအသက်ရှင်လဲမသိဘူး။ ပြောပြောဆိုဆို နောက်တစ်ပွဲယူကြိတ်လိုက်သည်။ သုံးပွဲစလုံး ကုန်သွားတော့မှ နေသာထိုင်သာရှိသွားသည်။ ရေခဲသေတ္တာထဲမှ ရေသန့်ဘူး တစ်ဘူးယူလိုက်ပြီး ဗိုက်တင်းအောင် သောက်ပစ်လိုက်သည်။ ရေသန့်ဘူးကို ပြန်ထည့်လိုက်ပြီး ရေမရှိသောဘူးခွံများကို ယူ၍ လွှင့်ပစ်လိုက်သည်။

"ရေမရှိတဲ့အမှိုက်တွေများ ဒီအထဲထည့်ထားတယ်။ ရှုပ်လွန်းလို့ ... ကဲဟယ် .. ကဲဟယ်"

"ဂလောက် ... ဂလောက် ... ဂလောက်"

ရေသန့်ဘူးခွံတွေ ထမင်းစားခန်းထဲ ပွစာကြဲသွားသည်။ ဆန်းဒေဝီ အိပ်ရေးညှော်ခန်းဆီထွက်လာပြီး ဆက်တီပေါ်တွင် ခွေခွေ





လေးအိပ်နေလိုက်သည်။ ချစ်ဦးမောင်တို့ ဆရာတပည့် အိမ်ထဲပြန်ဝင်ကြသည်။ ဆက်တီပေါ်တွင်အိပ်နေသော ဆန်းဒေဝီကိုကြည့်ပြီး သနားသွားသည်။

"ခမျာ .. ဗိုက်ဆာလွန်းလို့ထင်တယ်။ အိပ်တောင်ပျော်သွားပြီ"

ထမင်းစားခန်းထဲရောက်တော့ ခေါက်ဆွဲပန်းကန်အလွတ်သုံးလုံးကို စားပွဲပေါ်တွင် တွေ့ရသည်။

"ဟာ .. သုံးယောက်စားဖို့လုပ်ထားတာ အကုန်လုံးကြိတ်လိုက်တာဖြစ်မယ်ဆရာရေ"

"ဟိုက် .. သေလိုက်ပါတော့ကွာ .. တောက်"

"ဆန်း .. ဒေ .. ဝီ"

ချစ်ဦးမောင် ပေါက်ကွဲသံ ဆူညံသွားသည်။ ဆန်းဒေဝီက အိပ်မောကျနေဆဲ။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ )

ကံထူးမောင်နှင့် အတွင်းရေးမှူးကိုဦးမောင်တို့ ဆေးရုံတွေ့လိုက်ရသည်။ မတွေ့။ နောက်ဆုံး သချိုင်းတွေရှိရာ ရောက်သွားကြပြန်သည်။ ကမ်းခြေနှင့်အနီးဆုံး 'ရေနီး' သချိုင်းအတွင်းသို့ သူတို့ကား ထိုးဆိုက်လိုက်သည်။ ကားပေါ်မှ ဆင်းလိုက်ကြသည်။ သူတို့နှစ်ဦးစလုံး မျက်မှန်ကိုတပ်ထားပြီး ဥရောပဝတ်စုံအနက်ကို ဝတ်ဆင်ထားကြသည်။ မီးသင်္ဂြိုဟ်စက်အဝင်ဝတွင် ဒစ်ကျ်ပတယ် ဘုတ်တစ်ခုကို မြင်ရသည်။

"ရယ်မောခြင်းဖြင့် ဝမ်းနည်းသည့်အခမ်းအနား"

ခေါင်းစဉ်အောက်တွင် ယနေ့သင်္ဂြိုဟ်မည့် ကွယ်လွန်သူတို့၏ အမည်စာရင်းက မီးလုံးကလေးများဖြင့် မှိတ်ချည်ပွင့်ချည် ပေါ်လာသည်။ ပိုင်ရှင်မဲ့ သို့မဟုတ် မွန်းကေရီဆိုသည့်အမည်တွင်





မတွေ့ရ။ မီးသင်္ဂြိုဟ်စက်အတွင်းသို့ မသွင်းမီ ရုပ်အလောင်းတစ်ခုကို ရှုတွေ့ခိုင်းအုံကြည့်နေကြသည်။ ထိုအလောင်း၏ခေါင်းရင်းက ဓါတ်ပုံကြီးကိုကြည့်ပြီး ကံထူးမောင်တို့ ဆရာတပည့်ဖြိုင်တူ အာမေဋိတ်အသံထွက်သွားပြီး အလောင်းကို ပြေးကြည့်ကြသည်။

"ဟာ .. မွန်းကေရီ"

အနားရောက်မှ ကွယ်လွန်သူ၏ပုံတွင် မျက်လုံးမှေးနေသည်ကို တွေ့ပြီး

"ကေရီမဟုတ်ဘူး။ တော်ပါသေးရဲ့"

သူတို့နှစ်ဦးစလုံး နဖူးပြင်မှ ချွေးသီးများကို တစ်ရှူးဖြင့် သုတ်ချနေကြသည်။ ကံထူးမောင်တို့နှစ်ယောက် ထူးဆန်းသောသင်္ဂြိုဟ်ပွဲကို ရပ်ကြည့်နေမိသည်။ အသုဘရှုနေသူအားလုံး အနက်ရောင်ဝတ်စုံများနှင့်ဖြစ်သည်။ ကွယ်လွန်သူ၏ခေါင်းရင်းဘက်တွင် မှတ်ဆိတ်မွေးနှင့် မျက်ခုံးမွေး ဆံပင်မွေးတွေဖြူနေသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး။ သူက မျက်မှန်အမည်းကို နဖူးပြင်ကိုမတင်လိုက်ပြီး စာအုပ်တစ်အုပ်ကို စတင်ဖတ်ကြားသည်။

"ကျေးဇူးပြု၍ နားဆင်ကြပါ"

အားလုံး လက်နောက်ပစ်၍ ခေါင်းငုံ့လိုက်ကြသည်။ ကံထူးမောင်နှင့် ကိုဦးမောင်တို့နှစ်ယောက်စလုံး ရောယောင်လိုက်ကြသည်။

"ကျွန်ုပ်တို့သည် မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြားတွင် ပြေးလွှားနေရသော ဒုက္ခရိုးသည်များသာဖြစ်ပါသည်။ ထိုခရီး၌ လူတို့၏ ကောင်းကျိုးကို ဆောင်နှင်းခဲ့ခြင်းရှိသလို၊ ဆိုးကျိုးကိုလည်း ဆောင်နှင်းခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ ကွယ်လွန်သွားသည့်အခါ ဒုက္ခပြေးလမ်းပေါ်မှ ရပ်နားခွင့်ကြက်



www.burmeseclassic.com

www.burmeseclassic.com



ပါ၏ ထိုကွယ်လွန်သွားသူအတွက် ကျွန်ုပ်တို့ရယ်မော၍ အားပေးသင့်သည်မဟုတ်ပါလော။ မှန်ပါ၏လော"

"ဟုတ်ပါပေတယ်။ မှန်ပါပေတယ်"

အားလုံးကတပြိုင်တည်း ထောက်ခံကြလေသည်။

"သို့ဖြစ်လျှင် သင်တို့အားလုံး ကွယ်လွန်သူအတွက် ရယ်မော၍ ဝမ်းနည်းကြလော့ .. အခမ်းအနားစတင်ပါပြီ။

စကားဆုံးသည်နှင့် ထိုသူများရယ်မောကြလေသည်။

"ဟီး .. ဟီး .. ဟား .. ဟား"

ကံထူးမောင်နှင့် ကိုဦးမောင်တို့ သူတို့နှင့်အတူ ရောနှောပြီး ရယ်မောနေလိုက်ကြသည်။ လူအချို့ ရယ်လွန်းသဖြင့် အူတက်ပြီး အမောဆို့သွားကြသည်။ အနီးတွင်စောင့်ကြည့်နေသော သူနာပြုများရောက်လာပြီး ပြုစုပေးရသည်။ ကိုဦးမောင်နှင့် သူ့သူဌေးလည်း အူမတက်ခင် သင်္ချိုင်းအတွင်းမှ အမြန်ထွက်ခဲ့ရလေသည်။ တစ်ကမ္ဘာလုံးမှာ တစ်မူထူးသည့် 'ရေနီး' သင်္ချိုင်းမှ အခမ်းအနားတစ်ခုပင်ဖြစ်ပါသည်။

ပိုလီကတ္တရာလမ်းမကြီးပေါ်တွင် မာစီဒီးကားနက်ကြီးက တရိပ်ရိပ်ပြေးလွှားနေသည်။ သူဌေးကံထူးမောင်က မျက်မှန်နက်ကိုမပြီး မျက်လုံးထောင့်မှ မျက်ဝတ်တွေကို တစ်ရှူးဖြင့် သုတ်နေသည်။ အတွင်းရေးမှူးကိုဦးမောင်က ကားမောင်းရင်း သူ့သူဌေးကို နှစ်သိမ့်နေသည်။

"သိပ်လည်း ဝမ်းမနည်းပါနဲ့ သူဌေးရယ်။ သေခြင်းတရားဆိုတာ လူတိုင်းကြုံရမှာပဲ။ အဲဒီတော့ ကောရီ့အတွက် ရယ်မောခြင်းနဲ့ ဝမ်းနည်းလိုက်စမ်းပါ"





"ဟုတ်လိုက်လေ အတွင်းရေးမှူးရယ်။ ဒါဟာ သူ့အတွက် အကောင်းဆုံးအားပေးခြင်းပဲ ... ဟား .. ဟား .. ဟား"

လိုက်လိုက်လှဲလှဲရယ်မောသံများက ကားလမ်းမတစ်လျှောက် ပျံ့လွင့်ကျန်ခဲ့သည်။

တကယ်တော့ ကံထူးမောင်ရယ်မောခြင်းဖြင့် ဝမ်းနည်းသည် မဟုတ်။ နေ့ချင်းညချင်း ဘီလျံနာသူဌေးကြီးအဖြစ် ရောက်ရှိ၍ ပျော်ရွှင်စွာ ရယ်မောခြင်းဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ချစ်ဦးမောင်နှင့်တောက်တောက်တို့ အလုပ်သွားဖို့ ပြင်ဆင်ကြသည်။ ချစ်ဦးမောင်ကားစက်နိုးပြီးမှ အိမ်ထဲပြန်ဝင်လာသည်။

"ဆန်းဒေဝီ"

"ဘာလဲ"

ဆန်းဒေဝီ ဆိုဖာပေါ်ထိုင်နေရာက မျက်လုံးကိုလှန်ကြည့်သည်။

"မင်းကို အလကားတော့ ကျွေးမထားနိုင်ဘူး။ အိမ်အလုပ်တွေ လုပ်ထားပါ။ မင်းအလုပ်ပေါ်မူတည်ပြီး ငါပြန်လာမှ ထမင်းကျွေးမယ်"

"ဘာကျွေးမှာလဲ"

"ပြန်လာရင်သိမှာပေါ့ .. ငါသွားပြီဟေ့"

ကားထွက်သွားသံကို ကြားရသည်။ ဆန်းဒေဝီ အိမ်အပြင်ထွက်ပြီး ဟိုဟိုဒီဒီလျှောက်ကြည့်သည်။ ခြံထောင့်နားမှ ခွေးအိမ်လေးတစ်လုံး ခွေးစုတ်ဖွားလေးက ပိုသီပတ်သီနှင့် သူ့ကို အမြီး



ကတ်၍ ဟောင်နေသည်။

"ခွေးနာ တိတ်တိတ်နေစမ်း .. နားငြီးတယ်

ဆန်းဒေဝီ ခဲလုံးကိုကောက်ပြီး ခွေးကိုလှမ်းပစ်သည်။ ထိုစဉ် ကလေးနှစ်ယောက် ကျောပိုးအိတ်လွယ်ပြီး ခြံထဲသို့ အော်ဟစ် ဝင်လာကြသည်။

"ဦးလေးရေ .. ဦးလေး သားတို့ပြန်လာပြီ"

ဆန်းဒေဝီ သူတို့ကို မျက်မှောင်ကြုံပြီး လှမ်းကြည့်သည်။

"ဟောကောင်တွေ ဘာလာလုပ်ကြတာလဲ။ ခွေးကိုက်လိမ့်မယ် သွားကြ .. သွားကြ"

ကလေးနှစ်ယောက်က သူ့ကိုဂရုမထား။ ခွေးအိမ်လေးရှိရာသို့ ပြေးလာကြသည်။

"ဂျယ်လီ .. ဂျယ်လီ .. လာ .. လာ"

ကလေးတစ်ယောက်က သူ့လက်ထဲမှ စားလက်စရေခဲမုန့်ကို ခွေးကျွေးနေသည်။ ခွေးလေးက သူ့အမြီးကို စပရိန်တစ်ချောင်းလို မနားတမ်းခါရမ်းနေပြီး ရေခဲမုန့်ကို တပျက်ပျက်လျက်နေသည်။

ဆန်းဒေဝီ သွားရည်ကျလာသည်။ ကလေးတစ်ယောက် လက်ထဲမှ ရေခဲမုန့်ကို လှမ်းယူပြီးလျှင် လျှာနှင့်လျက်နေသည်။

"ရှလူး .. ရှလူး"

"ဟာ .. ခေါ်ကြီး သားစားမယ့် ရေခဲမုန့်ကို လုစားတယ်။ ပြန်ပေး .. ပြန်ပေး"

ဆန်းဒေဝီက ရေခဲမုန့်ကို ပြန်ပေးလိုက်ပြီး ...

"လုစားတာမဟုတ်ဘူး။ နင့်ရေခဲမုန့် ကောင်းမကောင်း မြည်းကြည့်တာ။ ကလေးဆိုတာ မကောင်းတာစားရင် ချောင်းဆိုးတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးက တစ်ဝက်နီးပါးကုန်သွားသော ရေခဲမုန့်ကို ကြည့်ပြီး ...

"ဒီခေါ်ကြီးက စေတနာကောင်းသားပဲ"

ကလေးနှစ်ယောက် အိမ်ထဲဝင်သွားကြသည်။ ဆန်းဒေဝီက [illegible]ကြည့်လိုက်ပြီး

"ဟင်း နာမည်က ကြွယ်လိုက်တဲ့။ မတန်မရာ.. စားစရာနာမည် ပေးထားတယ်"

စားစရာဆိုမှ မနက်စာစားစရာမရှိတာကို သတိရပြီး ...

"မနက်စာစားဖို့ ဘာမှမရှိဘူး။ တစ်ခုခုတော့ စီစဉ်မှဖြစ်မယ်"

"ဆန်းဒေဝီ မီးဖိုခန်းထဲ ပြေးဝင်လိုက်သည်။ ကလေးနှစ်ယောက် မီးဖိုခန်းထဲက အိုးတွေကို လှန်လှောနေသည်။

"ခေါ်ကြီး ... ဗိုက်ဆာတယ်။ ဘာမှလည်းမရှိဘူး"

"အေး .. ငါလည်း ဗိုက်နဲ့ပဲ ဆာတာပေါ့"

ဆန်းဒေဝီ နံရံကပ်ဘီရိုထဲမှ တွေ့နေသော ခေါက်ဆွဲခြောက် နှစ်ထုပ်ကို ဂတ်စ်မီးဖိုမှာ ပြုတ်လိုက်ပြီး ကလေးနှစ်ယောက်ကို ကျွေးသည်။

"ဒီခေါ်ကြီးက ရေရေလည်လည်မြန်တယ်နော်"

"အေးကွ .. သူ့ကို ဦးလေးခေါ်လာတာထင်တယ်"

"ဦးလေးကလည်း သူမိန်းမယူမှာကို တို့ကိုတောင် မပြောဘူး"

သူတို့ပြောနေတာကို ဆန်းဒေဝီကြားသွားသည်။

"မင်းတို့ဦးလေးနဲ့ ငါနဲ့ အရင်ထဲက အတူနေတာဆို"

"ဘယ်ကဟုတ်ရမှာလဲ .. ခေါ်ကြီးက ဒီအိမ်ကို ခုမှရောက်ဖူးတာ"





"ဒီလူ ငါ့ကို ဘာလို့ခေါ်လာပါလိမ့်။ ဘယ်လိုပဲဖြစ်ဖြစ် ငါ့မှာ နေစရာမှမရှိတာ။ လောလောဆယ်တော့ ဒီမှာပဲ ပေကပ်နေရမှာပဲ"

ဆန်းဒေဝီ ပေါင်းအိုးဖြင့် ထမင်းချက်သည်။ ပေါင်းအိုးကို တည်ထားခဲ့ပြီး အိမ်ရှေ့ခန်းမှ ပြန့်ကျဲနေသော အဝတ်အစားများကို ယူလာပြီး အဝတ်လျှော်စက်ထဲသို့ထည့်သည်။ ဂျွတ်တက်နေသော ဂျင်းဝတ်စုံကများသည်။ အဝတ်လျှော်စက်က ရောကျ နေပြီ။ ဆပ်ပြာမှုန့်နှင့်ရေထည့်ပြီး ခလုပ်နှိပ်လိုက်သည်နှင့် ...

"ဂလုတ် .. ဂလုတ် .. ဂွပ် .. ဂွပ်"

အဝတ်လျှော်စက် ငြီးငြီးငြူငြူနှင့် လည်ပတ်နေရသည်။

"ခေါ်ကြီး ထမင်းအိုးပေကျနေပြီ"

ဆန်းဒေဝီ သတိရပြီး ထမင်းအိုးကို ပြေးကြည့်သည်။ ထမင်းတွေက ဆန်ပြုတ်ဖြစ်နေသည်။ ပေါင်းအိုးကို ပိတ်လိုက်ပြီး ဆောစင်ထဲက ပန်းကန်တွေကို ဆေးပြန်သည်။ ဆေးပြီးသား ပန်းကန်တွေကို ဆန်ခါခြင်းထဲသို့ ပစ်ထည့်နေသည်။ ပါးစပ်က ဘာတွေဆိုမှန်းမသိ။

"ဂျပန်ပြန် .. ဂျပန်ပြန် .. အိုက်တိုးပဂေးဆန်"

ပန်းကန်တွေက ဆန်ခါနှင့်ပြည့်လျှံနေပြီ။ သူမသီချင်းဆိုရင်း ပန်းကန်တွေကို ပစ်တင်သည်။ ပန်းကန်တွေက အောက်ကိုလျှော ကျသည်။ ပန်းကန်တွေ ကျကွဲကုန်သည်။

"ကောင်းတယ်။ ကောင်းတယ်။ ပန်းကန်တွေ အများကြီး မလိုတော့ဘူး"

ဂတ်စ်မီးဖိုပေါ်မှာ ဆီထည့်ပြီးသား ဒယ်ပြားလေးကိုတင်သည်။ ကြက်အူချောင်းရဲရဲကြီးတွေ ဆီပူအိုးထဲထည့်သည်။ မတ်တပ်ရပ်နေတဲ့ ခြေထောက်တွေ ရွစိရွစိဖြစ်လာသည်။ သူငုံ့ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲထိ စီးဝင်လာသည်။ ဝက်အူချောင်း ... အဝတ်လျှော်စက်ဆီသို့ ပြေးပြန်သည်။ အဝတ် ... ဆပ်ပြာမြှုပ်တွေလျှံကျပြီး အခန်းတစ်လျှောက် လုံး စီးသွားခြင်းဖြစ်သည်။ သူမအဝတ်လျှော်စက်ကို ပိတ်ခဲ့ပြီး ဝက်အူချောင်းကြော်ကို သတိရပြန်သည်။ စတီးဇေါ်ပြားလေးနှင့် ကော်ကြည့်လိုက်သည်။ ဝက်အူချောင်းမှာ အက်ကွဲမဲတူးနေသည်။ အသပြားလေးကို အမြန်ချလိုက်ပြီး ဝက်အူချောင်းကို ဆယ်ယူ လိုက်သည်။

ဆန်းဒေဝီ အိမ်မှုကိစ္စတွေ မနားတမ်းလုပ်နေသော်လည်း တစ်ခုမှ အဆင်မပြေ။ ကိုယ်တွေလက်တွေ နာကျင်လာသည်။

သူဘာမှမစဉ်းစားချင်၊ ဘာမှဆက်မလုပ်ချင်။ မိုက်ဆာဆာနှင့် ဧည့်ခန်းဆိုဖာပေါ်တွင် လှဲချလိုက်သည်နှင့် ခဏလေးအတွင်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျခဲ့လေသည်။







## အခန်း ( ၁၃ )

ချစ်ဦးမောင်တို့ လက်ထဲမှာအထုပ်တွေနှင့် ဝင်လာကြသည်။ ဧည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် ဆန်းဒေဝီတစ်ယောက် နှစ်နှစ်ခြိုက် ခြိုက်အိပ်ပျော်နေသည်။ အခန်းထဲရှိ အဝတ်ပုံကြီးရှင်းသွားသည်။ ဧည့်ခန်းအတွင်း ဖုန်မှုန့်ကင်းပြီး သန့်ရှင်းတောက်ပြောင်နေသည်။ ချစ်ဦးမောင်သဘောကျသွားသည်။ စာကြည့်ခန်းထဲက ကလေး နှစ်ယောက် ပြေးထွက်လာကြသည်။

“ဦးလေး ဘာတွေဝယ်လာတာလဲ”

“ညနေစာစားဖို့အတွက် ဝယ်လာတာ”

“ဦးလေး ... ဒေါ်ကြီးတစ်ယောက် အိမ်မှာရောက်နေတယ်။ ဒေါ် ဦးလေးရည်းစားဆို”

“ဟာ .. လုံးလုံးကလည်း ပေါက်ပေါက်ရှာရှာမေးပြန်ပြီ။ ဒေါ် မင်းတို့အဖော်ရအောင်ခေါ်ထားတာ”



www.burmeseclassic.com

www.burmeseclassic.com



"ပြူးပြူးရေ ဒါဆိုရင် ဒီဓေါ်ကြီးနဲ့ ငါတို့ကစားဖော်ပြေိုကွ ပျော်စရာကြီးနော် .. အဟီး"

ချစ်ဦးမောင် ထမင်းစားခန်းကို ဝင်လိုက်သည်နှင့် သောက်ရေ သန့်ဘူးခွံများ ပြန့်ကြဲနေသည်ကို တွေ့ရသည်။ ရေသန့်ဘူးခွံတစ် ကို နင်းမိပြီး စကိတ်စီးသလို ချောထွက်သွားပြီး ဘေစင်နားသို့ ရောက်သွားသည်။ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူ့အသည်း နှလုံးတွေ ကြေမွသွားသလို ခံစားလိုက်ရသည်။

"သွားပါပြီကွာ။ ပန်းကန်တွေတော့ ဆေးထားပါရဲ့။ ဒီမှာ ပန်းကန်ကွဲတွေချည်းဖြစ်ကုန်ပြီ"

သူတို့အဝတ်အစားတွေ လိုက်ရှာကြည့်သည်။

လား .. လား အဝတ်လျှော်စက်တွေထဲမှာ ဆပ်ပြာရည်ဖြ ပြည့်နေသည်။

"ဟာကွာ .. အဝတ်တွေ ဆွေးကုန်တော့မှာပဲ"

မီးဖိုခန်းထဲက တောက်တောက် အသံထွက်လာသည်။

"ဆရာရေ .. ဒီမှာ ထမင်းနဲ့ ကုလားဝက်အူချောင်းကြေ ရပြီဗျို့"

ချစ်ဦးမောင် မီးဖိုခန်းထဲ ပြေးဝင်သည်။ ထမင်းတွေက ပြ နေပြီး အရည်ထွက်နေသည်။ ပန်းကန်ထဲမှာ မဲတူးနေသော ဝက်အူ ချောင်းကြီးတွေ ထည့်ထားသည်။

"ဟာ .. သွားပါပြီကွာ .. ထမင်းတွေရော၊ ဟင်းတွေရော တစ်ခုမှ အကောင်းမရှိဘူး။ အသုံးမကျဘူး။ ငါကွာ"

"ဆန်း .. ဒေ .. ဝီ"

ချစ်ဦးမောင် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သည် ဆန်းဒေဝီ အိပ်ပျော်နေရာမှ လန့်နိုးပြီးထခုန်သည်။ ပြီးတော့ ဆိုဖ ပေါ် ပြန်ထိုင်လိုက်ပြီး အသံကုန်ပြန်အော်လိုက်သည်။





"ချစ် .. ဦး .. မောင် ဒီကိုလာဦး"

ချစ်ဦးမောင် ဒေါသတကြီး ပြန်ထွက်လာသည်။ လက်ထဲမှာ ချိန်ထိ အထုပ်တွေ တန်းလန်းရှိနေသည်။

"မင်း .. တစ်နေကုန် ဘာတွေ လျှောက်လုပ်နေတာလဲ။ ပန်းကန်တွေလဲ ကွဲနေပြီ။ ထမင်းတွေ ဟင်းတွေလည်း ပျက်စီး ကုန်ပြီ။ အဲဒီဆုံးရှုံးမှုအတွက် မင်းကို ညနေစာမကျွေးတော့ဘူး"

"ဟောဒီမှာ တွေ့လား။ လေထန်ကုန်းကဝယ်လာတဲ့။ ဖြဟ္မာ သုဒ္ဓါ ဒန်ပေါက် .. မင်းတော့ငတ်ပြီသာမှတ်တော့"

ချစ်ဦးမောင်က အထုပ်တွေဆွဲပြီး ထမင်းစားခန်းထဲ ဝင်သွား သည်။ ချစ်ဦးမောင် ဆရာတပည့်နှင့် ကလေးနှစ်ယောက် ဗြဟ္မာ သုဒ္ဓါဒန်ပေါက်ကို အပီအပြင်ဆွဲ (အားရပါးရစားနေ) ကြသည်။ ဗြဟ္မာသုဒ္ဓါဒန်ပေါက်သည် အရသာထူးကဲရုံတင်မက အနံ့က မွှေးကြိုင်ပြီး အခန်းအပြင်ဖက်သို့ ပျံ့လွင့်လာသည်။ ဆန်းဒေဝီ တစ်နေကုန်လှုပ်ရှားနေရသဖြင့် ဗိုက်ကဟာနေပြီး နှာခေါင်းဝင်လာ တဲ့ ဒန်ပေါက်အနံ့က အူတွေကို နှိုးဆွနေသည်။

"ဝှီ .. ဝှီ .. ဂလု .. လု .. လု"

"စေတနာနဲ့လုပ်ထားသမျှတွေ သဲထဲရေသွန်ဖြစ်တာပဲ။ အမြင် တော်လို့ လုပ်သင့်တာတွေ လုပ်ပေးထားတာ။ သူ့ဟာသူ မနိုင် လို့ကွဲတာ ငါလည်း မတတ်နိုင်ဘူး။ အခုတော့ ကျွေးဖူးမတင် ထမင်းငတ်ဖြစ်နေပြီ။ ဆန်းဒေဝီအကြောင်း ကောင်းကောင်းသိရစေ မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ထမင်းစားခန်းထဲက ထွက်လာကြသည်။

"ဒေါ်ကြီး ထမင်းမစားသေးဘူးလား။ ဘာလုပ်နေတာလဲ"

"လုံးလုံး .. အသာနေစမ်း"

ချစ်ဦးမောင် လုံးလုံးကို ဟန့်လိုက်သည်။ လုံးလုံး ခေါင်းလေး ပုသွားပြီး ....

"ဦးလေး .. ဒေါ်ကြီး သနားပါတယ်"

"လုံးလုံး မင်းသိပ်လျှာရှည်တာပဲ .. အသာကြည့်နေ"

ထမင်းစားခန်းထဲဝင်သွားသော ဆန်းဒေဝီကို လုံးလုံးနှင့်ပြုံးပြုံး ချောင်းကြည့်နေကြသည်။ ဆန်းဒေဝီ စားပွဲပေါ်က ဒန်ပေါက်တူကို စားနေရင်းက ....

"အင်း .. လူတွေ အပေါက်ဆိုးပေမယ့် စေတနာမဆိုးပါဘူး"







## အခန်း ( ၁၄ )

မွန်းကေရီပိုင် "ဒဿတာဝါ" ဟိုတယ်ကြီးတွင်ဖြစ်သည်။ သူဌေးကံထူးမောင်၏ မွေးနေ့အတွက် ဝန်ထမ်းများ ပျော်ရွှင်စွာဖြင့် မွေးနေ့အခမ်းအနားကို ပြင်ဆင်နေကြသည်။ အတွင်းရေးမှူး ကိုဦးမောင် ပြင်ဆင်ထားသည့် ဒီဇိုင်းပုံစံများကို လိုက်ကြည့်နေသည်။ ချောင်စုံပန်းလိပ်များတွင် ပူဖောင်းရောင်စုံများ ချိတ်ဆွဲထားသည်။ ကိုဦးမောင် ဝန်ထမ်းတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"မင်းတို့ပြင်ဆင်ထားတာ ကောင်းပါတယ်။ ဒါပေမယ့် အစဉ်အလာထဲက မထွက်ဘူး။ အခမ်းအနားပြင်ဆင်တယ်ဆိုတာ အဓိပ္ပာယ်ရှိရမယ်။ လူတွေစိတ်ဝင်စားမှုရှိရမယ်။ အဲဒီပူဖောင်းတွေကြားမှာ ချိုလိမ်လေးတွေ လိုက်ချိတ်ပေးပါ။ ဒါက တို့သူဌေးရဲ့ နုပျိုမှုအဓိပ္ပာယ်ကို ဖော်ဆောင်တာ"

နုပျိုခြင်းအဓိပ္ပာယ်ရှိမရှိတော့မသိ။ ကျုပ်မပြည့်ခြင်းအဓိပ္ပာယ်ကတော့ ထင်ထင်ရှားရှားပေါ်လွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးမောင်က တီဗီစတေရှင်မှ ပညာရှင်များကိုခေါ်ယူ၍ ပြင်ဆင်နေသည်။ အရပ်ပုပု၊ ဆံပင်ကောက်ကောက်နှင့် ဒီဖိုင်နာကျော်လွင်မောင်ကို လှမ်းပြောသည်။

"ကျော်လွင်မောင်ရေ စာလုံးကို ဘရိုက်ဖြစ်မယ့် ကာလာလေး များများသုံးပေးပါနော်"

"စိတ်ချ .. စိတ်ချ .. ကုလားမင်္ဂလာဆောင်နဲ့ တူရစေမယ်"

ရိုက်ကူးမှုဒါရိုက်တာ သန်းဝေမောင်က သူ့မေးစေ့ချွန်ချွန်ကို ပွတ်သပ်နေပြီး ကင်မရာတပ်ဆင်ရမည့်နေရာများကို ရွေးချယ်နေသည်။

ကံထူးမောင်က သူ့အတွင်းရေးမှူး၏ အစီအမံကို သဘောကျနေသည်။ မွန်းကေရီကို လက်ထပ်လက်စွပ်ပေးအပ်ခဲ့သည်မှာ မနှစ်က ဒီအချိန်ပင်ဖြစ်သည်။

"ကေရီရယ် .. မင်းမရှိဘဲ ဒီစည်းစိမ်တွေ ငါဘယ်လိုဖြုန်းရမလဲ၊ ဒါနဲ့တင် အားမရသေးလို့ မင်းက ကျွန်းတစ်ကျွန်းတောင် ထပ်ဝယ်ထားသေးတယ်။ ကျေးဇူးပါအချစ်ရယ်"

"ဒဿတာဝါ" ဟိုတယ်ရှိ ဝန်ထမ်းများနှင့် နျူထရယ်ကားစက်ရုံမှ ဝန်ထမ်းများ စုံးရောက်ရှိလာကြသည်။ ဝန်ထမ်းအားလုံး ပျော်ရွှင်နေကြသည်။ မွန်းကေရီမရှိ၍လား၊ လုပ်ငန်းတွေ အောင်မြင်၍လား ဘာရယ်မှန်းတော့မသိ။ စားပွဲရှည်ကြီးတွင် အားလုံး ဝင်ထိုင်လိုက်ကြသည်။

"ဟက်ပီးဘတ်(သ်)ဒေးပါ သူဌေး"

ဝန်ထမ်းတွေ တပြိုင်တည်းအော်လိုက်ကြသည်။





"အားလုံး ထိုင်ကြပါ။ ဒီနေ့ မွေးနေ့ပွဲကို တက်ရောက်လာကြတဲ့ ဝန်ထမ်းမိသားစုအားလုံးကို ကျွန်ုပ်က အထူးကျေးဇူးတင်ပါတယ်။ နျူထရယ်ကားစက်ရုံနဲ့ 'ဒဿတာဝါ' ဟိုတယ်ရဲ့ဝန်ထမ်း အားလုံး ဒီထက်ပိုပြီး အောင်မြင်မှုရအောင် ဆက်လက်ကြိုးစားကြပါလို့ ဆုမွန်တောင်းရင်း ပျော်ပျော်ပါးပါး သုံးဆောင်နိုင်ကြပါပြီ"

"ဟက်ပီးဘတ်ဒေး တူးယူ"



ဆန်းဒေဗီ သူ့ကိုယ်သူ ပြန်တွေးနေမိသည်။

"ငါ့နာမည် ဆန်းဒေဗီတဲ့ တော်တော်မလှတာဘဲ"

"ချစ်ဦးမောင်က ငါနဲ့ချစ်သူတဲ့။ ဒါလဲ ငါမသိတဲ့ဇာတ်လမ်း တစ်ပုဒ်ပဲ။ ဒီလူက ငွေမျက်နှာပဲမြင်တာ။ ချစ်သူဆိုရင် ဒီလိုနေမှာ မဟုတ်ဘူး။ ဒါ ငါ့ဘဝအစစ်အမှန်မဖြစ်နိုင်ဘူး"

ဆန်းဒေဗီ စိတ်ရှုပ်ထွေးစွာဖြင့် အိမ်ပြင်ထွက်ခဲ့သည်။ သူ့စိတ်ထဲမှာ ရေခဲမုန့်စားချင်လာသည်။ အိမ်နှင့်ဝေးဝေးလျှောက်လာပြီး မှန်လုံကာထားသည့် စတိုးဆိုင်လေးထဲ ဝင်သွားသည်။ ဆံပင်လျှိုး တွန့်မျက်လုံးကြောင်စီစီနှင့် ကောင်မလေးတစ်ယောက် သူ့နောက်က ဝင်လိုက်လာသည်။ သူက ဆန်းဒေဗီကို ပြုံးကြည့်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီက အစ်မ ဘာအလိုရှိပါသလဲ"

ဆန်းဒေဝီက အအေးသေတ္တာကို လက်ညှိုးထိုးပြပြီး ...

"ရေခဲမုန့်ကောင်းကောင်းရှိလား"

ကောင်မလေးက အအေးသေတ္တာကိုဖွင့်ပြီး ရေခဲမုန့်တစ်ဘူး လှမ်းပေးသည်။ သူလည်း အအေးတစ်ဘူးထုတ်ယူလိုက်ပြီး ဖွင့် သောက်နေသည်။

"ဘယ်လောက်ကျလဲ"

"မပေးပါနဲ့။ ခင်မင်မှုနဲ့ကျွေးတာ"

"ကျေးဇူးပဲနော်"

ဆန်းဒေဝီက သူ့ကိုနှုတ်ဆက်ပြီး ထွက်သွားသည်။

အဒေါ်ကြီးတစ်ယောက်ဆိုင်နောက်ကထွက်လာပြီး သူတို့ကို မြင်သွားသည်။ ကောင်မလေးက ဆိုင်ပြင်သို့လှစ်ခနဲပြေးထွက် သည်။

"ဟဲ့ .. ဟဲ့ ကောင်မလေး ငါ့အအေးဘူးနဲ့ ရေခဲမုန့်ဖိုး ပေးသွားဦးလေ"

"နောက်နေ့တွေ တွေ့ဦးမှာပဲ။ နောက်မှယူနော် ထော်တာ"

ကောင်မလေးက အအေးဘူးခွံကိုပစ်ချပြီး ထွက်ပြေးလေ တော့သည်။

"အစ်မရေ ပြေးပြေး။ လွတ်အောင်ပြေးထား"

အဒေါ်ကြီး သူတို့နောက်က ပြေးလိုက်သည်။ ကံဆိုးချင်တော့ အအေးဘူးခွံကို တက်နင်းမိပြီး ပက်လက်လန်လဲကျခဲ့သည်။ တော်တော်ဝေးဝေးရောက်သွားမှ တောင်ကုန်းတစ်ခုပေါ်တွင် သူတို့ နှစ်ယောက် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြသည်။





"ငါတော့ လူပေါင်းများပြီ။ နင်ဘာလို့ ဒီလိုလုပ်ရတာလဲ။ ပြေးရလွန်းလို့ အသက်တောင် ထွက်သွားနိုင်တယ်"

"အစ်မကို မြင်မြင်ချင်းခင်တာနဲ့ ရေခဲမုန့်ယူကျွေးတာ အဲဒါ ကျွန်မရဲ့ဆိုင်မဟုတ်ဘူး"

"သေလိုက်ပါတော့ဟယ်"

"ငါနယ် စိတ်ရှုပ်လို့ အိမ်ကထွက်လာပါတယ်။ သယ်ပွတ်အရူးတွေ နဲ့ လာတွေ့ရတယ်လို့ ဘယ်လိုအရူးမလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၅ )

ဆန်းဒေဝီ အိမ်ထဲကို လှမ်းဝင်လိုက်သည်။ ညေ့ခန်းထဲမှာ ဆံပင်ရှည်နှင့် ချစ်ဦးမောင်မဖြစ်နိုင်။ အိမ်ထဲကို သူနိုးဝင်နေတာ ဖြစ်နိုင်တယ်။ ဘေ့စ်ဘောရိုက်တံကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ပြီး ခြေသံကိုဖွဖွနင်းသည်။ သူနိုးက ချစ်ဦးမောင်အခန်းထဲကိုဝင်ပြီး မွှေနေပြန်သည်။ စာကြည့်စားပွဲအံဆွဲကိုဖွင့်ပြီး ခါတ်ပုံအယ်လ်ဘမ်တစ်ခုကို လှန်ကြည့်နေသည်။

"သေပေတော့သူနိုး"

နောက်ကျောခိုင်းနေသောသူနိုးကို ပြေးရိုက်ဖို့ဟန်ပြင်လိုက်သည်။ သူ့ဘက်ကိုလှည့်လာတော့ ချောမောပြေပြစ်တဲ့ မိန်းကလေးတစ်ဦးဖြစ်နေသည်။ သူ့လက်တွေ လေထဲမှာ ရပ်တန့်သွားသည်။

"သူနိုးမဟုတ်ဘူး မလုပ်နဲ့"

ထိုမိန်းကလေးက သူ့ကို ရုံးရုံးရဲရဲပြန်ကြည့်လိုက်ပြီး ...





"မင်းဘယ်သူလဲ။ ဒီအိမ်ထဲကို ဘာလာလုပ်တာလဲ"

"အောင်မာ သူနိုးကများ လူပြန်ဟစ်နေတယ်။ အတည့်ပေါက်နဲ့လာပြီးတော့ သေသွားမယ်"

ဆန်းဒေဝီက တုတ်ကြီးတရမ်းရမ်းလုပ်နေသည်။

"ငါက ချစ်ဦးမောင်ရဲ့မိတ်ဆွေ။ နေဦး .. မင်းကဒီအိမ်ကို ဘယ်တုန်းက ဘယ်လိုရောက်လာတာလဲ"

ထိုမိန်းကလေးက သူ့လက်ကိုင်ဖုန်းဖြင့် တစ်နေရာကိုလှမ်းပြီး ဆက်သွယ်နေသည်။

"ဟယ်လို ချစ်ဦးမောင် .. ဟေမာန်နှင်းပါ"

"ဒီမှာ မိန်းကလေးတစ်ယောက်ရှိနေတယ်"

"ဩော်"

"သနားစရာပေါ့နော်"

တစ်ဖက်က စကားပြောသံကို မကြားရသော်လည်း သူ့အကြောင်းပြောနေမှန်း ဆန်းဒေဝီသိနေသည်။

"ဒီမှာ ဘာပြောတာလဲ"

"အို .. တောင်းပန်စရာမလိုပါဘူး။ အခုပဲ ကျွန်မပြန်တော့မယ် .. ဒါပဲ"

ဆန်းဒေဝီ သူ့ကိုမျက်တောင့်နီဖြင့် ကြည့်နေပြီး ...

"ကြွ .. ကြွ မြန်မြန်ကြွ။ ရှင်ပြန်သင့်တာကြာပြီ"

ဟေမာန်နှင်းဆိုသည့် မိန်းကလေးက ဆန်းဒေဝီကို မကျေနပ်သည့်ဟန်ဖြင့် မျက်စောင်းထိုးလိုက်ပြီး အပြင်သို့ပြန်ထွက်သွားသည်။

"ဘယ်လိုအပျိုလည်းမသိပါဘူး။ ယောကျ်ားလေးတွေပဲရှိတဲ့ အိမ်ကို လာပြီး ထင်တိုင်းကြဲနေတာ .. အမြင်ကိုကပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေးသွားသောသူမ၏ ကျောပြင်ကိုကြည့်ပြီး ဆန်းဒေဝီ အရုပ်တစ်ယောက်လို ရှေ့ရွတ်နေသည်။

အိမ်ပြန်လာတဲ့ ချစ်ဦးမောင်မျက်နှာက ပုတ်သိုးနေသည်။

"ဆန်းဒေဝီ ငါ့အိမ်လာတဲ့ညွှန့်သည်ကို မင်းဘာယ်လိုဆက်ဆံလိုက်တာလဲ"

ဆန်းဒေဝီက မျက်နှာထားတင်းတင်းနှင့် ပြန်ပြောသည်။

"ဒီမှာ ဘာစကားပြောတာလဲ။ ဘာညွှန့်သည်လဲ။ ညွှန့်သည်က ညွှန့်သည်လိုမနေဘဲ ယောက်ျားလေးအခန်းထိရောက်နေတာ ဘာသဘောလဲ။ ကျိုးပဲ့သွားအောင် ရိုက်မလွှတ်တာ ကံကောင်းတယ်မှတ်"

ချစ်ဦးမောင် ဘာမျှမပြောနိုင်ဘဲ အိပ်ခန်းထဲသို့ဝင်သွားသည်။ အိပ်ခန်းထဲမှာ ခြေရာလက်ရာပျက်နေသည်။ ဟေမာန်နှင်းမွှေနှောက်သွားတာဖြစ်မည်။ ဟေမာန်နှင်းနှင့် ချစ်ဦးမောင်တို့သူငယ်ချင်းချစ်သူများဖြစ်ကြသည်။ ဟေမာန်နှင်းက သူ့အပေါ်အမြဲတမ်းလိုလိုဆိုးနွဲ့တတ်သူ။ ချစ်ဦးမောင်က သူ့အနွံ့အတာကိုသည်းခံလေ့ရှိသော်လည်း သူကိုယ်တိုင်က နွေးနွေးထွေးထွေးယုယုယယမလုပ်တတ်။

အလုပ်အပေါ်သာ အာရုံစိုက်ပြီး ငွေကြေးရှာဖွေဖို့ တစ်ခုသာ သူ့ခေါင်းထဲမှာရှိသည်။ ရသမျှငွေကြေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ကုန်မှို့ဆိုလျှင် တုန်နေတတ်သည်။

အခုတော့ ကိုယ့်အတတ်ကိုယ်စူး၍ ဆန်းဒေဝီတစ်ယောက်ပါ အဖတ်တင်နေသည်လေ။





# အခန်း ( ၁၆ )

မာစီဒီးကားနက်ကြီး လေထုကိုဖောက်ခွဲပြီး ကမ်းခြေပတ်လမ်းတစ်လျှောက် အားကောင်းမောင်းသန် ပြေးလွှားနေသည်။ မွန်းကေရီ ရှာပုံတော်ခရီးဖြစ်သည်။ ဘီလျံနာသူဌေးတစ်ဦး၏ ကြင်ယာပျောက်ရှာပုံတော်။

"မွန်းကေရီရေ .. မင်းကိုရှာရတာလဲ လေကို ဖမ်းဆုပ်နေရသလိုပါပဲလားကွာ"

"သူဌေးကလည်း လေဆိုတာ အကူပစ္စည်းပါရင် လိုသလိုဖမ်းဆုပ်လို့ရတယ်လေ"

ကိုဦးမောင် ပြောလိုက်ပြီး နှာခေါင်းရှုံ့သွားသည်။

"ဟွန်း .. ရှူး .. ရှူး ... ရှူး"

သူဌေးကံထူးမောင်က ရယ်ကျဲကျဲလုပ်နေပြီး ...

"ဘာဖြစ်တာလည်း ကိုဦးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"[illegible] .. သူဌေးညစ်ပတ်တယ်။ ကားထဲမှ လေထုညစ်ညမ်း [illegible]"

"[illegible] .. ဟင်း .. ဟင်း အဲဒီကိစ္စ ခင်ဗျားဘယ်လို [illegible]ဆုပ်လက်ကိုင်ပြုမလဲ"

"လောလောဆယ်တော့ နှာခေါင်းကနေပြီး အဆုတ်ထဲ ရောက်သွားပြီ။ ဘာမှမတတ်နိုင်ဘူး"

"ဟား .. ဟား .. ဟား .. ဟား"

နှစ်ယောက်သား ပြိုင်တူရယ်မောကြသည်။

မာစီးဒီးကားနက်ကြီး ရှေ့ကပြေးနေသည်။ သူတို့နောက်မှာ တိုယိုတာ လင့်ခရူဇာကားစုတ်လေးကပ်ပါလာသည်။ ကားပေါ်မှာ ချစ်ဦးမောင်နှင့် ဆန်းဒေဝီ။ ချစ်ဦးမောင်က သူ့အလုပ်ရုံသို့ ဆန်းဒေဝီကို ခေါ်လာခြင်းဖြစ်သည်။ နှစ်ဦးစလုံး ကိုယ့်အတွေးနှင့် ကိုယ် နှုတ်ဆိတ်နေသည်။ ဆန်းဒေဝီက ချစ်ဦးမောင်ကို မျက်လုံးဝေ့ ကြည့်လိုက်ပြီး ...

"အဲဒီဗရုတ်မကို ပြောထားနော်။ အိမ်ကို စည်းကမ်းမဲ့ ဝင်မလာစေနဲ့။ အပျိုဝင်မင့်သူပြီးမှလာလို့ မဟုတ်ရင်တော့ ဒေဝီ့လက်နဲ့မိမယ်"

"သူ ဆင်ခြင်မှာပါ"

ကားထဲမှ အနံ့ဆိုးပျောက်သွားတော့ ကိုဦးမောင်ပါးစပ်ပွင့်လာသည်။

"သူဌေး ကျွန်တော့်စိတ်ထဲမှာတော့ ကေရိုရှိနေသေးတယ်လို့ ထင်တယ်"

"ဟုတ်တယ်ကိုဦးမောင်။ ဘာမှမသေချာသေးဘဲ စိတ်ထင်တိုင်း ဘီလုံးနှာလုပ်လို့ မဖြစ်သေးဘူး။ မထင်မှတ်တဲ့အချိန်မှ ဘွား ခနဲ ပြန်ပေါ်လာရင် အမလေး ပြောရင်း ကျောထဲစိမ့်လာတယ်"





ပတ်လမ်းတစ်လျှောက် လမ်းဘေးမှ စားသောက်စရာမိနီမတ်နှင့် ဘားအသေးစားလေးတွေ တည်ရှိနေသည်။ သူဌေးကံထူးမောင် ဘာစိတ်ကူးပေါက်လာသည်မသိ။

"အတွင်းရေးမှူး .. ယိုးဒယားအကင်ဆိုင်တွေ့ရင် ကားရပ်ပေးစမ်းပါ"

"ဘာလုပ်ဖို့လဲသူဌေး .. ဂျယ်လီဖို့ ဝယ်မလို့လား"

"ခင်ဗျားကလည်း ပေါက်တီးပေါက်ရှာလေးတွေ စားချင်စိတ်ပေါ်လာလို့"

"ညစ်တီးအကင်ဆိုင်"

ဆိုင်းဘုတ်အကြီးကြီးနှင့် ဆိုင်သေးသေးရှေ့မှာ ကားကိုရပ်လိုက်သည်။

ကားနက်ထဲက အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက် ထွက်လာကြသည်။ နှစ်ယောက်စလုံး နေရောင်ခြည်မှာ တလက်လက်။

လင့်ခရူဇာကားလေးက သူတို့ကိုဖြတ်ကျော်သွားသည်။ ဆန်းဒေဝီ ထိုသူနှစ်ယောက်ကို လှမ်းကြည့်ပြီး အသံထွက်သွားသည်။

"ခစ်"

ချစ်ဦးမောင်စိတ်ထဲ ထူးဆန်းသွားသည်။

"ဒေဝီ ဘာသဘောကျလို့လဲ"

"ရှေ့က ကားနက်ပေါ်က လူနှစ်ယောက်ဆင်းလာဟာ သူတို့မှူးက အရောင်လက်နေတယ်။ နှစ်ယောက်စလုံး ပြောင်လိုက်တဲ့မှူး။ ဂျက်လေယာဉ်တောင် မှားဆင်းနိုင်တယ် .. အဟိ"

ထိုသူများကို ဆန်းဒေဝီမြင်သော်လည်း သူတို့တွေ မမြင်လိုက်ကြချေ။

ဘုမ္မဲတောင်ဓောင်ပေတို့ထံ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၇ )

ချစ်ဦးမောင် အလုပ်ခန်းကိုကြည့်ပါဦး။

ပေပါ အလုံးတွေပေါ်မှာ တင်ထားသည့် ကွန်တိန်နာသေတ္တာကြီးကို အဲကွန်းတွေတပ်ဆင်ထားသည်။ ဆေးရောင်လှလှသုတ်ထားပြီး ကွန်တိန်နာဘေးမှာ ...

"ချစ် .. ကွန်စတပ်ရှင်"

စာလုံးကြီးတွေ အင်္ဂလိပ်လို ရေးထားသည်။ ဆန်းဒေဝီ မမြင်ဘူးသည့် အဆောက်အဦးမျိုးမို့ တအံ့တသြကြည့်နေသည်။ ချစ်ဦးမောင်က ဆန်းဒေဝီလက်ကို ဆွဲခေါ်သည်။





"ဒေဝီ .. လာလေ .. သွားကြမယ်"

"ဪ .. အင်း"

ကားရပ်သံကြားလိုက်သည်နှင့် ချစ်ဦးမောင်၏ညီ ချစ်ထူးမောင်နှင့် တောက်တောက်တို့ ကွန်တိန်နာထဲက ပုရွက်ဆိတ်နှစ်ကောင်လို ထွက်လာကြသည်။ ချစ်ထူးမောင်နှင့် တောက်တောက်က အလုပ်ခန်းမှာ အနေများသည်။

"အစ်ကို ဒီမှာ အော်ဒါတစ်ခုရထားတယ်"

'ဘာ"

ချစ်ထူးမောင် လန့်သွားသည်။

"မင်းလက်ခံလိုက်တယ် မဟုတ်လား"

"လက် .. လက်မခံ"

"ဟာကွာ"

"အစ်ကို ကျွန်တော့်စကားမဆုံးသေးဘူး"

"လက်မခံဘဲနေမလို့။ ဖောက်သည်တစ်ဦး လျှော့သွားမှာစိုးတာနဲ့ လက်ခံထားလိုက်တယ်"

ချစ်ဦးမောင် မှန့်ထုပ်ကောက်ရတဲ့ ကလေးတစ်ယောက်လို ပျော်သွားသည်။

"ဘာအလုပ်လဲ"

"ရှုးဂါးပွိုင့်က မီးပြကို ဆေးသုတ်ပေးရမယ်"

"ကျွန်တော်နဲ့ တောက်တောက် ဂျက်တီဆောက်တဲ့လုပ်ငန်းမပြီးပြတ်သေးလို့ အစ်ကိုတစ်ယောက်တည်း နိုင်ပါ့မလား"

"ရတယ် .. ရတယ် .. ဆယ်ခါပြန်ရတယ်"

ချစ်ဦးမောင်က အလုပ်နှင့်ပတ်သက်လာလျှင် ဘယ်တော့မှ ငြင်းသည်မရှိ။ အလုပ်ပုံထဲမှာ ခေါင်းနှစ်နေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီရေ .. မင်းနဲ့ငါတော့ အလုပ်ရပြီ"

"ဘာအလုပ်လဲ .. ဘာမှမလုပ်နိုင်ဘူး"

ချစ်ဦးမောင် ခေါင်းကို တဖျင်းဖျင်းကုတ်လိုက်ပြီး အကြံထုတ်သည်။

"ဒီလိုလုပ် .. မင်းကို ရေခဲမုန့်လည်းကျွေးမယ်။ ပေါက်ကက်မုန့်နီးလည်းပေးမယ်။ ဘယ့်နှယ့်လဲ"

ဆန်းဒေဝီ မျက်လုံးကို ကလယ်ကလယ်လုပ်ရင်း ...

"စဉ်းစားဦးမယ်"

ချစ်ဦးမောင်ကားပေါ်သို့ အီမားရှင်းသုတ်ဆေးပုံးများတင်သည်။ ဆေးသုတ်ဖို့ ရှိလာနှင့်သံပိုက်များတင်သည်။

"ဘယ်မှာလဲ ရေခဲမုန့်၊ ကတိမတည်လို့ကတော့ ဒီသံပိုက်နဲ့ ရိုက်မှာ"

"ဝယ်မှာပါ .. ဒေဝီရယ်။ ဒီမှာ ရေခဲဘူးပါတယ်"

"ဒီလိုလိမ္မာမှပေါ့။ အလုပ်သမားအတွက် ခံစားခွင့်အပြည့် ပေးရမှာပေါ့"

ချစ်ဦးမောင် မျက်လုံးထဲမှာ ကပိုကရိုဝတ်စုံနှင့် ဒေဝီသည် ကြည့်လို့လှနေသည်။ လျှာထိုးဦးထုပ်အနက်ရောင်ကိုဆောင်းပြီး နေကာမျက်မှန်တပ်ထားသည်။ ကြည့်ပြာရောင် ကိုယ်ကြပ်အင်္ကျီနှင့်နက်ပြာရောင်ဂျင်းဘောင်းဘီကို ခါးဆစ်အောက်နားချထားသည်။ ဒေဝီ၏ ပြေပြစ်သွယ်လျသော ကောက်ကြောင်းကို သတိလက်လွတ် ငေးကြည့်နေမိသည်။

ဆန်းဒေဝီ ချစ်ဦးမောင်မျက်နှာရှေ့ကို သူ့လက်ဝါးကို ဘယ်ညာ ရမ်းခါသည်။ ချစ်ဦးမောင် သူခိုးလူမိသည့်သို့ ရှက်ရှက်နှင့် လှည့်ထွက်စဉ် ကားနောက်ဖုံးနှင့်ဆောင့်မိပြီး သူ့နဖူးတော်တော်အိသွားသည်။





"အား .. ကျွတ် .. ကျွတ်"

"ကောင်းတယ် .. တော်တော်စိမ့်သွားလား"

ဆန်းဒေဝီ ကားနောက်ဖုံးကို ပိတ်လိုက်သည်။ ဒရိုင်ဘာနေရာမှာ သူထိုင်လိုက်ပြီး ကားစက်နှိုးသည်။



ပင်လယ်လေညင်းက သံစဉ်နွဲ့နွဲ့နှင့် သွဲ့သွဲ့လေး တိုးဝှေ့နေသည်။ မီးပြခေါင်းမှာ အာဒမ်နှင့်ဧဝ ကိုယ်စားပြုလူသားနှစ်ဦး ရှိနေသည်။ ရှိလာ တစ်ယောက်တစ်ချောင်းစီကိုင်ပြီး မီးပြမျှော်စင်ကို အလှဆင်ကြသည်။ တကယ်တော့ ဒီအလုပ်သည် မိန်းကလေးတစ်ဦးနှင့် မအပ်စပ်သော်လည်း အချိုးအဆစ်ကျနသော မိန်းကလေး၏ လှုပ်ရှားမှုတိုင်းမှာ ကဗျာတစ်ပုဒ်လို လှပနေ၏။

တကယ်ပင် အစီပွာယ်ရှိသော ဆန်းဒေဝီဖြစ်နေပြီလေ။

"ကျလီ .. ကျလီ .. ကျစ် .. ကျစ် .. ကျစ်"

ချစ်ဦးမောင် ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ဖုန်းမြည်နေသည်။ ချစ်ဦးမောင် ဖုန်းကိုထုတ်ယူလိုက်ပြီး ကြည့်လိုက်သည်။

"ဟောမာန်နှင်း"

ချစ်ဦးမောင် ဆန်းဒေဝီအနားက ခွာလိုက်ပြီး မီးပြလှေခါးမှာ ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ဒီမှာ .. အလုပ်မအားဘူး"

"ဆန်းဒေဝီပါ အတူရှိတယ်"

"အင်း .. ဒါဆို ကိုယ်လာခဲ့မယ်။ ခဏလေးစောင့်"

ချစ်ဦးမောင် ရေခဲဘူးထဲက ရေခဲမုန့်ဘူးကိုထုတ်ယူပြီး ဆန်းဒေဝီကို မျက်နှာချိုသွေးနေသည်။

"ဒေဝီ .. အလုပ်ကိစ္စ ပြောစရာရှိလို့ ခဏလေးနော်"

ချစ်ဦးမောင် ဆန်းဒေဝီကို ထားခဲ့သည်။ ပြေးထွက်သွားသော ချစ်ဦးမောင်ကို လှမ်းကြည့်လိုက်ပြီး ...

"ဟွန်း .. ဘယ်လိုလူလည်းမသိဘူး။ အလုပ်ဖြင့် မလုပ်ရသေးဘူး။ အကြောင်းပေါ်ပြီ"

ဆန်းဒေဝီ နှုတ်မှာပွင့်နေသော ချွေးသီးလေးတွေကို လက်ဖမိုးနှင့် ပွတ်ချလိုက်ပြီး လက်ထဲက ရှီလာကို စိတ်ပျက်လက်ပျက် ပစ်ချလိုက်သည်။

"ဒေါင် .. ဂလောင်"

မီးပြလေ့ခါးမှာထိုင်လိုက်ပြီး သူ့မျက်လုံးတွေက ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်သည်။ လင့်ခရူဇာကားအိုနားမှာ ချစ်ဦးမောင် သူ့နံဘေးမှာ မိန်းမငယ်တစ်ဦး၊ သူတို့ ကားနှင့် ဆန့်ကျင်ဘက်အရပ်သို့ လျှောက်သွားနေသည်။ မိန်းမငယ်၏မျက်နှာက နည်းနည်းအိုအနေသယောင်။

"ချစ်ဦးမောင်"

ဝေးဝေးဆီကြည့်နေရင်းက ဆတ်ခနဲလှည့်ကြည့်သည်။

"ဟောမာန် မျက်နှာမကောင်းပါလား။ ဘာပြဿနာရှိနေလို့လဲ"

"ပြဿနာမှ အကြီးကြီးပဲ။ ချစ်ဦးမောင်"





"ဟိုလူ နိုင်ငံခြားက ဘွဲ့ယူပြီးပြန်လာပြီ။ တို့နဲ့ အမြန်ဆုံး လက်ထပ်ဖို့စီစဉ်နေပြီတဲ့။ တို့မှာ သူ့ကိုငြင်းဆိုဖို့ အခွင့်အလမ်း မရှိတော့ဘူး။ အဲဒါ ရှင်တို့ကို ခွင့်လွှတ်ပေးဖို့နဲ့ ဒါလေး ပြန်ယူထားပေးပါ"

ချစ်ဦးမောင် မွေးနေ့လက်ဆောင်ပေးထားသည့် နာရီသေတ္တာလေး သူလှမ်းယူပြီး သေတ္တာလေးကို ဖွင့်ကြည့်ရင်း ...

"အစကတည်းက ဒီလိုဖြစ်လာမယ်လို့ ကြိုတင်တွက်ဆပြီး အသင့်ပြင်ထားပါတယ်။ မင်းစိတ်ချမ်းသာဖို့ အဓိကပါ"

ချစ်ဦးမောင် သေတ္တာလေးကို ပြန်ပိတ်လိုက်သည်။

တရွေ့ရွေ့ထွက်ခွာသွားသော ဟောမာန်နှင်း၏ ကျောပြင်ကို ငေးကြည့်ရင်း ...

"တစ်ချိန်ချိန်မှာ ဒီလိုဖြစ်လိမ့်မယ်လို့ ကြိုတင်တွက်ဆပြီးသားပါ။ မင်းက ပျော်ရွှင်စွာလမ်းခွဲသွားတာ။ မင်းက ချမ်းသာခြင်းကို မက်မောတဲ့မိန်းမပဲလေ"

ချစ်ဦးမောင်ရဲ့ဘဝမှာ လူမမယ်တူလေးနှစ်ယောက်၊ ညီတစ်ယောက်နှင့် ဒီအလုပ်၊ ဒီသံသရာထဲမှာ ကျင်လည်နေသည်။ ခုတော့ လွမ်းကြိုးတစ်မျှင် တိုးလာပြန်သည်။

"ဆန်းဒေဝီ"

မီးပြမျှော်စင်ကိုမှီပြီး အိပ်ငိုက်နေရာမှ မျက်လုံးဖွင့်ကြည့်ပြီး ပြန်ငိုက်သည်။

"ဆန်းဒေဝီထ .. လာ ထမင်းသွားစားကြစို့"

ချစ်ဦးမောင် ဆန်းဒေဝီလက်ကိုဆွဲယူလိုက်ပြီး ကားဆီသို့ ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

နံရံပေါ်ရှိ ဓါတ်ပုံထဲက မွန်းကေရီ၏အကြည့်ရဲ့အပြုံးတစ်ခုက ကံထူးမောင်၏အတွင်းစိတ်ကို သိနေသယောင် . . .

ဓါတ်ပုံကိုကြည့်နေရာက သူ့လိပ်ပြာသူမလုံ။ သူ့အကြည့်ကို လွှဲလိုက်ပြီး . . .

"မင်းကို ခုချိန်ထိ မျှော်လင့်နေတုန်းပါ ကေရီ"

"သူဌေး"

မွန်းကေရီအကြောင်း တွေးနေစဉ် ရုတ်တရက်ခေါ်လိုက်သော အသံကြောင့် ဆတ်ခနဲတုန်သွားသည်။ မွန်းကေရီ၏ အရိုန်အဝါသည် ခုထိသူ့ကို လွှမ်းမိုးနေဆဲ။

"ဘာ . . ဘာဖြစ်လို့လဲ အတွင်းရေးမှူး"

"မွန်ထရေယ်ကားစက်ရုံက မက်ဆေ့ချ်ပို့ထားတယ်။ ကျွန်တော်တို့ကားဒီဇိုင်းကို ဥရောပဈေးကွက်က ကြိုက်ကြတယ်။ နောက်ထပ်လည်း အမှာစာတွေထပ်ပို့ထားတယ်တဲ့"





ကံထူးမောင် အတန်ကြာအောင် စဉ်းစားသည်။

"ခေါင်းလောင်းတပ်ထားတဲ့ ကားပုံစံကိုလား"

"ဟုတ်တယ်သူဌေး . . အဲဒါ ကေရီရဲ့စိတ်ကူးလေ"

"အဲဒီခေါင်းလောင်းကြောင့် ပိုကြိုက်ကြတာထင်တယ်။ ဂျပန်တိုယိုတာကုမ္ပဏီက ဒါရိုက်တာ YAGAGIMA ရာဂကြီးမားနဲ့အဖွဲ့ ကျွန်တော်တို့ကားစက်ရုံကို လေ့လာဖို့ ဒသသတာဝါဟိုတယ်မှာ တည်းနေကြတယ်။ အဲဒါ အဖွဲ့ဝင်မင့် တောင်းထားတယ်။ ဘယ်အချိန်လောက် ချိန်းလိုက်ရမလဲ"

"သူတို့စားသောက်ပြီးမယ့်အချိန်လောက် မှန်းချိန်းလိုက်လေ"

"နက်ဖြန် စက်ရုံသွားဖို့အတွက် အတွင်းရေးမှူးပြင် ဆင်ထားပါ"

"ကောင်းပါပြီ။ မိတ်ကပ်ဆရာပါ မှာထားလိုက်ပါ့မယ်"

အတွင်းရေးမှူး ကိုဦးမောင် ခါးကုန်းလိုက်ပြီး ပြန်ထွက်သွားသည်။

လူတို့သည် အစဉ်အလာရေ ရေစီးကြောင်းထဲတွင် စီးမျောနေတတ်သည်မဟုတ်။ ဆန်းသစ်တီထွင်မှုကို အစဉ်သဖြင့် တောင်းဆိုနေကြသည်။ ဂီတရေစီးကြောင်းကိုပဲကြည့်မလား။ ယနေ့ကမ္ဘာတွင် လူမည်းတို့၏ ပေါက်ကွဲသံစဉ်များက ဟစ်ဟော့ဂီတအဖြစ် ကမ္ဘာအနှံ့ လွှင့်စင်သွားသည်။ မြန်မာပြည်တွင် လူဝါပေါက်ကွဲသံစဉ်က ဟစ်ဟော့ဂီတဖြစ်လာသည်။

ကမ္ဘာတွင် ဟစ်ဟော့ဂီတမပေါ်ခင် အပျူသခေါ်ကပင် မြန်မာပြည်၌ ဒိုးပတ်ဝိုင်းနှင့်တွဲ၍ မြန်မာ့ဟစ်ဟော့(သံချပ်) သီဆိုတွေ အပြတ်ခေတ်စားခဲ့သည်။ တကယ်တော့ ဟစ်ဟော့အစ မြန်မာက ဖြစ်ကြောင်းကို ယနေ့ခေတ် ရက်ပါတွေက ဂုဏ်ယူသင့်ကြသားပြီး



www.burmeseclassic.com

www.burmeseclassic.com



လှမည်းတွေကို သနားသဖြင့် ပြောပြသင့်ပေသည်။

ထိုကဲ့သို့ပင် နှုတ္ထရယ်ကားဇာ်ပွန်းကို "စွမ်းအင်လည်း ရွေတာစေ၊ ဒီဖိုင်းလည်းဆန်းစေ" ဟူသည့်စကားရဲ့ဇာ် ဆောင်ပုဒ်နှင့် အညီ တီထွင်ထုတ်လုပ်ခဲ့သည်မို့ လူကြိုက်များ၍ ရောင်းအားကောင်းခြင်းဖြစ်လေသည်။ ရှည်လျားသော အတွေးမျှင်ပြတ်တောက်သွားသည်နှင့် ကံထူးမောင်ဇာ်စိတ်ထဲမှာ ကျွတ်ဆတ်မာကျောထက်မြက်သည့် မွန်းဇကာရီကို သတိတရရှိနေမိသည်။







## အခန်း ( ၁၉ )

"သစ်(စ) အစ်(စ)အေ ဘုတ် (ခ)"

"အင် .. "

ဆန်းဒေဝီ မျက်ခုံးတွန့်သွားပြီး ...

"ဟဲ့ .. လုံးလုံး .. ဘယ်က သစ်စတွေ၊ ပါးစတွေလဲ နှင်ဆိုတာ အလွဲတွေချည်းပဲ။ ငါဆိုပြမယ်"

"သစ်ဖ်စ် အယ် ဘွတ်(ခ်) .. လိုက်ဆိုကြည့်"

"သစ်ဖ်စ် အယ် ဘွတ်(ခ်)"

" "

......

" "

.....

ဆန်းဒေဝီ ပါးစပ်ကလွှတ်ခနဲဆိုလိုက်ပြီးမှ သူ့ကိုယ်သူ အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ဒါတွေ ငါဘယ်လိုလုပ်သိနေပါလိမ့်"

"ဒေါ်ကြီးက သားတို့စာတွေလည်း ရတယ်နော်။ သိပ်တော်တာပါပဲ။ သားတို့ကို မုန့်ဝယ်ကျွေး"

"ဘာမှလည်းမဆိုင်ပါလား ပြူးပြူးရယ်။ ကဲ .. ကဲ လာ ငါဝယ်ကျွေးပါ့မယ်"

ဆန်းဒေဝီ ကလေးနှစ်ယောက်နှင့် အပြင်ထွက်လာသည်။ လုံးလုံးနှင့် ပြူးပြူးရှေ့ကပြေးပြီး ဆန်းဒေဝီ နောက်ကပြေးလိုက်သည်။

"အစ်မ .. အစ်မ နင်တို့ စိမ်ပြေးတမ်းကစားတာလား။ ငါပါပါမယ်လေ။ ပြေးနိုင်မှ လွတ်မယ်ဟေ့ .. နော်"

အရင်တစ်ခါ သူ့ကိုအကြောင်ရိုက်ခဲ့သည့် ကောင်မလေး သူတို့နောက်က ပြေးလိုက်လာသည်။ လမ်းပေါ်မှာ ကလေးနှစ်ယောက်နှင့် မိန်းမငယ်လေးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးနေကြသည်။ မာစီးဒီးကားနက်ကြီးတစ်စီး သူတို့ဘေးက ဖြတ်ကျော်သွားသည်။ ကားထဲက နှုတ်ခမ်းမွေးပြောင်ပြောင်နှင့်လူက သူတို့ကို မှတ်ချက်ပေးသည်။

"မကြီးမငယ်နဲ့ စိမ်ပြေးတမ်းဆော့နေကြတယ်။ လင်ယူသားမွေးအရွယ်တွေ ဖြစ်နေပြီ"

ကားနောက်ကြည့်မှန်ထဲမှာ ဆန်းဒေဝီကို မြင်လိုက်သည်နှင့် ထိုသူ၏ နှုတ်ခမ်းမှာကပ်နေသော ဆံပင်တွေ ထောင်လာသည်။

"ကောရီများလားမသိဘူး"

ထိုကားမောင်းလာသူမှာ မဟာနှုတ်ခမ်းမွေးနှင့် ခန့်ညားလှသော အတွင်းရေးမှူး ကိုဦးမောင်ဖြစ်လေသည်။

သူတို့မုန့်ဆိုင်ရှေ့မှာ ဟုန့်ခနဲရပ်သွားသည်။ ဆန်းဒေဝီ အသားညှပ်ပေါင်မုန့်တွေ ဝယ်ခဲ့ပြီး တောင်ကုန်းလေးပေါ် တက်

ချစ်တောင်ခြားစာပေတိုက်



သွားကြသည်။ တောင်ကုန်းထိပ်မှာ အမောဖြေရင်း မုန့်စားကြသည်။

ခဏလေးလေးရောက်မှ ကိုဦးမောင်ကားကို နောက်ကြောင်းပြန်လှည့်သည်။ မုန့်ဆိုင်နားမှာ ကားကိုရပ်သည်။ ကားပေါ်ကဆင်းပြီး ဟိုဟိုဒီဒီ ကျုံးကန်းတောင်မော့ကြည့်လိုက်ကြည့်နေသည်။ ဘယ်မှရှာမတွေ့။ သူတို့ထိပ်ပြောင်ပြောင်ကို အပေါ်စီးမှ လှမ်းမြင်ရသည်။ ကိုဦးမောင် ကားပေါ်ကို ပြန်တက်ပြီး မောင်းထွက်သွားသည်။

"ဒီလူ .. ဘာလာရှာတာလဲမသိဘူး။ အူကြောင်ကြောင်နဲ့"

ဆန်းဒေဝီစိတ်က တွေးနေစဉ် ...

"အဒေါ်ကြီးက သူနဲ့သိလို့လား။ သူက ဒါမကောင်းဘူး။ ငေါက်နေတာ"

လုံးလုံးက သူတို့နောက်လိုက်လာသော ကောင်မလေးကို ရည်ညွှန်းနေခြင်းဖြစ်သည်။

"အစ်မ ဝယ်ကျွေးတဲ့မုန့်ကစားလို့ ကောင်းလိုက်တာ။ တကယ်စားရင် ဆယ်လုံးလောက်ကုန်မယ်"

"ဘုရား ... ဘုရား ဒါနဲ့ ညည်းနာမည်က ဘယ်သူ"

"မိုးပေါ်ကကျလာတဲ့ နတ်မိမယ်လေးမို့ နတ်မိမယ်လို့ မှတ်ထားလေ"

ဆန်းဒေဝီတွင် စိတ်မနှံ့သော နတ်မိမယ်ဆိုသည့် မိတ်ဆွေတစ်ယောက် တိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးမောင်တစ်ယောက် ဈေးကြီးသုတ်ပြာဖြင့် ရင်ဖကိုဖိပြီး ပြေးဝင်လာသည်။

"အတွင်းရေးမှူး .. ဘာဖြစ်လာတာလဲ။ ကျားနဲ့တွေ့ခဲ့လို့လား"

ကိုဦးမောင် မျက်လုံးတွေပြူးထွက်လာပြီး

"ကျားထက်ဆိုးတဲ့ မွန်းကေရီနဲ့ တွေ့ခဲ့တယ်သူဌေး"

"ဘာ"

"မွန်းကေရီ ဟုတ်ရဲ့လား ကိုဦးမောင်ရယ်။ လူချင်းတူတာများလား"

ကိုဦးမောင်က ရေသန့်ဘူးကို မော့သောက်နေရင်းက...

"လူချင်းတူတာမဟုတ်ဘူး။ သူမှသူအစစ်။ လမ်းပေါ်မှာကလေးတွေနဲ့ လျှောက်ပြေးနေတာ။ နောက်ကြောင်းပြန်လှည့်ကြည့်တော့ မရှိတော့ဘူး"

ကံထူးမောင် ရှုံ့ဆေးဘူးကို နှာဝမှာတေ့လိုက်ပြီး ...

"မဖြစ်နိုင်ဘူး။ ဖြစ်ခဲ့ရင်တောင် ရူးနေတာဖြစ်မယ်"

အပ်အစရှာမရသလို ပျောက်ဆုံးနေသူကို ပြန်တွေ့လျှင် ရွှေအိုးကောက်ရသလို ဝမ်းသာနေမည့်အစား နှုတ်ဆိုးနှင့် တွေ့ဘီသကဲ့သို့ ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ကံထူးမောင် မျက်စိမျက်မျက်နှာပျက်ဖြင့် ...

"အတွင်းရေးမှူး ဒါဆိုရင် လူပျောက်စုံစမ်းရေးဌာနကို မြန်မြန်သတင်းပို့ထားမှဖြစ်မယ်။ မဟုတ်ရင် ကျုပ်တို့အပြစ်ဖြစ်လိမ့်မယ်။ အဲဒီကိစ္စ အမြန်ဆုံးဆောင်ရွက်လိုက်ပါ"

"ဟုတ်ကဲ့ပါသူဌေး"





## အခန်း ( ၂၀ )

လုံးလုံးနှင့်ပြူးပြူး ကြမ်းပြင်ပေါ်မှာ အရုပ်တွေနှင့် ကစားနေကြသည်။

"လုံးလုံး ... အဲဒီကား ငါ့ကိုပေး"

"ငါ့ကားကို မင်းယူထားပြီး မင်းလောဘသိပ်ကြီးနဲ့"

"ငါ့ဟာပေး" "မပေးဘူး" "ပေး"

"ငါ့ဟာပြန်ပေး" "မပေးဘူး"

ဆန်းဒေဝီ ထိုင်ခုံပေါ်မှာ စာအုပ်ဖတ်နေရင်း နားငြီးလာသည်။ စာအုပ်ကိုအသာချလိုက်ပြီး သူတို့နှစ်ယောက် လုနေသောမြင်ကားလေးကို လှမ်းယူလိုက်သည်။

"ရွတ်"

မြင်ကားလေးကို ခါးလယ်က ချိုးချလိုက်ပြီး ...

"ရော့ .. တစ်ယောက် တစ်ခု"

ကလေးနှစ်ယောက် ဒေဝီကိုကြောင်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝါး .. ဝါး .. ဝါး သားကားလေးပျက်စီးသွားပြီ။ ဒီးယား"

"နောက်ကို နင်တို့နှစ်ယောက် အဝေမတည့်ရင် အဲဒီလို အညီအမျှခွဲပေးမယ် သိလား"

လုံးလုံးနှင့်ပြူးပြူးတို့နှစ်ယောက် ဆိုင်လင်ဇာ တစ်ပေးလိုက် သလို အသံတိတ်သွားသည်။ ဆန်းဒေဝီ ဖတ်လက်စစာအုပ်ကို ကောက်ယူပြီး ပြန်ဖတ်သည်။ စာအုပ်ထဲမှာ အင်္ဂလိပ်အက္ခရာ 'အေ' ပုံသဏ္ဌာန် မျှော်စင်ကြီးကိုကြည့်ပြီး သူ့ခေါင်းကို လက်နှင့်ခေါက်ပြီ

"အင်း .. ဒီနေရာကို ငါရောက်ဖူးတယ်။ ဘယ်မှာလဲ၊ ဘယ်မှာလဲ ပါရီ .. ပါရီက အီဖယ်မျှော်စင်"

"ဒါဆိုရင် ငါကဘာလဲ"

ကလေးနှစ်ယောက်က သူ့ကိုမော့ကြည့်လိုက်ပြီး ..

"ဒေါ်ကြီးက မိန်းမပေါ့ .. ဘာဖြစ်ရမလဲ"

ချစ်ဦးမောင် ပြန်ရောက်လာသည်။ သုတ်သီးသုတ်ပြာနှင့်

"ဘာတွေဖြစ်နေကြတာလဲ။ နောက်မှရှင်းကြ။ ဒီနေ့ညစာကို အပြင်မှာသွားစားကြမယ်။ အမြန်ဆုံး ပြင်ဆင်ထားကြပေ့"

"ဝေး .. ဒါမှ တို့ဦးလေးကွ"

ကလေးတွေ ပျော်ရွှင်စွာ ထခုန်ကြသည်။

ဆန်းဒေဝီသည် မိန်းမတွေထဲကမိန်းမမဟုတ်။ မိတ်ကပ် လိမ်းချယ်ခြင်းမရှိ၊ ပင်ကိုယ်အတိုင်း လှနေသည်။ ဖြောင့်စင်းသွယ် တန်းနေသော ဆံပင်တွေက သူ့ပခုံး၏ပုံသဏ္ဌာန်အတိုင်း အိဆင်း နေသည်။ အနားမညီသော စကတ်၊ အကွက်ကြီးကြီးကို ဝတ်ဆင် ထားသည်။ သူ့အလှက ပိုပြီးထင်ရှားပေါ်လွင်နေသည်။ လုံးလုံး နှင့် ပြူးပြူး ဝတ်စုံသစ်တွေနှင့် ဝမ်းဆက်ဝတ်ဆင်ထားကြသည်။ ကားစက်နှိုးသည်နှင့် လွှတ်တင်ခါနီး အာကာသယာဉ်တစ်စီးလို



ကားနောက်ပိုင်းမှ မီးခိုးတန်းတွေ လုံးထွက်ခဲ့သည်။ ကားလေးက လမ်းမပေါ်မှာ အားကြိုးမာန်တက် ပြေးလွှားနေသည်။

ခမ်းနားလှန်းတဲ့ အဆင့်မြင့်စားသောက်ဆိုင်တွေ လမ်းဘေးမှာ နိုပ်ခနဲ၊ ရိုပ်ခနဲ ကျန်ခဲ့သည်။

"ဦးလေး စားသောက်ဆိုင်တွေ နောက်မှာကျန်ခဲ့ပြီလေ။ ဘယ်ကို မောင်းနေတာလဲ"

လုံးလုံးနှင့်ပြူးပြူး အသံထွက်လာသည်။

"မင်းတို့က ကိုယ့်ဦးလေးအကြောင်း ခုထိမသိကြဘူး"

"ဟုတ်တယ် .. သူမောင်းရင် ဈေးအပေါဆုံးနေရာပဲ ဖြစ်မှာ ပေါ့"

တစ်လမ်းလုံး နှုတ်ဆိတ်နေသော ဆန်းဒေဝီ နှုတ်ခမ်းတွန့် ပြီး လှမ်းပြောလိုက်သည်။

"ဒေဝီပြောတာ ကွက်တိပဲ။ ဈေးနှုန်းလည်းချိုသာ၊ စားလို့ လည်းကောင်းတဲ့ ပေါချောင်ကောင်းစားစရာဆိုင်ကို မောင်းနေတာ။ အားလုံးသဘောတူမဟုတ်လား"

သူတို့ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



"ပေါ်ချောင်ကောင်း ရှမ်းစားစရာ" ဆိုင်လေးက တောင်ကုန်း
ပေါ်တွင်တည်ရှိသည်။ တိုင်လုံးတွေကို ရှမ်းအိုးစည်ပုံစံ ပြုလုပ်
ထားသည်။ စားပွဲမှာ ရှမ်းအိုးစည်အကြီးကြီးဖြစ်သည်။ တစ်ဆိုင်လုံး
ရှိ သူများမှာ ရှမ်းအမျိုးသားဝတ်စုံနှင့် ဖော်ရွေပျူငှာလှသည်။ ဆိုင်
အပြင်ဘက်ဝရံတာရှိစားပွဲတွင် သူတို့နေရာယူလိုက်ကြသည်။
ပင်လယ်ပြင်ကို မျက်စိတဆုံး၊ အပေါ်စီးမှ လှမ်းမြင်နေရသည်။
ဝိတ်တာလေးတစ်ယောက် မီနူးစာအုပ်ကလေး လာချပေးသည်။

"ဘာများ သုံးဆောင်ကြမှာလဲခင်ဗျာ"

ချစ်ဦးမောင် စားစရာအမျိုးအမည်နှင့် ဈေးနှုန်းတွေအကုန်ဖတ်
သည်။ ဟောတွေ့ပြီ။

"ရှမ်းခေါက်ဆွဲလေးပွဲနဲ့ ဝက်ခေါက်ကြော်ပွဲကြီးတစ်ပွဲ"

ဝန်ဆောင်မှုကောင်းပုံများ သိပ်မကြာလိုက်။ ရှမ်းခေါက်ဆွဲနှင့်
ဝက်ခေါက်ကြော်ရောက်လာသည်။

"ရွှမ်း ... ရွှမ်း ... ရွှမ်း"

ဆန်းဒေဝီ ဝက်ခေါက်ကြော်ကို တူနှင့်ယူ၍ ဝါးနေခြင်းဖြစ်သည်။

"ရွှမ်း .. ရွှမ်း .. ရွှမ်း"

မြူးပြုံ့ နှင့်လုံးလုံတို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး အတင်း
ပြောနေသည်။

"ခေါကြီးလက်မြန်ပုံကတော့ မော်တာတပ်ထားသလိုပဲနော်"

သူတို့အားလုံး ရှမ်းခေါက်ဆွဲပန်းကန်ထဲကို ခေါင်းနှစ်၍ စား
နေကြသည်။

"ဝေါ် .. ဝရော .. ဝူး .. ဝေါ်"

ဆူညံသံတွေကြောင့် ပင်လယ်ပြင်ဘက်ကို သူတို့မြင်တူ လှမ်း
ကြည့်လိုက်ကြသည်။





"လုံးလုံး ဟိုမှာကြည့်စမ်း။ ရေထဲမှာ ငပိဖုတ်တွေ လှလိုက်
တာကွာ"

ချစ်ဦးမောင် ပါးစပ်ထဲက ရှမ်းခေါက်ဆွဲတွေ "ဖျွး"ကနဲ
ထွက်သွားသည်။

"ပင်လယ်ထဲမှာ ဘယ်က ငပိဖုတ်ရှိရမှာလဲကွ။ စပိဘုတ်တွေ
မောင်းနေတာမှတ်ထား။ နောက်ကိုမှားပြီး မပြောနဲ့"

"တောသားတွေ ... ရယ်ရတယ်နော်"

ဆန်းဒေဝီ သူတို့ကို လှမ်းနောက်သည်။ သူ့ပန်းကန်ထဲမှာ
ဘာမှမရှိတော့။ ဝိတ်တာလေးတစ်ယောက်ကို သူလှမ်းခေါ်သည်။

"ရှမ်းခေါက်ဆွဲ .. နောက်တစ်ပွဲ"

(( ၅၀ ))





www.burmeseclassic.com

www.burmeseclassic.com



ဟေမာန်နှင်းနှင့် နိုင်ငံခြားပြန်သူဌေးကျော်ထူးမောင်တို့ "ခိုက်ခိုက်တုန်" အအေးဆိုင်တွင် လက်ထပ်ဖို့အရေးကို အချေအတင်ဆွေးနွေးနေကြသည်။

"ကျော်ထူးမောင် .. ရှင်ပြောတုန်းက ကျွန်မနဲ့အမြန်ဆုံး လက်ထပ်ဖို့စီစဉ်ပြီးပြီဆို။ ခုမှ ဘာဖြစ်လို့ အချိန်ဆွဲနေတာလဲ"

"လက်ထပ်ဖို့စီစဉ်ပြီးတာ အခုမှမဟုတ်ဘူး။ မင်းနဲ့စတွေ့ကတည်းက စီစဉ်ပြီးသားဖြစ်နေတာ။ ကိုယ့်ကိုအချိန်ကာလ တစ်ခုတော့ မင်းဘက်ကသည်းခံပြီးစောင့်ပေးစေချင်တယ်"

"ဘယ်အချိန်လဲ။ ဘယ်ကာလအထိ စောင့်ရမှာလဲ။ ဘိုးဘွားရိပ်သာက စောင့်ရမှာလား"

စကားပြောရင်း ဟေမာန့်ဘက်က တင်းမာလာသည်။

"အာ .. ဒီလိုလည်း မဟုတ်ပါဘူး ဟေမာန်လေးရယ်။ ကိုယ့်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေဟာ မင်းအတွက်ပါ။ ဒီတစ်ခေါက် ကိုယ်နိုင်ငံခြားကပြန်လာတာနဲ့ ငင်းနှစ်စံချိန်တင်နိုင်မယ့် ကမ္ဘာ့အခမ်းအနားဆုံး မင်္ဂလာဆောင်ဖြစ်ဖို့ ကိုယ်ကြိုးစားနေတာပါ။ ကိုယ့်ကိုနားလည်ပေးပါနော် .. နော်"

ကျော်ထူးမောင် သူ့မျက်မှန်နက်ထဲမှ ဟေမာန်နှင်းမျက်လုံးတွေကို ဖတ်ကြည့်နေသည်။ တဖြည်းဖြည်း သူမမျက်ဝန်းတွေ ရွှန်းလဲ့တောက်ပလာသည်။ ကျော်ထူးမောင်က မျက်မမြင်လို ဟေမာန်နှင်းရဲ့လက်ချောင်းတွေကို ကိုင်တွယ်ပွတ်သက်နေသည်။ ဟေမာန်နှင်းက ပျင်းတွဲတွဲအသံဖြင့်

"ရှင့်ကတိတည်ပစေနော်"





**အခန်း ( ၂၁ )**

BURMESE CLASSIC

ကိုဦးမောင်လမ်းညွှန်သည့်အတိုင်း သူဌေးကျော်ထူးမောင် ကားကိုမောင်းနှင်လာသည်။ တောင်ကုန်းလေးတွေကို ဖြတ်ကျော်မောင်းနှင်သည်။ မှတ်တိုင်အလွန်တွင် ကားကိုရပ်လိုက်သည်။ ကားပေါ်မှဆင်းလိုက်ပြီး ဟိုဟိုဒီဒီလျှောက်ကြည့်သည်။ အုတ်ခုံဖြူဖြူလေးပေါ်မှာ ကောင်မလေးတစ်ယောက်ထိုင်နေသည်။ မှန်းကောရီများတွေ့လိုကျွေးပြား လျှောက်ကြည့်မိသည်။ အုတ်ခုံပေါ်က ကောင်မလေး နားရွက်နှစ်ဖက်မှာ ဆယ့်နှစ်ရာသီပန်းဝါလေးနှစ်ပွင့် ပန်ထားသည်။ ဆံပင်တွေက မာမီးခေါက်ဆွဲလို လှိုင်းတွန့်နေသည်။ ကောင်မလေးက သူ့ကိုပြုံးပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး .. ဘာထမ်းလာသလဲ အဲ .. မဟုတ်ပါဘူး ဦးလေးဘာရှာနေတာလဲ"

ရုတ်တရက်မို့ ကံထူးမောင် ဘာပြောရမှန်းမသိ။ နောက်မှ ဉာဏ်နီဉာဏ်နက်တွေ ပေါ်လာသည်။

"ဘာရယ်မဟုတ်ပါဘူး။ ဦးလေးလည်း ပျင်းတာနဲ့ စိမ်ပြေးတမ်းကစားဖို့ အဖော်လိုက်ရှာတာ။ ဒါနဲ့ ညည်းနာမည် ဘယ်လိုခေါ်လဲ"

"အပြတ်သိမှယ် .. နတ်နီမယ်လို့ခေါ်ပါတယ်"

"နတ်မီမယ် .. မိန်းမလှလေး မာယာတွေ သိန်းသန်းမက ဖမ်းစားထား"

"အလို ဦးလေးက အဆိုလည်းကောင်းသားပဲ။ ဒါဆိုရင် နတ်မီမယ်တို့နဲ့ဦးလေးကစားလို့ရပြီ"

"ဦးလေးကို နတ်မီမယ်ရဲ့ကစားဖော်တွေဆီကို ခေါ်သွားမယ် လာ.. လာ"

"ဦးလေးမှာ ကားပါတယ်။ ကားနဲ့သွားကြတာပေါ့"







မာစီးဒီးကားနက်ကြီး ဆန်းဒေဝီတို့အိမ်ရှေ့မှာ ထိုးရပ်သည်။

"ဝူး .. ကျွီ"

"ဦးလေး ပြန်လာပြီထင်တယ်"

ကလေးတွေ အိမ်ရှေ့သို့ ပြေးထွက်လာသည်။ ဆန်းဒေဝီပါ နောက်ကထွက်လာသည်။

"ဟင် .. ဦးလေးကားလည်း မဟုတ်ဘူး။ ဘယ်သူတွေလည်း မသိဘူး"

ဆန်းဒေဝီစိတ်ထဲမှာ ဒီလူကို မြင်ဖူးသလိုလိုရှိနေသည်။ ဦးနှောက်ယန္တရားက အလုပ်ရှုပ်သွားသည်။ အတန်ကြာမှ ဦးနှောက်က သတင်းပြန်ပို့သည်။

အဲ .. ဟုတ်ပြီ။ အသီးညှပ်ပေါင်မုန့်ထွက်စားတဲ့နေ့က လှေပြောင်ကြီးနှစ်ယောက်ထဲက လူ။ သူ့နောက်က နတ်မီမယ် ဆင်းလာသည်။

ဆန်းဒေဝီကိုမြင်လိုက်သည်နှင့် ကံထူးမောင်ခြေလှမ်းတွေ တွန့်သွားသည်။ မာစီးဒီးကားနက်ထဲက ခွေးဘီလူးတစ်ကောင် ခုန်ဆင်းလာပြီး ဆန်းဒေဝီရှိရာကို တစ်ဟုန်ထိုးပြေးလာသည်။ နတ်မီမယ်လေး ထိတ်လန့်သွားပြီး

"ဦးလေ .. ခွေး .. ခွေးကြီးလုပ်ပါဦး"

ကံထူးမောင် သတိဝင်လာပြီး ...

"ဂျစ်ပစီ .. လာ .. လာ မကိုက်ရဘူးနော်"

တကယ်တမ်း ဂျစ်ပစီ သူ့သခင်ကိုတွေ့၍ ဝမ်းသာအားရ ပြေးလာခြင်းဖြစ်သည်။

"အီ ... အီ .. အု .. အု"

ဂျစ်ပစီက အမြီးကိုလှုပ်ရမ်းပြီး ဆန်းဒေဝီကိုယ်ပေါ်ကို အငမ်းမက်တက်သည်။ ဆန်းဒေဝီက သူ့ကိုအလိုက်သင့်ပွေ့ဖက်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



"အမယ် .. ဟောကောင်ရုပ်ဆိုးကြီး မင်းက ငါ့ကိုသိနေလို့လား"

ဂျစ်ပစီက ဆန်းဒေဝီစကားကို နားလည်သယောင် တအီအီ အသံပေးပြီး သူ့မလက်တွေကို လှုပ်နှင့်လှုပ်နေသည်။ လုံးလုံးနှင့် ပြူးပြူးတို့နှစ်ယောက် ဆန်းဒေဝီကိုကြည့်ပြီး အံ့သြနေသည်။

"ဟာ .. ဒေါ်ကြီးက တော်တော်စွမ်းတယ်ကွ။ ခုမှတွေ့တဲ့ ခွေးဘီလူးကြီးက သူ့ကိုချက်ချင်းခင်သွားတယ်နော် ပြူးပြူး"

"အေး .. ဟုတ်တယ်ကွ .. ငါက ပြေးကိုက်ပြီထင်နေတာ"

ဆူဆူညံညံအသံတွေကြောင့် ခြံထောင့်အိမ်လေးထဲမှ ဂျယ်လီ နိုးလာပြီး နားရွက်နှစ်ဖက်ကိုထောင်၍ နားစွင့်သည်။ အသံကြား ရာကို လှမ်းကြည့်သည်။ ခွေးဘီလူးဂျစ်ပစီကိုမြင်သည်နှင့် သူ့အိမ် လေးထဲမှ လွှားခနဲခုန်ထွက်လိုက်ပြီး ဂျစ်ပစီကို ပြေးလိုက် တော့သည်။

"ဂါး .. ဂရူး .. ဂူး .. ဂဲ"

"ကိန် ... ကိန် ... ကိန် .. ကိန်"

ခွေးနှစ်ကောင် ရန်ဖြစ်နေသည့်မှာ အသေအလဲကိုက်နေသည်။ ကံထူးမောင် မနေသာတော့။ ခွေးနှစ်ကောင်နားကိုပြေးလာပြီး

"ဂျစ်ပစီ .. လာ .. လာ .. ဂျစ်ပစီ .. ဂျစ်ပစီ"

နတ်မိမယ်က ဘာမပြော၊ ညာမပြော အနားမှာရှိသည့် ရေပုံး ကို ဆွဲယူလာပြီး ခွေးနှစ်ကောင်ကို ပက်ထည့်လိုက်သည်။

"ပွမ်း"

ခွေးနှစ်ကောင် အနားမှာဖုန်ဖြေရေးလုပ်နေသည့် ကံထူးမောင် တစ်ကိုယ်လုံး ရေတွေရွှဲနစ်ကုန်သည်။

"အား .. ဖရူး"

"ဟာ .. ဦးလေးကြီး ကန်တော့ .. ကန်တော့နော်"





နတ်မိမယ်က ထိတ်ထိတ်ပျာပျာဖြင့် တောင်းပန်ရှာသည်။ ကံထူးမောင် စိတ်ပျက်လက်ပျက်ဖြင့် ဂျစ်ပစီကိုခေါ်ပြီး ကားပေါ် တက်ကာ မောင်းထွက်သွားတော့သည်။ နတ်မိမယ်က နောင်တ ရသွားပုံဖြင့်

"သွားပါပြီ .. ကစားဖော်တစ်ယောက်တော့ မိတ်ပျက်ပါပြီ"



ဆန်းဒေဝီတစ်ယောက်တည်း အိမ်သန့်ရှင်းရေးလုပ်နေသည်။ ဘစင်အောက်က ဘီရိုတံခါးကိုဖွင့်လိုက်သည်နှင့် ဘီရိုထဲက းဟပ်တွေ ထွက်လာသည်။

"အမလေးတော့"

ဆန်းဒေဝီ ကြောက်လန့်ပြီး ထွက်ပြေးသည်။ ဘီရိုတံခါးကို ပြန်ပြန်ပိတ်လိုက်ပြီး အခြားနေရာကို သန့်ရှင်းပြန်သည်။ နံရံ ကြားမှ ပိုးဟပ်တွေ တန်းစီပြီးထွက်လာသည်။ သူ့ခြေထောက်တွေ င် လိုက်ပြီးနင်းချေပစ်သည်။ ပိုးဟပ်တွေကုန်မသွားဘဲ အများကြီး ွက်လာပြီး သူ့ခြေထောက်တွေပေါ် တက်လာသည်။ ဆန်းဒေဝီ ခန်းထဲက ပြေးထွက်လာပြီး သူ့စကတ်ကြီးကိုမပြီး တဖုန်းဖုန်းခါ ါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေနာကောင်တွေ .. ငါ့အကြောင်းသိရမယ်" ဆန်းဒေဝီ ချစ်ဦးမောင်၏ စတိုခန်းအတွင်းသို့ဝင်ပြီးမွှေသည်။

"အင်းဆက် ကီလာ .. ဒီအခန်းထဲမှာ ရှိတယ်လို့ ပြောဖူးတယ်"

စင်ပေါ်ကပစ္စည်းတွေ တစ်ခုပြီးတစ်ခု ယူကြည့်သည်။ အပြာရောင်ဘူးရှည်တစ်ဘူးကို ယူကြည့်လိုက်သည်။ ဟုတ်ပြီ။ ပိုးဟပ်နိုင်တဲ့ဆေးတွေ့ပြီ။ ဘူးပေါ်ကအညွှန်းကို သူဖတ်သည်။ ဘူးမှထွက်နေသည့် စနက်တံလိုအစလေးကို မီးနှင့်တို့ပြီး ပိုးဟပ်များရှိရာအခန်းမှာ ချထားပေးရုံသာ။ လေလုံနေတဲ့အခန်းတံခါးတွေ ဖွင့်ပေးဖို့ကိုတော့ ကျန်ခဲ့သည်။

ဆန်းဒေဝီ ဘူးပေါ်ကအစလေးကို မီးရှို့ပြီးအခန်းထဲမှာ ချထားလိုက်သည်။ မီးခိုးတွေ ထွက်လာသည်။

ကံထူးမောင်တစ်ယောက် ကားကိုအိမ်နှင့်ဝေးဝေးမှာ ရပ်ထားခဲ့ပြီး ဆန်းဒေဝီအိမ်နားသို့ တရွေ့ရွေ့ချဉ်းကပ်လာသည်။ တစ်အိမ်လုံးတိတ်ဆိတ်နေပြီး လူရိပ်လူယောင်မတွေ့ရ။ စိတ်က စိုးတထိတ်ထိတ်နှင့် အိမ်ပေါက်ဝနားရောက်လာသည်။ အိမ်ထဲမှာ တဖြည်းဖြည်းနှင့် မီးခိုးတွေ အူထွက်နေပြီး တံခါးဝမှ အပြင်ဖက်သို့ ထွက်လာသည်။ ဆန်းဒေဝီအိမ်ထဲမှာ ကြာကြာမနေနိုင်တော့။ ဆံပင်စုတ်ဖွားနှင့်မျက်နှာတွေမှာ မဲတူးပေကျံနေသည်။ အိမ်ထဲမှာ မည်းမှောင်နေပြီး ဘာမှမမြင်ရတော့။ စင်ပေါ်ကခါတ်မီးကိုယူပြီး ဖွင့်လိုက်လည်။ မီးနီလေးပွင့်လာသည်။ အသက်ရှူမဝဖြစ်လာပြီး ခါတ်မီးကိုင်သည့် လက်နှင့်အငွေ့တွေကို ခါထုတ်နေသည်။ အပြင်ဖက်က ချဉ်းနင်းဝင် လာသည့်ခြေသံတစ်ခုကို ကြားရသည်။





ထောင့်မှာထောင်ထားသည့် ဘေ့စ်ဘောတုတ်ကို ကောက်ကိုင်လိုက်သည်။ ကံထူးမောင် အိမ်ထဲသို့ တစ်လှမ်းချင်းတိုးဝင်လာသည်။ ခြေသံကနီးလာသည်။ ဆန်းဒေဝီက ခါတ်မီးကိုကိုင်ပြီး အငွေ့တွေကို ခါထုတ်သည်။

"အိမ်ထဲကိုဝင်ရဲရင် ဝင်လာကြည့်။ ဒီတုတ်နဲ့ကို ရိုက်ခွဲပစ်လိုက်မယ်"

မီးခိုးတွေဖုံးနေသည့်ကြားက အသံထွက်လာပြီး ခါတ်မီးရောင်ဖြင့် နီရဲနေသည့်ဆန်းဒေဝီမျက်နှာကြီးကို အနီးကပ်မြင်တွေ့လိုက်ရပြီး ကြောက်လန့်တကြားနှင့်အော်ပြီး တစ်ချိုးတည်းခြေကုန်သုတ်တော့သည်။

"အမလေး .. သရဲ .. သရဲဗျို့ လုပ်ကြပါဦး"

ဆန်းဒေဝီ မီးခိုးတွေကြားက ပြေးထွက်လာသည်။ အနီးနားက လူတွေ ဝိုင်းအုံလာကြသည်။ မာစီဒီးကားနက်ကြီးက လူအုပ်ကြားမှ မောင်းထွက်သွားလေသည်။

"ဘာဖြစ်တာလဲ။ အိမ်ထဲက မီးခိုးတွေ အူထွက်နေလို့"

ဆန်းဒေဝီက လူအုပ်ကြီးကို ဘာမှမဖြစ်သလိုနှင့် ...

"ဘာမှမဟုတ်ပါဘူး .. ပိုးဟပ်တွေကို မီးခိုးမှိုင်းတိုက်နေတာ"

လင့်ခရူဇာကားလေးနှင့် ချစ်ဦးမောင် ပြန်ရောက်လာသည်။ သူ့အိမ်မှ မီးခိုးလုံးတွေ အူထွက်နေပြီး ဝိုင်းအုံကြည့်နေသည့် လူအုပ်ကြီးကို တွေ့ရသည်။ သူကားပေါ်က ခုန်ဆင်းလိုက်ပြီး ပြေးလာသည်။

'ငါ့အိမ်တော့ကုန်ပါပြီ။ ဒါ .. ဆန်းဒေဝီလက်ချက်ပဲဖြစ်ရမယ်"

ဆန်းဒေဝီကိုမြင်သည်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆန်း .. ဒေ .. ဗီ"

"မင်း ငါ့အိမ်ကို မီးရှို့နေတာလား"

"ရှင် .. ရမ်းမပြောနဲ့။ တစ်အိမ်လုံး ပိုးဟပ်တွေနဲ့ ရစရာကို မရှိဘူး"

သည်တော့မှ ချစ်ဦးမောင် အဖြစ်မှန်ကို သဘောပေါက်သွားပြီး ...

"သြော် .. မင်းက ပိုးဟပ်ဆေးသုံးနေတာကိုး"

ချစ်ဦးမောင် အိမ်ထဲသို့ဝင်လာပြီး အိမ်တံခါးတွေကို လိုက်ဖွင့်ပြီး ...

"မင်းက အညွှန်းကိုဆုံးအောင်မဖတ်ဘူးထင်တယ်။ ဒီဆေးသုံးမယ်ဆိုရင် အိမ်တံခါးတွေကို အကုန်ဖွင့်ထားရတယ်"

ချစ်ဦးမောင်က ပါးစပ်ကပြောရင်း ပိုးဟပ်သေများကို လိုက်ရှင်းနေသည်။ ဆန်းဒေဗီက သူ့ဘက်ကိုလွင့်လာသော ပိုးဟပ်သေတွေကို ကြောက်လန့်ပြီး အခန်းပြင်သို့ ပြေးထွက်သွားတော့သည်။





ကံဇာတ်ဆရာသည် အလှည့်အပြောင်း၊ အချိုးအကွေ့များစွာဖြင့် ဇာတ်ညွှန်းရေးဖွဲ့နေသည်။

"ချစ်ဦးမောင် ဒီကိုခဏလောက်"

ချစ်ဦးမောင် ဆန်းဒေဗီဘေးတွင် ဝင်ထိုင်သည်။

"ဒီမှာ ဒီပုံကိုကြည့်ပါဦး။ ဒါ .. တရုတ်ပြည်က မဟာတံတိုင်းကြီးမဟုတ်လား"

"ဟုတ်တယ်လေ .. အဲဒါ ဘာဖြစ်လို့လဲ"

"ဒီနေရာကို ဒေဗီရောက်ဖူးတယ်။ တစ်ချို့အကြောင်းအရာတွေ ပြန်မှတ်မိနေသလိုပဲ"

ချစ်ဦးမောင် မျက်နှာပေါ်တွင် စိုးရိမ်စိတ်တစ်ခု ဖြတ်ပြေးသည်။ မျက်နှာကို ချက်ချင်းပြင်လိုက်ပြီး ဘာမှမဟုတ်သလိုပုံမျိုးနှင့်

"မြန်မြန်သတိရတော့လည်း ပိုကောင်းတာပေါ့ကွာ။ မင်းကို မြန်မြန်အိမ်ပြန်ပို့လို့ရတာပေါ့"

"ရှင်က ကျွန်မကို ပြန်စေချင်ပြီလား"

"အင်းပေါ့ .. ဒီမှာကြည့်ဦး .. ဒီလအသုံးစရိတ်တွေ"

ချစ်ဦးမောင် သူ့လက်ထဲက ဂဏန်းပေါင်းစက်ကိုပြသည်။ ဆန်းဒေဗီက လုံးဝစိတ်မဝင်စား။ မြူးကျယ်ပိုင်းစက်နေသည့် မျက်လုံးကို မျက်နက်နှစ်ဖက်ထောင့်ကပ်ပြီး ...

"ဒီကလည်း ရှင့်အိမ်မှာနေချင်လို့နေနေတာမဟုတ်ဘူး။ သွားစရာမရှိလို့ ရှင့်အိမ်မှာကပ်နေတာ။ ကျွန်မပြန်သတိရလာရင် ကုန်ကျစရိတ်တွေအားလုံး ကျွန်မပြန်ဆပ်မယ်"

ချစ်ဦးမောင် ပြောလိုက်ပြီးမှ စိတ်မကောင်းဖြစ်သွားသည်။ ကလေးတွေ အိပ်စင်ပေါ်မှာ အစီအရင်အိပ်ပျော်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ကြီး .. မပြန်ပါနဲ့။ မပြန်ရဘူး။ မပြန်ရဘူး"

သူ့ခြေလှမ်းတွေ နောက်တွန့်သွားသည်။ လုံးလုံးယောင်ပြီး ထအော်နေခြင်းဖြစ်သည်။ သူစောင်ခြုံပေးပြီးတော့ အိပ်မောကျသွားသည်။ သူ့စိတ်ထဲမှာ ဘဝင်မကျဖြစ်နေသည်။ အပြင်ပြန်ထွက်လာပြီး ဆန်းဒေဝီကိုလာကြည့်သည်။ အိပ်နေကျ ဆက်တီခုံပေါ်မှာမတွေ့။ စောင်တစ်ထည်သာ အောက်ကိုလျှောကျနေသည်။

စိုးရိမ်စိတ်တွေက နှလုံးကိုလာစောင့်သည်။ ဒေဝီ အဝတ်အစားတွေကို လိုက်ရှာကြည့်သည်။ တစ်ထည်မျှမရှိတော့။ ချစ်ဦးမောင် အိမ်အပြင်ပြေးထွက်လိုက်သည်။ ခပ်လှမ်းလှမ်း ကားလမ်းမကို လှမ်းမျှော်ကြည့်သည်။ သူ တရွေ့ရွေ့နှင့် ကားမှတ်တိုင်ရှိရာသို့ လှမ်းနေသည်။

"တွေ့ပါပြီ ဆန်းဒေဝီ"

ကျောပိုးအိတ်တစ်လုံးဖြင့် ကားမှတ်တိုင်အမိုးအောက်တွင် ထိုင်နေသည်။ ချစ်ဦးမောင်ကားမှတ်တိုင်ရှေ့တွင် အကြာကြီးရပ်နေမိသည်။ ဆန်းဒေဝီ ထိုင်ခုံပေါ်မှာ အိပ်ငိုက်နေသည်။ သူပြောမိသည့်စကားတွေကြောင့် ဆန်းဒေဝီ သူ့အပေါ် နာကျင်စွာနာကြည်းနေမည်ကို ကြောက်သည်။ ချစ်ဦးမောင် ခြေကိုမွမွနင်းပြီး ဆန်းဒေဝီဘေးက ထိုင်ခုံမှာဝင်ထိုင်လိုက်သည်။ ဆန်းဒေဝီကို နှိုးရကောင်းနိုး ပြန်ခေါ်ရကောင်းနိုးနှင့် ဝေခွဲမရဖြစ်နေပြီး ဆန်းဒေဝီနှင့်အတူ သူပါ ရော၍ ငိုက်နေတော့သည်။

ဆန်းဒေဝီကိုယ်လေးက တစ်ချက်တစ်ချက် ယိမ်းလာပြီး ချစ်ဦးမောင်ပခုံးပေါ်ကျလာသည်။ ချစ်ဦးမောင် ဆတ်ခနဲလန့်နိုးလာပြီး အနေအထားမျက်မှာစိုး၍ ငြိမ်နေရသည်။ သူမဦးခေါင်းပြုတ်ကျလု





ဆဲဆဲမှာ ချစ်ဦးမောင် သူမပခုံးကို ထိမ်းပြီးပွေ့ဖက်ထားလိုက်သည်။ ချစ်ဦးမောင်ရင်ခွင်ထဲကို သူမရောက်နေသည်။ သူမလန့်နိုးလာပြီး ချစ်ဦးမောင်ကိုမော့ကြည့်သည်။ ချစ်ဦးမောင်က သူမကိုငုံ့ကြည့်သည်။ သူတို့နှစ်ဦးရင်ထဲမှာတော့ တရုတ်မုံ၊ ကုလားဗုံ၊ မြန်မာပတ်မကြီးတွေ ကျယ်လောင်စွာ မြည်ဟီးနေတော့သည်။

သတိလက်လွတ်ဖြစ်နေပြီး ဆန်းဒေဝီ ချစ်ဦးမောင်ရင်ခွင်မှ ရုန်းထသည်။ နှစ်ဦးစလုံး မျက်နှာပေါ်မှာ သွေးရောင်လွှမ်းမိုးနေသည်။

"ချစ်ဦးမောင် ရှင်.. ဘာလုပ်တာလဲ"

"မင်းဘေးမှာ ကိုယ်စောင့်ရောက်ပေးနေတာပါ"

"ရှင့်ဘဝမှာ ဒေဝီမလိုအပ်လို့ ဒေဝီကိုပြန်စေချင်မှတော့ ဒေဝီ့ဘဝနဲ့ဒေဝီရှိပါစေတော့။ ရှင်သာပြန်ပါတော့"

"ကိုယ့်ဘဝမှာ ဒေဝီမရှိလို့မဖြစ်ဘူး။ ဒေဝီပြန်လိုက်ခဲ့ပါ။ ကိုယ်အမှားအညွှတ် တောင်းပန်ပါတယ်"

ချစ်ဦးမောင် ဒေဝီပခုံးကိုဖက်ပြီး အိမ်ရှိရာသို့ ပြန်ခေါ်သွားသည်။ ကားလမ်းမပေါ်မှာတော့ အဝေးပြေးကားတွေ ဥဒဟို သွားလာနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၂ )

"ခိုက်ခိုက်တုန်"အအေးဆိုင်တွင်ဖြစ်သည်။ ပေါမာန်နှင်း တစ်ယောက် မျောက်မီးခဲကိုင်မိသလို ထိုင်ရမလို၊ ထရမလိုဖြစ်ပြီး နာရီကိုခဏခဏကြည့်နေမိသည်။ ဆိုင်တွင်းသို့ဝင်လာသော ခြေလှမ်းများကိုကြည့်လိုက်တိုင်း ကျော်ထူးမောင်မဟုတ်။ သူမသည်းခံနိုင်စွမ်းမရှိတော့။ အအေးဖိုးရှင်းပြီး ထိုင်ရာမှထလိုက်သည်။

"ကိုယ်နည်းနည်းနောက်ကျသွားတယ်။ ခွင့်လွှတ်ပါ"

ကျော်ထူးမောင်စကားသံနှင့်အတူ အနံ့တစ်ခုက ထောင်းခနဲထွက်လာသည်။ ကျော်ထူးမောင်၏မျက်နှာတွင် အသီးပွဲနေသည်။ နှုတ်ခမ်းမွေးတိုတိုနံ့နံ့တွင် ချွေးသီးချွေးပေါက်တွေနှင့် သူ့မျက်နှာကိုမြင်ပြီး ပေါမာန်နှင်းဒေါသတွေ အတွင်းအထိပ်သို့ ရောက်သွားသည်။





"နေ့လယ်ကတည်းက ချိန်းထားပြီး ညနေမှရောက်လာတာကို နည်းနည်းနောက်ကျသွားတယ်ဆိုတော့ ရှင့်စကားက ဘာလဲ"

"ဒ .. ဒီလိုရှိပါတယ် ပေါမာန်လေးရယ်။ မင်းဆီကို ချိန်းတဲ့အချိန်အရောက်လာခဲ့တာ ဒါပေမယ့် လမ်းမှာ.. "

"တော်ပြီ .. ရှင့်စကားကို မကြားချင်တော့ဘူး။ ဒါ ရှင်နဲ့ ကျွန်မရဲ့နောက်ဆုံးအချိန်ပဲ"

ပေါမာန်နှင်း ဒေါသတကြီး ကျော်ထူးမောင်ကို ဆောင့်တွန်းလိုက်သည်။ ကျော်ထူးမောင် ဒယိမ်းဒယိုင်ဖြင့် ထိုင်ခုံပေါ် ဖင်ထိုင်ပြုတ်ကျသည်။ ပေါမာန်နှင်း သူ့ကိုထားခဲ့ပြီး ဆိုင်ပြင်သို့ ပြေးထွက်ခဲ့သည်။

လမ်းမပေါ်အရောက်တွင် ချစ်ဦးမောင်ကားလေး ဖြတ်မောင်းသွားတာကို မြင်လိုက်ရသည်။

"ချစ်ဦးမောင် ... ချစ်ဦးမောင်"

ချစ်ဦးမောင်ကားလေးက ဝေးသွားပြီ၊ တစ်နေရာမှာ ကားလေးရပ်သွားသည်။ ချစ်ဦးမောင် ကားထဲကထွက်လာပြီး အငှားကားတစ်စီးကို တားပြီး စကားတွေပြောနေပြီး ငွေရှင်းပေးနေတာ မြင်နေရသည်။

ချစ်ဦးမောင် ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားသည်။ မကြာမီ အငှားကားလေးက ပေါမာန်နှင်းရှေ့မှာ ထိုးရပ်လိုက်သည်။

"ဟို လင့်ခရူဇာကားပေါ်က အစ်ကိုလေးက အစ်မကို အိမ်ပြန်ပို့ပေးပါတဲ့။ ငွေပါ တစ်ခါတည်းရှင်းပေးလိုက်တယ်။ ကဲ ကားပေါ်တက်"



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆွေးတွဲစွာဖြင့် ကားပေါ်တက်လိုက်ရသည်။ [illegible] သူမအိမ်ပြန်ရောက်တော့မည်မဟုတ်။ သည် [illegible] အငှားကားတွေ မရှိတော့။ ဟေမာန်နှင်း [illegible]ယောက်အပေါ် မည်သို့တန်ဖိုးဖြတ်ရ မည်နည်း။ [illegible]ချစ်သောမှုလား။ မေတ္တာတရားလား။ ခွဲခြားသိ လိုက်ချိန်မှာ သူနှင့်ချစ်ဦးမောင်သည် သုံးနှင့်လေးမှာ ဝေးကွာခဲ့လေသည်။







## အခန်း ( ၂၃ )

ဆန်းဒေဝီနှင့် ကလေးနှစ်ယောက် ညနေစာအတွက် မီးဖိုထဲမှာ ရှမ်းခေါက်ဆွဲလုပ်နေကြသည်။ သူတို့ခြံနားကို အနက်ဝတ်စုံနှင့် လူတစ်ယောက် တဖြည်းဖြည်းချဉ်းကပ်လာသည်။ အိမ်လေးထဲမှာ လည်ပင်းကိုစင်းပြီး အိပ်ချင်ယောင်ဆောင်နေသော ဂျယ်လီက ထိုသူ့ကို မာန်ဖီနေသည်။

"ဟင်း ... ဂီး .. ဂဲ"

ထိုသူက ဂျယ်လီကိုမတွေ့။ တရွေ့ရွေ့ချဉ်းကပ်လာသည်။ အနားရောက်တော့ ဂျယ်လီက သူ့ကိုထိုးဟောင်တော့သည်။

ဂျယ်လီ၏ ကျယ်လောင်သောဟောင်သံကြောင့် အိမ်ထဲထိ ဆူညံစွာ တိုးဝင်လာသည်။

"ဟော အိမ်ရှေ့မှာ လူဝင်လာပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဒေဝီနှင့်ကလေးတွေ အိမ်ရှေ့ထွက်လာကြသည်။ အိမ်ပေါက်ဝမှာ လှမ်းမြင်သည်နှင့် ထိုသူ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားပြီး အနီးရှိ ပလပ်စတစ်ဖလားကြီးအောက်သို့ ဝင်ပုန်းနေလိုက်သည်။ ထိုသူက ဖလားကြီးအောက်တွင် ကြာကြာမနေနိုင်။ ဖလားကို ဖွင့်ဖွင့်ကြည့်သည်။ ဆန်းဒေဝီ အပြင်ထွက်လာတော့ မည်သူမျှမတွေ့။

"ဟင် .. ဘယ်သူမှလည်းမရှိဘူး"

လုံးလုံးနှင့်ပြူးပြူးက ခြံထဲလျှောက်ကြည့်သည်။ ဆန်းဒေဝီ လက်ထဲမှာ ဘောစ်ဘောတုတ်ချောင်းကိုင်ထားသည်။ ဂျယ်လီက စူးစူးဝါးဝါး ထိုးဟောင်နေသည်။ ခွေးဟောင်သည့်နေရာကို ဆန်းဒေဝီလိုက်ကြည့်သည်။ မှောက်ထားသောဖလားအနီးကို ဟောင်နေခြင်းဖြစ်သည်။ ဖလားအနီးက လှုပ်တုတ်လှုပ်တုတ်နှင့် ရွေ့နေသည်။ ဆန်းဒေဝီ အသံမထွက်ဘဲ လုံးလုံးနှင့်ပြူးပြူးကို လက်ယပ်ခေါ်သည်။ ကလေးနှစ်ယောက်ကို တိုးတိုးကပ်ပြောနေသည်။

"လုံးလုံးနဲ့ပြူးပြူး ... နင်တို့နှစ်ယောက်က ငါ တစ် နှစ်၊ သုံးဆိုတာနဲ့ ဖလားကို ပြိုင်တူဆွဲလှန်၊ အထဲကကောင်ကို ငါတုတ်နဲ့ခေါ်မယ်"

သူတို့အားလုံး အသင့်ပြင်ထားကြသည်။ ပြူးပြူးနှင့်လုံးလုံးက ဖလားတစ်ဖက်စီမှာ အသင့်ရပ်နေသည်။ ဆန်းဒေဝီက ဘောစ်ဘောတုတ်ကိုကိုင်ပြီး ရိုက်ဖို့အသင့်ပြင်သည်။

"တစ် .. နှစ် ... သုံး"

လုံးလုံးနှင့်ပြူးပြူးက ဖလားကို ပြိုင်တူ ဆွဲလှန်လိုက်သည်။ ဖလားဖယ်လိုက်သည်နှင့် အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက် ဖင်ဘူးတောင်းထောင်နေသည်။ ဆန်းဒေဝီက ထိုလူရဲ့တင်ပါးကို တုတ်ဖြင့်လွှဲရိုက်တော့သည်။





"ဖုန်း .. ဖုန်း '.. ဖုန်း"

"အောင်မလေး သေပါပြီဗျ။ ကြောက်ပါပြီဗျ"

အနက်ရောင်ဝတ်စုံနှင့်လူ အတင်းကုန်းထပြီး သူ့တင်ပါးကို လက်နှစ်ဖက်နှင့်ပွတ်ရင်း ဖဝါးနှင့်တင်ပါး တသားတည်းကျအောင် ပြေးလေသည်။

"တောက် .. ခွေးသူခိုး ပြေးလိုက်တာ တန်းနေတာပဲ။ နောက်လာရဲမှာ မဟုတ်တော့ဘူး"

"ဒေါ်ကြီးက တစ်ခါတည်းအသေရိုက်လိုက်တာမဟုတ်ဘူး"

"နင်တို့ သူခိုးနောက်ကို ဘယ်တော့မှလာရဲမှာ မဟုတ်တော့ ဘူး"

သူတို့စကားပြောနေတုန်း မလှမ်းမကမ်းမှ ကားတစ်စီး မောင်းထွက်သွားသံကို ကြားလိုက်ရသည်။ ထိုကားမှာ မာစီဒီးကားနက်ကြီးဖြစ်ကြောင်း သူတို့မသိလိုက်ကြချေ။

သူခိုးဖမ်းပေးသော ဂျယ်လီကို ချီးမွမ်းခန်းဖွင့်ပြီး အစာကျွေးဖို့ ပြင်ဆင်ကြသည်။ ဆန်းဒေဝီက အိမ်ထဲသို့ပြန်ဝင်သွားသည်။

ချစ်ဦးမောင်ပြန်လာတော့ ရှမ်းခေါက်ဆွဲက စားဖို့အသင့်ဖြစ်နေပြီ။ ချစ်ဦးမောင်ရေချိုးပြီးသည်နှင့် သူတို့စားပွဲစကြသည်။ ရှမ်းခေါက်ဆွဲစားရင်း သူခိုးဖမ်းပွဲအကြောင်းကို ပြောကြသည်။

"ဒေါ်ကြီးရဲ့လက်သံကတော့ တကယ်ပြောင်မြောက်တယ်"

"သူခိုးရဲ့တင်ပါးကို တဖုန်းဖုန်းနဲ့ရိုက်လိုက်တာ သူခိုးကို တစ်ခါတည်းခါးကော့ပြီးပြေးတာပဲ"

ချစ်ဦးမောင် စဉ်းစားကြည့်သည်။ ဒီနေရာမှာ သူခိုးမရှိ။ အရင်တုန်းကလည်း မရှိ။ အခုမှ သူခိုးကပ်သည်ဆိုတော့ ဆန်းဒေဝီနှင့်

www.burmeseclassic.com

သုမုံတောင်းစာပေတိုက်

www.burmeseclassic.com



ပတ်သက်နေမည်လား သူစဉ်းစားမိသည်။

"အဲဒီသူခိုးကို သေသေချာချာတွေ့လိုက်ရလား"

"သူခိုးက ဝတ်စုံအနက်ဝတ်ထားပြီး ဖင်ဘူးတောင်းထောင် နေတာဦးလေးရဲ့"

"သူ့မျက်နှာကို ဖွက်ထားတာ မမြင်ရဘူး။ ဒေါ်ကြီးက ရိုက်လည်းရိုက်ရော ယော်သံပါအောင် အော်ပြီးပြေးတာတန်းနေ တာပဲ"



ကံထူးမောင်တစ်ယောက် အိပ်ရာပေါ်တွင် ဝမ်းလျားမှောက် လျက်ရှိသည်။ အတွင်းရေးမှူးက စုတ်တသပ်သပ်နှင့် သူ့တင်ပါးမှ အရိုးရာ၊ အမြှောင်းကြီးတွေကို ဆေးလူးပေးနေသည်။

"အ .. လာ .. လာ စပ်တယ်"

"မသေကောင်း။ မပျောက်ကောင်း သူခွေးရယ်။ လူကြားလို့မှ မလျော်။ သူတို့မလိုက်လို့ပေါ့။ လူမိသွားရင် ကျော်မကောင်း ကြားမကောင်း အရှက်ရဦးမယ်"

"ခင်ဗျားကိုမခေါ်ဘဲ သွားပြီးထောက်လှမ်းမိတာကိုက ကျုပ်အမှားပါ အတွင်းရေးမှူးရယ်"



"မှန်းကောရီဆိုတဲ့မိန်းမရေ ... မင်း ဘယ်လောက်ထိများ ကျုပ်ကို ဒုက္ခပေးနေဦးမှာလဲမသိဘူး။ အခုတော့ ကျုပ်မှာ မှောက်လျက်အိပ်ရတဲ့ဘဝကို ရောက်နေရပြီဗျ .. ဟီး ဟီး"

တကယ်လည်း ကံထူးမောင်တင်ပါးတွေမှာ ရစရာမရှိအောင် အရိုက်ခံရခြင်းဖြစ်လေသည်။

ချစ်ထူးမောင်နှင့်တောက်တောက်တို့ သံချောင်းတွေကို ဖြတ်စက်နှင့်ဖြတ်ပြီးသွားတော့ ဗိုက်ဆာလာသည်။ ချစ်ထူးမောင်က နာရီကိုကြည့်လိုက်ပြီး ...

"ထမင်းချိုင့်က ဒီနေ့မှ နောက်ကျလိုက်တာ။ ငါ့အဒေါ် ဘာများဖြစ်နေလည်း မသိဘူး"

"ခင်ဗျားအဒေါ် အပျိုကြီးရည်းစားနဲ့ ချိန်းတွေ့နေလားမှ မသိတာ"

တောက်တောက်က ရေသန့်ဘူးကိုဖွင့်သောက်ရင်း လှမ်းပြော သည်။

"ဟုတ်တယ်ကွ။ မင်းစိတ်ကူးမဆိုးဘူး။ ငါ့အဒေါ်လည်း ယောကျ်ားပေးစားလိုက်မှအေးမှာ။ ငါ့ကိုလည်း သောက်ရေသန့် တစ်ဘူးပေးကွာ"

ရေသောက်ရင်း ထမင်းချိုင့်ကို သူတို့စောင့်ကြသည်။

ခွေးဝါမှူးတစ်ယောက် ညက "ပန်းကမ္ဘာ" ဝမ်းနှုတ်ဆေးစား ပြီး တစ်မနက်လုံးတဖျစ်ဖျစ်ဖြစ်နေသည်။ ခုလည်း ထမင်းချိုင့်ဆွဲ လာရင်း ဗိုက်က ပညာပြလာသည်။

"ဗွိ .. ဂလု .. ဂလု .. ဂလု"

သူ ဘယ်လိုမှ ထိန်းမရသည့်အဆုံး ကားလမ်းဘေး မြက်ရိုင်း တောထဲ ချိုင့်ကြီးကိုင်ပြီး ပြေးဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကံထူးမောင် ငွေငန်းမြူသဘော်ပေါ်မှ ဂေါ်ရီပျောက်ဆုံးကတည်းက ဒီသဘော်ကိုအသုံးမပြုတော့ကြာပြီ။ မှန့်စိမ်းပေါင်းကျွန်းက သူဌေးတစ်ယောက် သဘော်ကိုလာကြည့်ပြီး ဝယ်မို့ကမ်းလှမ်းသည်။ ကံထူးမောင်က သဘော်ကိုရှိုင်းပြီး ကြိုက်ဈေးရမှရောင်းမည်။ သည့်အတွက် ရေပိုက်ပြင်ဆရာရှိရာသို့ အတွင်းရေးမှူးကို လိပ်စာကဒ်နှင့်လွှတ်လိုက်သည်။ ကိုဦးမောင် ကားမောင်းလာရင်း လိပ်စာကဒ်ကို ထပ်ကြည့်သည်။

အဲလီးဖင့်တောင်ကုန်းအနီး "ချစ် ကွန်စတက်ရှင်း" တဲ့ ဆိုင်းက နီးနီးသာရှိတော့သည်။ ကိုဦးမောင် ဘောင်းဘီထဲ စိုထိုင်းထိုင်းရှိလာသည်။

"ဟိုက် .. ဘာလဲဟ"

ဘောင်းဘီကိုလက်နှင့်စမ်းကြည့်သည်။ ပြီးတော့ လက်ကို နမ်းကြည့်သည်။

"ဟိုက် .. ရှူရှူးတွေ"

သူ့ကားကိုထိုးရပ်လိုက်ပြီး ကားလမ်းဘေးမြက်ရိုင်းတောထဲ ဆင်းပြေးသွားသည်။ လမ်းနှင့် ခပ်ဝေးဝေးမြက်ရိုင်းတောထဲမှာ မတ်တပ်ရပ်ပြီး အခင်းလေးကိစ္စကို ရှင်းလိုက်သည်။

"ရှီး .. ဖျန်း .. ဖျန်း .. ဖျန်း"

သူ့ကိစ္စပြီးသွားတော့ ကြက်သီးမွေးညင်းထပြီး ...

"ဟင်း .. ခုမှပဲ ပေါ့သွားတော့တယ်"

"ဖျစ် .. ဖျစ် .. ဖျစ် .. ဖရူး"

ကိုဦးမောင် သူ့ရပ်နေသည့်အနားက အသံကြား၍ အသံလာရာကို ရှာကြည့်နေသည်။

"ဘာကောင်လည်းမသိဘူး။ ဒီလိုအော်သံမျိုးလည်း တစ်ခါမှ မကြားဖူးဘူး"





မြက်ရိုင်းပင်တွေ လေတိုက်၍ လှုပ်ရှားလာသည်။ အပင်တွေကြားမှာ ဖါဖါအကောင်ကို မြင်နေရသည်။

"ဘယ်လိုအကောင်လည်းမသိဘူး။ အောက်ပိုင်းက ယပက်လက်ပုံစံနဲ့။ ငါ့မှာလည်း ပစ်စရာ ဘာမှမပါဘူး"

လှုသံကြား၍လားမသိ။ တစ်ဖက်မှလှုပ်ရှားလာသည်။ အန္တရာယ်ပြုမည့်အကောင်လော။ ကိုဦးမောင်အသင့်ပြင်လိုက်သည်။ တစ်ဖက်မှ သတ္တဝါက မြက်ရိုင်းတောထဲမှ ဂုန်းခနဲ ထလိုက်သည်။ ကိုဦးမောင် မျက်လုံးကိုစုံမှိတ်လိုက်ပြီး

"အောင်မလေး .. သေပါပြီဗျ"

သူမျက်လုံးကိုဖွင့်ကြည့်လိုက်တော့ တစ်ဖက်မှ စပို့ရှပ်အဝါ ဝတ်ထားသော မိန်းမတစ်ဦးဖြစ်နေသည်။ သည်တော့မှ ကိုဦးမောင် ရှင်းသွားသည်။ ထိုမိန်းမသည် သူ့လိုပင် အန္တရာယ်မလွှယ်နိုင်၍ အခင်းကြီးသွားနေခြင်းဖြစ်ပုံရသည်။

ကြောက်အားထက် ရယ်အားသန်ကာပြုံးမိစဉ် တစ်ဖက်မှအမျိုးသမီးက ရှက်ကိုးရှက်ကန်းဖြင့် သူ့ကိုအတန်ကြာအောင် လှမ်းကြည့်နေပြီး အံ့သြသွားဟန်ဖြင့် ...

"ဟယ် .. နင်နင် ကိုဦးပြောင်မဟုတ်လား"

ကိုဦးမောင် အံ့သြသွားသည်။ သည့်နာမည်ကို ကျောင်းတက်တုန်းက သူငယ်ချင်းတစ်ချို့ပြောင်၍ ပေးထားခြင်းဖြစ်သည်။ ကိုဦးမောင်စဉ်းစားရင်း အမျိုးသမီး၏ငယ်ရုပ်ပေါ်လာသည်။

"ဟင် .. နင် ရွှေဝါဖူးမဟုတ်လား"

ကိုဦးမောင် ပြောပြောဆိုဆို ဝမ်းသာပြီး ရွှေဝါဖူးကို ပြေးဖက်သည်။ ရွှေဝါဖူးကလည်း ဝမ်းသာအားရနှင့် ကိုဦးမောင်၏နဖူးကို ခေါက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကြာကြာဖန်ဖန် ဆုံရတာတဲ့ပလေဟာယ်။ ငါတော့ ဝမ်းသာလို့ ခေါ့တူး"

ဖက်ထားရင်း နှစ်ဦးစလုံး နာခေါင်းရှုံ့လာသည်။ ကိုဦးမောင်က ရွှေဝါဖူးကိုယ်မှ သေးနံ့ရလာသည်။

"သေးစော်နံတယ်ဟ"

"နံမှာပေါ့။ ငါအီအီးပါနေတုန်း နင်ရှူးတွေနဲ့ပန်းထားတာလေ။ ငါ့မှာ ရုက်ရုက်နဲ့ ငြိမ်နေရတာ"

လေတစ်ချက်အဝှေ့မှာ အီအီးနံ့ကထောင်းခနဲထွက်လာသည်။ ရွှေဝါဖူးစောစောက သူအခင်းကြီးသွားခဲ့သည့်နေရာကို လှမ်းကြည့်သည်။ အီးပုံပေါ်မှာ ရှူးဖိနှပ်ရာက အထင်းသား...

"သွားပါပြီ ကိုဦးပြောင်ရယ်။ အီးပုံကိုမှ တည့်တည့်နင်းခဲ့ရသလား အကောင်ရဲ့"

ကိုဦးမောင်တစ်ယောက် ကားလမ်းနားအရောက်မှာ သူ့ရှူးဖိနှပ် ချွတ်ပြီး မြက်ခင်းထဲလွှင့်ပစ်လိုက်သည်။

ရွှေဝါဖူးကိုယ်ပေါ်မှ သေးစိုနေသော စို့ရှပ်ကို ချွတ်ခိုင်းသည်။

"ကိုဦးပြောင် ဒီအကျႌချွတ်လို့ ဘယ်ဖြစ်မလဲ"

"ချွတ်သာချွတ်လိုက်ပါ။ ငါဟိုဘက် လှည့်နေမယ်။ ရော့ ပြီးရင် ဒီကုတ်အကျႌကို ပြန်ဝတ်လိုက်"

ကိုဦးမောင် တစ်ဘက်သို့လှည့်နေလိုက်သည်။

"ကဲ .. ရပြီ။ သွားရအောင်"

ကိုဦးမောင် ရွှေဝါဖူးကို လှမ်းကြည့်ပြီး ...

"နင့်ကို ဘယ်ပို့ပေးရမှာလဲ ရွှေဝါဖူး"

"ငါ့တူလေးတွေ အလုပ်ကို ထမင်းသွားပို့မလို့။ အဲလီးဖင့် တောင်ကုန်းနားတင်"





"ဒါဆိုရင်အတော်ပဲ။ ငါလည်း အဲဒီဘက်ကို သွားမှာ"

"လာ .. ကားပေါ်တက်"

မာစီးဒီးကားကြီးက ငြိမ့်ခနဲမောင်းထွက်သွားသည်။ ရွှေဝါဖူး တစ်ယောက် နှုတ်မြွင်းပုံကြီးစီးရသလိုမျိုးဘဝင်မြင့်ချင်ချင်ဖြစ်လာသည်။

"ကိုဦးပြောင်ရယ် .. တို့တွေ ဒီတစ်သက် မတွေ့ရတော့ဘူး မှတ်တာ။ တွေ့မယ့်တွေ့တော့လည်း အဟာစ်ဟာစ်"

ရွှေဝါဖူးက စကားပြောရင်း ရုက်ရယ်ရယ်သည်။

"ဒါနဲ့ နေပါဦး။ နင်က ဘယ်လိုပုံစံနဲ့ ဒီဘဝရောက်လာတာလဲ။ ကားကလည်းအပျံစား။ လူပုံစံလည်း အမိုက်စား။ ငါလေ နင့်ကို တွေ့တွေ့ချင်း မမှတ်မိဘူး။ နင်က ငယ်ငယ်ကလို နံပိန် လေးမဟုတ်တော့ဘဲ။ တသွေးတမွေးကြီးဖြစ်ပြီး အပြတ်သားနား နေလိုက်တာ။ နင့်မျက်နှာကို မျက်မှန်နဲ့ ဘယ်လိုပဲဖုံးထားဖုံးထား နင့်နဖူးကို မှတ်မိတာပဲ။ ပြီးတော့ နင့်နဖူးမှာ ကပ်နေတဲ့ဆံပင် ပါးပါးလေးက အရင်ပုံအတိုင်း မပြောင်းလဲဘူးလေ"

ရွှေဝါဖူးက အားရဝမ်းသာဖြင့် စကားတွေ မနားတမ်းပြောသည်။

"ငါတို့မိသားစုတွေ ဒီကပြောင်းသွားကတည်းက ကောင်းလ မြို့ကို ရောက်သွားတာ။ ဘွဲ့ရပြီးတော့ ငါ့အဖေရဲ့မိတ်ဆွေ ဘီလျံနာ တစ်ယောက်ဆီမှာ အတွင်းရေးမှူးအဖြစ်နဲ့လုပ်နေတာ။ ခုချိန်ထိ ပါပဲ။ ဒါနဲ့ နင်က နင့်အိမ်သားကို ထမင်းသွားပို့မှာလား"

"အေး .. ဟုတ်တယ်"

ကိုဦးမောင် နှုတ်ဆိတ်သွားသည်။ အတန်ကြာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဪ .. နင်က အိမ်ထောင်တွေဘာတွေတောင် ကျနေမှ ကိုး။ ငါ့မှာတော့ နင့်ကိုတွေ့တွေ့ချင်း ဝမ်းသာလိုက်ရတာ။ ခုတော့ ငါမျှော်လင့်ချက်အိမ်လေး ပြို .. ပြို"

ကိုဦးမောင်က သူပြောချင်ရာစကားတွေကို အရမ်းကာရော ပြောနေသည်။ ရွှေဝါဖူးက မျက်လုံးကြီးပြူးလိုက်ပြီး ...

"ဟဲ့ .. ကိုဦးမောင် မဦးမချွတ်ဟာယ်။ ဘယ်က အိမ်ထောင် ကျရမှာလဲ။ ငါက ခုချိန်ထိ ပြူးဝါးလေဒီ အပျိုကြီးစစ်စစ်ဟဲ့"

"ရွှေဝါဖူး နင်တကယ်ပြောနေတာလား။ ဝမ်းသာလိုက်တာ ဟာယ်။ ငါတို့ပြန်ဆုံကြတာ ကောင်းသောဆုံတွေခြင်းဖြစ်သွားပြီ။ ပျော်တယ်ဟေ့ .. ပျော်တယ်ဟေ့"

"ဟဲ့ .. နဖူး နဖူး နင်သိပ်မပြောင်နဲ့။ နင့်ကားကို ကြည့်မောင်း ဦး။ ငါကြောက်တယ်"

သည်တော့မှ ကိုဦးမောင်အူမြူးနေတာ ရပ်သွားသည်။ ရွှေဝါဖူးက "နင်ရောအမြီးပေါက်နေပြီမဟုတ်လား"

"ဒီအရွယ်ရောက်မှ အမြီးမပေါက်လို့ ဟာ ... ရွှေဝါဖူးက လည်း ဘာတွေလျှောက်ပြောမှန်းမသိဘူး။ ငါ့မှာ အလုပ်တာဝန် တွေ ပိနေတဲ့ကြားက ဒီကိစ္စတွေ စဉ်းစားဖို့အချိန်မရှိပါဘူး"

"ငါလည်း နင့်လိုပဲ။ ပြူးဝါးမင်း ရေမရောတဲ့ လူပျိုစစ်စစ်ပဲ"

ပြူးဝါးနှစ်ယောက် ရင်ထဲမှာတော့ အပျော်တွေ တစိမ့်စိမ့် စီးဆင်းနေကြသည်။

"စကားကောင်းနေလိုက်တာ။ "ချစ်" ကွန်စတပ်ရှင်းကို သွား မှာ"

"ဟင် .. ငါလည်း အဲဒီကို အလုပ်ကိစ္စနဲ့သွားမှာ။ အဲဒီမှာ ဘယ်သူရှိလို့လဲ"





"အဲဒီအလုပ်ရုံက ငါ့တူလေးတွေရဲ့ အလုပ်ရုံလေ။ သူတို့ကို ငါနေ့တိုင်းထမင်းပို့နေရတာ။ ဒီနေ့တော့ ထမင်းပို့ အရမ်းနောက် ကျသွားပြီ"

အလုပ်ရုံရှေ့ ကားရပ်လိုက်သည်။

"ဟာ .. တောက်တောက်ရေ .. အလုပ်အပ်မယ့် ကား တစ်စီးတော့ ရောက်လာပြီဟေ့"

ကားထဲမှာ ကုတ်အင်္ကျီအနက်စင်းကို ဝတ်ထားသည့် ရွှေဝါဖူး ထမင်းချိုင့်ကိုကိုင်ပြီး ထွက်လာသည်။ ချစ်ထူးမောင်နှင့် တောက် တောက်တို့ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ဟော .. တစ် ယောက် အင်္ကျီလက်တိုကော်လာမှာ လည်စည်းအနက်စင်းကျား ကို ပတ်ထားသည်။ သူ့အင်္ကျီက ဘယ့်နှယ်အဒေါ်ကိုယ်ပေါ် ရောက် နေပါလိမ့်။ ကြည့်ပါဦး။ ခြေထောက်မှာ ရှူးဖိနပ်မပါ၊ ခြေအိတ် ပြောင်နှင့် ဖြစ်နေသည်။

ချစ်ထူးမောင် ပါးစပ်အဟောင်းသားနှင့် ကြောင်ပြီးရပ်နေ သည်။ သူ့အဒေါ်နှင့် ဒီလူကြီးလမ်းမှာ ဘာတွေဖြစ်ခဲ့ကြသနည်း။ အဒေါ်တစ်ယောက် ရှာနိလျှောသွားပြီလားတွေးနေစဉ် ...

"ဟဲ့ ကောင်လေး .. ချစ်ထူးမောင် ဘာကြောင်ကြည့်နေတာ လဲ။ ထမင်းချိုင့်လာယူလေ"

သည်တော့မှ ချစ်ထူးမောင် သတိဝင်လာပြီး ..

"အဒေါ်ကလည်း ဒီနေ့ကျမှ နောက်ကျလိုက်တာ လမ်းမှာ ဘာတွေဖြစ်နေလည်းမသိဘူး။ အချိန်လည်းကြည့်ဦး။ တစ်နာရီ ထိုးတော့မယ်"

"ဖြစ်ပုံတော့ မပြောချင်ပါဘူးဟာယ်"



www.burmeseclassic.com

www.burmeseclassic.com



တောက်တောက်က မျက်လုံးပြူးပြီး

"ဘာဖြစ် .. ဘာတွေဖြစ်ခဲ့လို့လဲဟင် ဒေါ်လေး"

"ငါလည်း အခုတစ်လော ဝမ်းချုပ်နေတာကြာပြီ။ အဲဒါနဲ့ ညက ပန်းကန္တာဝမ်းနုတ်ဆေးသောက်လိုက်တာ မနက်လည်းရောက်ရော ဖျူးတော့တာပဲ။ အခုလည်း နင်တို့ဆီလာရင်း ဗိုက်နာလာလို့ လမ်းဘေးမှာ ဝင်ရှင်းခဲ့ရသေးတယ်။ အဲဒါကြောင့် နောက်ကျနေတာပေါ့။ လမ်းမှာ နင်တို့ဆီအလုပ်အပ်မယ့် ငါ့သူငယ်ချင်းနဲ့ တွေ့လို့ တစ်ခါတည်းလိုက်လာတာ"

ရွှေဝါဖူး အာချွဲအောင်ရှင်းပြသော်လည်း သူတို့စိတ်ထဲမှာ သက်သာမကင်းရှိနေသေး။

ချစ်ထူးမောင်နှင့် တောက်တောက်တို့မျက်နှာက သကြားရည်ထဲ သံပုရာရည်နည်းနည်းညှစ်ထားသကဲ့သို့ မချိုမချဉ်ဖြစ်နေသည်။

"ဒီ အန်ကယ်ကြီးကို မြင်ဖူးသလိုပဲ"

ကိုဦးမောင် တွန့်သွားသည်။

"သူ့နာမည်က ကိုဦးမောင်လေ။ အန်တီဖူးတို့ကျောင်းနေဖက် ကစားဖော်ကစားဖက်တွေပေါ့။ ငယ်ငယ်တုန်းကဆို ဗိုက်ပူနံကားလေး အခုမှ .. ရှိုးကြီးခေါင်စောက်ဖြစ်သွားတာ"

"ရွှေဝါဖူးရယ် .. နင်ပြောမှပဲ သုံးမရဖြစ်တော့တယ်"

ရွှေဝါဖူးက ဆက်ပြောပြန်သည်။

"ကံတရားဆိုတာ ဘယ်သူမှမမြင်နိုင်ဘူး။ ကိုဦးမောင်ငယ်ငယ်ကဆို အရမ်းဆင်းရဲတာ။ ပိတ်မြူနံငယ်ပိုင်းလေးပတ်ပြီး တို့နဲ့ လာလာဆော့တာ။ အမြဲတမ်း တုတ်ပြ ခဲပြနဲ့ မမြင်ချင်အဆုံး နောက်ပြီး သူ့ကိုယ်သူ မဟာဗွမပြောင်ပြောင်တဲ့။ အဲဒီကစပြီး





သူ့ကို ကိုဦးပြောင်လို့ခေါ်တယ်။ ဟောခုတော့ ကျိုက်ကျိုတက်ချမ်းသာတဲ့ သူဌေးကြီးရဲ့ အတွင်းရေးမှူးဖြစ်ပြီး တ..းမွေး အဲ .. တသွေးတမွေးကြီးကိုဖြစ်လို့။ အခုလည်း သူတို့သင်္ဘောပြင်ဖို့အတွက် ဒီကိုလာရင်းနဲ့ ငါနဲ့ဆုံကြတာ"

ကိုဦးမောင်က သူတို့သင်္ဘော ငွေနှင်းဖြူကို ပြန်ရောင်းဖို့အတွက် အကြီးစားပြင်ဆင်မှုတွေလုပ်ဖို့ 'ချစ်ကွန်စဝင်ရှင်"ကို ရောက်လာခြင်းဖြစ်ကြောင်း ပြောသည်။

သူတို့ညှိခန်းထဲတွင် သင်္ဘောပလင်နံကိုချကြည့်သည်။ ကိုဦးမောင်က ဘော့ပင်တစ်ချောင်းဖြင့် ပုံကိုထောက်ပြီး ပြင်ဆင်ရမည့်နေရာကိုပြသည်။

"အလုပ်ကိုတော့ ကျွန်တော်လက်ခံထားလိုက်မယ်။ ကုန်ကျမယ့် ပြင်ဆင်စရိတ်ကိုတော့ ကျွန်တော့်အစ်ကိုနဲ့ပြောမှဖြစ်မှာ။ အစ်ကို ရောက်လာတာနဲ့ အန်ကယ်တို့ကို ဆက်သွယ်နိုင်းလိုက်ပါ့မယ်"

"ကဲ .. အားလုံးပဲ ခွင့်ပြုပါဦး။ ရွှေဝါဖူး ငါသွားတော့မယ်"

"ဟဲ့ .. ကိုဦးပြောင်နေဦး။ နင့်ကို လမ်းမအထိ ငါလိုက်ပို့ပါ့မယ်"

ရွှေဝါဖူး ကိုဦးမောင်၏ကားပေါ်ပါသွားသည်။ အဝေးပြေး ကားလမ်းမပေါ်အတက်တွင် ကားကိုရပ်ပြီး ရွှေဝါဖူးဆင်းလာသည်။

"ကိုဦးပြောင် နင်ဒီကို မကြာမကြာလာလည်နော်"

"နင်မပြောလည်း ငါရောက်မှာပါ"

"ဘိုင့် ဘိုင်"

မာစီဒီးနောက်မီးလုံးရဲရဲလေး ပျောက်သွားမှ ရွှေဝါဖူးပြန်လာခဲ့သည်။



www.burmeseclassic.com

## အခန်း ( ၂၄ )

ဆိပ်ခံနံပါတ် (၁၃) တွင် ငွေငန်းမြှုသင်္ဘောကြီးက ကြွားကြွား ရွားရွားတည်ရှိနေသည်။ သင်္ဘောကုန်းပတ်ပေါ်တွင် သူဌေးကတ္တူး မောင်တစ်ယောက် လမ်းလျှောက်ရင်း မေးစေ့မှ အမွေးများကို မေးညှပ်တစ်ချောင်းဖြင့် နှုတ်နေသည်။ ဆိပ်ခံပေါ်လျှောက်လာ သော ချစ်ဦးမောင်ကိုမြင်သည်နှင့် မျောက်ကိုမြင်သည့်ခွေးတစ် ကောင်နှယ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အဘယ်ကြောင့်ဆို သော် ချစ်ဦးမောင်နှင့် မွန်းစကာရီ။ မွန်းစကာရီနှင့် ချစ်ဦးမောင် လေးနှင့်သုံးလို မျက်နှာချင်းဆိုင်ရှိနေသည်ကို သိထားသော်လည်း သူ့မှာ ရှေ့တိုးမရ၊ နောက်ဆုတ်မရ ပူစပ်ပူလောင်နှင့် အခံရဆိုး လှသည်။ မွန်းစကာရီကို ပြန်ခေါ်ဖို့ကြိုးစားသော်လည်း အချည်းနှီး သာဖြစ်ခဲ့ရသည်။ မွန်းစကာရီ သူ့ဘဝမှန်ကို သတိမရမချင်း သည် အတိုင်းကြည့်နေရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့။





ချစ်ဦးမောင် ရေပိုက်တွေမြှုတ်ရင်း အရင်က မွန်းစကာရီကို ပြန်သတိရလိုက်သည်။ နူးညံ့သိမ်မွေ့မှုကင်းသော မောက်မာ ထောင်လွှားတတ်သော မွန်းစကာရီသည် ဘဝသစ်တစ်ခုမှာ ဆန်းဒေဝီအဖြစ် မိမိနှင့်အတူရှိနေသည်ကို သူဌေးကတ္တူးမောင်သာ သိခဲ့လျှင် ဆန်းဒေဝီကို မိမိဘဝထဲမှ နှုတ်ယူခေါ်ဆောင်သွားပေ လိမ့်မည်။

"အို .. ငါနဲ့ဘာဆိုင်တာမှတ်လို့"

ချစ်ဦးမောင် အတွေးစကိုဖြတ်လိုက်ပြီး အလုပ်ထဲတွင် စိတ်ကို ပြန်နှစ်လိုက်သည်။

တစ်ချိန်က မာနထောင်လွှားမောက်မာခဲ့သော အစဉ်သဖြင့် အလိုမကျဖြစ်နေတတ်သော ဝင်ရိုးစွန်း ဝံပုလွေလို မျက်နှာမျိုးဖြင့် ရှိနေတတ်သော ဘီလျံနာသူဌေးမ မွန်းစကာရီ။

ယခုဆန်းဒေဝီသည် နှလုံးသားပျော့ပျောင်းသော လူတွေနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်တတ်သော အိမ်မှုကိစ္စများ ကို ဆောင်ရွက်တတ်သော ပီတိကြည်စင်သော မျက်နှာထားနှင့် သိုးမလေးဖြစ်နေခဲ့လေပြီ။





www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပါမားကတ်တစ်ခုထဲတွင် ချစ်ဦးမောင်နှင့် ဆန်းအေဒီတို့မှီနေသည်။ ဆန်းဒေဝီအတွက် ဝတ်စုံသစ်များ လာဝယ်ကြခြင်းဖြစ်သည်။ ဆန်းဒေဝီ သွားရာနောက်သို့ ချစ်ဦးမောင်လိုက်နေရသည်။ မိန်းမဝတ်တီရှပ်ကောင်တာရှေ့တွင် ဆန်းဒေဝီရပ်လိုက်သည်။

"ဟို အင်္ကျီလေးပြပါ ညီမ"

ဆန်းဒေဝီ လှမ်းယူလိုက်ပြီး သူ့ကိုယ်မှာကပ်ကြည့်လိုက် သည်။ ချစ်ဦးမောင်ကိုပြုံးကြည့်လိုက်ပြီး ...

"ဒီမှာကြည့် လှရဲ့လား"

ချစ်ဦးမောင် ပါးစပ်ကပြန်မပြော။ ခေါင်းညိတ်ပြသည်။ ဆန်းဒေဝီ အင်္ကျီကိုလှမ်းပေးပြီး ...

"ဘယ်လောက်လဲညီမ"

အရောင်းစာရေးမလေးက အင်္ကျီမှ ကုတ်နံပါတ်ကိုကြည့်လိုက်ပြီး ...

"သုံးသောင်းပါအစ်မ"

ချစ်ဦးမောင် ရင်တုန်လာသည်။

"ဟိုဘက်က အပြာရောင်လေး ခဏပြပါ"

မိန်းကလေးက အင်္ကျီကိုလှမ်းပေးရင်းဈေးနှုန်းပါ တစ်ခါတည်းရွတ်ပြသည်။

"အဲဒါက ခြောက်သောင်းပါအစ်မ"

ချစ်ဦးမောင် မျက်နှာမဲ့သွားသည်။ ရင်ခေါင်းထဲက ဒုန်းခနဲ ဒုန်းခနဲအသံသည် စည်းချက်မှန်မှန်မြည်နေရာက ပိုမြန်လာသည်။ ချစ်ဦးမောင် ဟန်ပင်မဆောင်နိုင်တော့။

"ဈေးအချိုဆုံးတစ်ထည်လောက်ပြပါ"





"စောစောက သုံးသောင်းတန်က အနည်းဆုံးပါအစ်ကို"

ချစ်ဦးမောင် တံတွေးမြိုချလိုက်ပြီး ...

"လျှောက်ကြည့်လိုက်ဦးမယ်နော်"

ဆန်းဒေဝီလက်ကိုဆွဲပြီး တိုကောင်တာနဲ့ဝေးရာသို့ ခပ်သုတ်သုတ်ပြေးသည်။

"ဆန်းဒေဝီ ချင့်ချင့်ချိန်ချိန်လုပ်နော်။ ပါသမျှပိုက်ဆံကုန်သွားရင် အူခြောက်သွားမှာနော်"

"ဒါနဲ့ ရှင်ပဲ .. ကျွန်မကြိုက်တာ ဝယ်ပေးမယ်ဆို"

"ဝယ်ပေးမယ်။ ဒါပေမယ့် အများကြီးတော့ ငါဘယ်တတ်နိုင်ပါ့မလဲ"

သူတို့နှစ်ယောက် နားလည်မှုရယူပြီးနောက် ကောင်တာတစ်ခုစီချဉ်းကပ်သွားပြန်သည်။ ချစ်ဦးမောင် အင်္ကျီတစ်ထည်ရွေးပေးသည်။

"ဒါလေးကြိုက်လား"

ဆန်းဒေဝီ လှမ်းယူလိုက်ပြီး သူ့ကိုယ်မှာ ကပ်ကြည့်သည်။

"လှလိုက်တာ။ ဒါပဲယူတော့မယ်"

သူတို့နှစ်ယောက် အကြိုက်တူသွားကြသည်။ ချစ်ဦးမောင် ပိုက်ဆံထုတ်ရှင်းပေးလိုက်သည်။ ပိုက်ဆံအိတ်ကို ဂျင်းဘောင်းဘီအိတ်တွင်းသို့ ထိုးထည့်လိုက်ပြီး ဆိုင်အပြင်ဖက်သို့ အမြန်ထွက်လိုက်သည်။

"ဖူး .. မလွယ်ပါလား"

ဆန်းဒေဝီ အင်္ကျီအိတ်ကိုလှမ်းယူပြီး ချစ်ဦးမောင်ကို လှမ်းကြည့်သည်။ ချစ်ဦးမောင် အရိပ်အယောင်ပင် မတွေ့ရ။ နှုခြေထောက်က တစ်စုံတစ်ခုကို ခလုတ်တိုက်မိသည်။ သူငုံ့ကြည့်လိုက်တော့ စာအိတ်လို စက္ကူအိတ်ကလေးတစ်အိတ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ပိုက်ဆံတွေ ငါတော့ပွတာပဲ"

ဆန်းဒေဝီ ဘေးသို့လှည့်ကြည့်သည်။ အနားမှာ မည်သူမျှမရှိ။ ပိုက်ဆံတွေကိုင်ပြီး သူ့စိတ်ကြိုက် အဝတ်အစားတွေကို လိုက်ဝယ်သည်။

သူ့လက်ထဲမှာ အဝတ်အစားအိတ်တွေနှင့်ပြည့်နေသည်။ ဆိုင်ထဲကထွက်လာပြီး ချစ်ဦးမောင်ကို လိုက်ရှာသည်။ မတွေ့။ ကားရပ်ထားရာနေရာကို သွားကြည့်တော့ ချစ်ဦးမောင် ရောက်နှင့်နေပြီ။

ချစ်ဦးမောင် ဆန်းဒေဝီကိုကြည့်ပြီး အံ့သြနေသည်။ ဆန်းဒေဝီကိုအကျႌတစ်ထည်သာ ဝယ်ပေးခဲ့သည်။ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ လက်ဆွဲအိတ်တွေ အများကြီးနှင့်။

"ဆန်းဒေဝီ ကြာလှချည်လား။ ဒီအိတ်တွေက ဘယ်သူဝယ်ပေးလိုက်တာလဲ"

"ဘယ်သူဝယ်ပေးမှာလည်း။ ကိုယ့်ဘာသာကိုယ်ဝယ်တာပေါ့"

"ရှင်က ကျွန်မကို စောင့်မှမနေတာ။ စက္ကူအိတ်နဲ့ ပိုက်ဆံတွေ ကောက်ရတာနဲ့ စိတ်ကြိုက်လျှောက်ဝယ်နေလို့ ကြာသွားတာ"

"ဟင် .. စက္ကူအိတ်နှင့် ပိုက်ဆံ"

ချစ်ဦးမောင် ခေါင်းနပန်းကြီးသွားသည်။ သူ့ဘောင်းဘီအိတ်ထဲမှ စာအိတ်နှင့်ထည့်ထားသောပိုက်ဆံကို စမ်းကြည့်သည်။ အိတ်ထဲမှာမရှိ။

"ဟာ .. ဟာ .. ဒုက္ခပဲ၊ ငါ့ပိုက်ဆံ။ ငါ့ပိုက်ဆံတွေ မရှိတော့ဘူး။ ဆန်းဒေဝီ .. အဲဒါ ငါ့ပိုက်ဆံ ငါ့ပိုက်ဆံတွေ ပြန်ပေး"





ဆန်းဒေဝီလက်ထဲက စာအိတ်ကိုလှုပ်ယူလိုက်သည်။ စာအိတ်ကိုဖွင့်ကြည့်တော့ အထဲမှာ ပိုက်ဆံအနည်းငယ်သာ ရှိသည်။

"ကုန်ပါပြီ။ ကုန်ပါပြီ။ ငါစုထားသမျှ ပိုက်ဆံတွေ မရှိတော့ဘူး။ ဆန်းဒေဝီ မင်းကွာ .. ငါလုပ်လိုက်ရရင်တော့"

ချစ်ဦးမောင် စိတ်မထိန်းနိုင်ဘဲ ဆန်းဒေဝီကို တွန်းထုတ်လိုက်သည်။ ဆန်းဒေဝီ ဟန်ချက်ပျက်ပြီး ဖင်ထိုင်ကျသွားသည်။

ဆန်းဒေဝီ မျက်လုံးမှာ ဒေါသမီးတွေ လျှံထွက်နေသည်။

"ချစ်ဦးမောင် .. ရှင် မိုက်ရိုင်းလှချည်လား။ ကိုယ်အသုံးမကျတဲ့အပြစ်ကို သူများအပေါ် ဘာကြောင့်ပုံချတတ်တာလဲ ရှင်ဝယ်ပေးတာလည်း မယူဘူး။ ဒါတွေလည်း တစ်ခုမှ မယူတော့ဘူး သွား .. ကဲဟယ် .. ကဲဟယ်"

ဆန်းဒေဝီ ဒေါသတကြီးပြောလိုက်သည်။ လက်ထဲက အိတ်တွေကို တစ်ခုမကျန် လွှင့်ပစ်လိုက်ပြီး သူ့အနီးမှ ထွက်ခွာသွားတော့သည်။ ချစ်ဦးမောင်ဘေးမှာ အိတ်တွေပြန့်ကြဲလျက် ..

ချစ်ဦးမောင် အိတ်တွေကို ပြန်ကောက်လိုက်ပြီး ကားနောက်ခန်းထဲ ပစ်ထည့်လိုက်သည်။ ဆန်းဒေဝီကို ရှာကြည့်သည်။ အရိပ်အယောင်ပင် မမြင်ရ။

သူစိတ်လိုက်မာန်ပါလုပ်လိုက်ပြီးမှ လွန်သွားမှန်းသိသည်။ ဆန်းဒေဝီ ရက်လည်းရက်၊ သူ့အပေါ် နာကြည်းသွားဟန်ရှိသည်။ ဆန်းဒေဝီ ခြေဦးတည့်ရာ လျှောက်သွားမှဖြင့်အခက်။

ချစ်ဦးမောင်တွေးရင်း စိတ်မကောင်းဖြစ်မိသည်။ ဆန်းဒေဝီအတွက် ပူပန်စိတ်တွေ ရင်ထဲထိလှုပ်ခတ်လာသည်။

ပတ်ဝန်းကျင်အနှံ့ရှာသည်။ မတွေ့။ ကဲ .. ဘယ်လိုလုပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင် တွေဝေမနေနိုင်ပါ။ ကားပေါ်တက်၍ စက်နှိုးလိုက်သည်။ ကားသည် ညို့မှလွှတ်သော မြားတစ်စင်းပမာ ပြေးထွက်သွားသည်။

လမ်းဘေးမှ သက်ရှိသက်မဲ့အရာတို့ တရိပ်ရိပ်ကျန်ခဲ့သည်။ ဆန်းဒေဝီသာ သူ့ထံမှ ပျောက်သွားခဲ့လျှင် တွေးလေ၊ မှုန်စိတ်တွေ မိစ်းလာလေ။

ရှေ့မှာ လှုပ်လီလှုပ်လဲ့ဖြင့် သွားနေသော ဆန်းဒေဝီ၏ကျောပြင်ကို လှမ်းမြင်ရသည်။ ချစ်ဦးမောင်အတိုင်းမသိ ဝမ်းသာသွားသည်။ ဆန်းဒေဝီဘေးမှာ ကားကိုရပ်ပစ်လိုက်သည်။

ဆန်းဒေဝီ လှည့်စောင်း၍ပင်မကြည့်။ သူ့လမ်းသူ ဆက်လျှောက်နေသည်။

"ဒေဝီ .. ဒေဝီ ခဏနေပါဦး"

ချစ်ဦးမောင် ပျာယာခတ်နေသလောက် ဆန်းဒေဝီက ဘာမှမသိသလို ဆက်လျှောက်နေသည်။ ချစ်ဦးမောင် ဆန်းဒေဝီရှေ့မှ ပိတ်ရပ်သည်။ ဆန်းဒေဝီက သူ့ရှေ့မှာ အုတ်တံတိုင်းကြီးခံနေလည်း ဆက်လျှောက်မည့်ပုံ။

"ရှင်ဖယ်ပါ။ ကျွန်မသွားမယ့်လမ်းကို အတားအဆီးမလုပ်ပါနဲ့"

ချစ်ဦးမောင် သူမရှေ့မှ နောက်ဆုတ်နောက်ဆုတ်နှင့် လမ်းပိတ်ထားသည်။ ဆန်းဒေဝီ ချစ်ဦးမောင်ကို တွန်းဖယ်ပြီး ဆက်လျှောက်သွားသည်။ ကို့ယို့ကားယားဖြစ်နေသော ချစ်ဦးမောင် ဖင်ထိုင်ပြုတ်ကျသွားသည်။ လောလောလတ်လတ် [illegible] မျိုးကို ကိုယ်တွေ့ခံစားလိုက်ရသည်။ ချစ်ဦးမောင် လူးလဲထလိုက်ပြီး ဆန်းဒေဝီကို လှမ်းကြည့်သည်။ ဆန်းဒေဝီ ပျောက်သွားသည်။

ဘုရဲတောင်းစာပေတိုက်



"ဆန်းဒေဝီ .. ဆန်းဒေဝီ"

မြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေသော ချစ်ဦးမောင်ကို ကားမှတ်တိုင်ထဲမှ ဆန်းဒေဝီ လှမ်းမြင်နေရသည်။ ချစ်ဦးမောင် ခေါင်းက ချာချာလည်နေသည်။ သူ့ခေါင်းကို တဖျင်းဖျင်းကုတ်လိုက်ပြီး ...

ဂျင်းဂျာကင်အင်္ကျီကို ချွတ်ချွတ်သည်။ ပြီးတော့ လမ်းပေါ်ကို ယောင်နနနှင့် လွှင့်ပစ်သည်။ နောက် .. ပြန်ကောက်သည်။ သူ ဆေးက်တည်ရာမရ။ ဆန်းဒေဝီ စိတ်ဆိုးပြေသွားပြီ ရယ်ချင်စိတ်ကို မနည်းမျိုချနေရသည်။

ချစ်ဦးမောင် ကားမှတ်တိုင်နား လာရပ်မှ ဆန်းဒေဝီကို တွေ့သည်။ သူ ဆန်းဒေဝီဘေးနားမှာ လာထိုင်ပြီး...

"ကိုယ်မှားသွားတယ်ဒေဝီ၊ ကိုယ့်ကို ခွင့်လွှတ်ပြီး ပြန်လိုက်ခဲ့ပါ။ မင်းကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပါ့မယ်"

"ရှင်ပြန်ပါတော့။ ရှင့်နောက်ကိုလည်း ကျွန်မမလိုက်ဘူး။ ဟိုင်းဝေးကားနဲ့ ကောင်းလဲမြို့ကို ကျွန်မလိုက်သွားတော့မယ်"

"ဒေဝီ .. မင်းစိတ်ထင်တိုင်း လျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ။ ကိုယ်နဲ့ပြန်လိုက်ခဲ့ပါ"

ဘေးနားက ခရီးသည်အဘိုးကြီးတစ်ဦးက ဝင်ပြီးပြန်ပြောသည်။

"လိုက်သွားလိုက်ပါတူမရယ် ... လင်နဲ့မယားဆိုတာ လျှာနဲ့သွားလိုပဲ အခန့်မသင့်တဲ့အခါ ထိခိုက်မိရှိတတ်တာပဲ။ ဒါပေမယ့် သူမစိတ်ခံစားမှုဒီလျှာနဲ့သွားကလည်း အတူမရှိလို့ မဖြစ်ဘူးလေ .. ဟဲဟဲ"

ချစ်ဦးမောင်မျက်နှာမှာ ပန်းသွေးရောင်လွှမ်းသွားသည်။ ဆန်းဒေဝီက ခေါင်းငုံ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဒေဝီ။ တို့တစ်တွေကလည်း လျှာနဲ့သွားလိုပဲ။ မင်းမရှိလို့ မဖြစ်လို့ပါ ဒေဝီရယ်"

ချစ်ဦးမောင် ဆန်းဒေဝီကို ဖေးဖေးမမဆွဲထူသည်။ ဆန်းဒေဝီ စိတ်ထဲမှာတော့ ဘာရယ်မသိ။ ရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

"ဒေါ်ကြီး သားတို့ကိုထားခဲ့ပြီး ဘယ်မှ မသွားပါနဲ့နော်"

"အေးပါကွာ .. မင်းတို့ဦးလေး လိမ္မာလာရင် ငါဒီကနေ ဘယ်မှခွာမသွားပါဘူး"

လုံးလုံးက မျက်လုံးတွေပြူးပိုင်းသွားပြီး

"ဒေါ်ကြီး ဦးလေးက လူကြီးဖြစ်နေပြီး သားတို့လို မလိမ္မာဘူးလားဟင်။ သူလိမ္မာအောင် သားတို့ပြောပေးမယ်နော်"

မမြင်နိုင် ဆုပ်ကိုင်မရသော သံယောဇဉ်တို့သည် သူမရင်မှ ဖြိုးထုတစ်ခု ဖြစ်တည်လာနေသည်။ မှန်းဆကရိဘဝက မရရှိခဲ့သော နွေးထွေးမှုတွေကို ဆန်းဒေဝီအဖြစ်နှင့် ဆန်းကြယ်စွာရရှိခဲ့သည်။ ဆန်းဒေဝီသာ သူ့ဘဝအမှန်ကို ပြန်လည်ရောက်ရှိခဲ့လျှင် သူတို့အားလုံး၏ ဘဝတွေသည် ....

မှုန်ရသောနေရောင်ခြည်ကို တိမ်မှုံပါတွေက လွှမ်းခြုံထားသည်။ ချစ်ဦးမောင် အိမ်ရှားရှင်းသုတ်ဆေးပုံးတွေ ကားပေါ်တင်နေသည်။ မီးပြမျှော်စင်တစ်ခုကို ဆေးသုတ်ဖို့ ပြင်ဆင်နေခြင်းဖြစ်သည်။

"ချစ်ဦးမောင် ဒေဝီပါလိုက်ခဲ့ရမလား"

"ရာသီဥတုသိပ်မကောင်းလို့ ဒေဝီကိုမခေါ်တာ ကလေးတွေနဲ့ အိမ်မှာပဲ နေလိုက်ပါနော်"

ကားထွက်သွားတော့ ဒေဝီလက်ပြကျန်ခဲ့သည်။ လုံးလုံးနှင့် ပြူးပြူးတို့ ဒေဝီ့ဘေးမှာ ကစားနေကြသည်။ ဆန်းဒေဝီက ဆက်တီခုံရှည်ကြီးပေါ်မှာ အိပ်မောကျလို့။





ငွေမှုန်းတဲ့လေးတွေ ပစ်ချလိုက်သလို မိုးတွေဖွဲဖွဲညင်းညင်း ရွာနေသည်။ ပင်လယ်လေက နွဲ့နွဲ့သွဲ့သွဲ့လေး ထယောင်ထိုးနေသည်။ မိုးရေထဲမှာ ချစ်ဦးမောင်တစ်ယောက်ထဲ။ သူချမ်းနေရှာရောမည်။ မီးပြမျှော်စင်ထဲမှ ဆန်းဒေဝီထွက်လာသည်။

"ချစ်ဦးမောင် .. ချစ်ဦးမောင်ရေ"

ချစ်ဦးမောင် လှမ်းကြည့်ရင်း အော်ပြောသည်။

"ဆန်းဒေဝီ .. ဆန်းဒေဝီ မင်းမလာနဲ့ မလာခဲ့နဲ့။ မိုးရေတွေ ရွှဲကုန်လိမ့်မယ်"

အော်နေသည့်ကြားက ဆန်းဒေဝီ မိုးရေထဲ သို့ ပြေးထွက်လာသည်။

"ရော့ ... ရှင်ချမ်းနေမှာစိုးလို့ ဂျာကင်ဝတ်ထားလိုက်"

"ကိုယ်မဝတ်ဘူး။ မင်းပဲဝတ်ပါ"

ချစ်ဦးမောင်က ဂျာကင်အင်္ကျီကို ဆန်းဒေဝီဆီ ပြန်ပေးသည်။

"မိုးတွေ သည်းလာပြီ။ မင်းမြန်မြန်ဝတ်လိုက်ပါ"

"ရှင်ဝတ်"

"မင်းဝတ်"

"ရှင်ဝတ်"

သူဝတ်၊ ငါဝတ်နှင့် သူတို့နှစ်ဦးစလုံး မိုးရေတွေ ရွှဲနစ်ပြီး ကြွက်စုတ်နှစ်ကောင်လို ဖြစ်နေသည်။ တစ်ချက်လေလက်ကြမ်းကြီးက သူတို့နှစ်ယောက်ကို အေးစက်စက် ပွေ့ဖက်လိုက်သည်။ နှစ်ယောက်စလုံး ခိုက်ခိုက်တုန်အောင် ချမ်းနေကြပြီ။

"ဟီး ... ဟီး ... ဟင်း .. ဟင်း ... ဟင်း"

လေပြင်းတစ်ချက်က သဲခနဲအတိုက်တွင် သူတို့နှစ်ယောက် ကျစ်ကျစ်ပါအောင် ထွေးပွေ့ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းတယ် .. ချမ်းတယ် .. ချစ်ဦးမောင် .. ချစ်ဦးမောင်" လုံးလုံးနှင့်မြူးမြူးတို့ ဆန်းဒေဝီအနားကို ပြေးလာကြသည်။

"အဒေါ်ကြီး ... အဒေါ်ကြီး .. ဘာဖြစ်တာလဲ။ အဒေါ်ကြီး"

သူတို့လှုပ်နှိုးလိုက်တော့မှ ဆန်းဒေဝီ လန့်နိုးသွားသည်။ သူ့ရင်ထဲမှာတော့ တလှပ်လှပ်တုန်၍ ကျန်ခဲ့သည်။

သူ့ရင်အစုံကို လက်ဖဝါးဖြင့် ဖိကာပ်ရင်း ...

"ဟယ်တော့ ... မိုးတောင်ချုပ်လှပြီ"

လုံးလုံးနှင့် မြူးမြူးတို့အတွက် စားဖို့စီစဉ်ပေးပြီး အိမ်အပြင်သို့ ထွက်ခဲ့သည်။ အပြင်မှာ မိုးလေးဖွဲဖွဲ ရွာသွန်းနေသည်။

"မိုးကလည်း တစ်နေ့လုံးမစဲတော့ဘူး"

နှုတ်ကရေရွတ်ရင်း မသိစိတ်က ချစ်ဦးမောင်ကို မျှော်နေမိသည်။ မြူးမြူးနှင့်လုံးလုံး အိပ်သွားတော့မှ ထမင်းစားခန်းထဲ ဝင်လိုက်သည်။ ဂတ်စ်မီးဖိုဖွင့်ပြီး ခေါက်ဆွဲနှစ်ပွဲပြုတ်သည်။

ခေါက်ဆွဲကျက်သွားတော့ အုပ်ဆောင်းလေးနှင့် အုပ်ထားသည်။ စားပွဲမှာထိုင်ပြီး နံရံက နာရီကို မော့ကြည့်သည်။

"ချစ်ဦးမောင် .. ပြန်ချိန်နီးပြီ။ သူပြန်လာမှပဲ အတူစားတော့မယ်"

ထမင်းစားပွဲမှာ ထိုင်စောင့်ရင်း ငုတ်တုတ်ငိုက်နေသည်။ ဆယ်ခနဲနိုးလာတော့ ညဉ့်ဆယ့်နှစ်နာရီထိုးပြီ။ သူထိုင်နေရာမှ ထလိုက် သည်။ သူ့ရင်ထဲမှာ ဘာမှစားချင်စိတ်မရှိတော့ အေးစက်နေသော ခေါက်ဆွဲနှစ်ပွဲကိုထားခဲ့ပြီး အိပ်ခန်းထဲသို့ ဝင်လိုက်သည်။





"အဒေါ်ကြီး .. အဒေါ်ကြီး အဒေါ်ကြီးကို ချစ်တယ်။ အဒေါ်ကြီးက နှုတ်ခမ်းရှူ .. ကြောင်မကြီးနဲ့တူ ခေါ် ... ခလော ခေါ် .. ခေါ်"

လုံးလုံး အိပ်ပျော်နေရာကယောင်ပြီး အော်နေခြင်းဖြစ်သည်။ စောင်ကို ဆွဲယူပြီး ခြုံပေးလိုက်မှ လုံးလုံးကိုယ်ပူနေတာကို သိရသည်။

"ဟယ် .. ကောင်လေးကိုယ်တွေ တော်တော်ပူနေပါလား"

မီးဖိုခန်းထဲ ပြန်ဝင်လာလိုက်ပြီး ရေခဲသေတ္တာထဲက ရေခဲခွက်ကိုယူပြီး ပြန်ထွက်လာသည်။ ဂွမ်းစထူထူကို ရေခဲမှာကပ်ပြီး လုံးလုံး နဖူးပေါ်တင်ပေးလိုက်သည်။ ဂွမ်းစကို ရေညှစ်လိုက်၊ နဖူးပေါ်တင် လိုက်နှင့် လုံးလုံးဘေးမှာ သူပါအိပ်ပျော်သွားတော့သည်။

မနက်ရောက်တော့ ချစ်ဦးမောင် ပြန်ရောက်လာသည်။ အိမ်မှာ ခါတိုင်းလို ဆူညံသံမကြားရ။ တိတ်ဆိတ်ငြိမ်သက်နေသည်။

ချစ်ဦးမောင် ဧည့်ခန်းထဲကိုကြည့်သည်။ မည်သူမျှမရှိ။ ဆန်းဒေဝီလည်း သူ့အခန်းမှာမရှိ။ သူ့စိတ်လေးလေးနှင့် လုံးလုံးတို့အိပ်ခန်းထဲသို့ ဝင်ကြည့်သည်။ အိပ်ခန်းထဲမှာ လုံးလုံးနှင့်မြူးမြူး၊ ဆန်းဒေဝီတို့ အိပ်မောကျနေကြသည်။ ဆန်းဒေဝီ ဘေးမှာ ရေခဲခွက်နှင့် ဂွမ်းဖတ်ကို တွေ့ရသည်။ ချစ်ဦးမောင် လုံးလုံးနှင့် မြူးမြူးတို့စောင်တွေ ဆွဲခြုံပြီးနှိုးနေသည်။

"ဟော့ကောင်တွေ .., ထ .. ထ ဘယ်အချိန် ရှိနေပြီလဲ။ ဆန်းဒေဝီ ထထ မင်းတို့အတွက် စားစရာတွေ ပါလာတယ်"

သူ့အသံကြောင့် အားလုံးနိုးလာကြသည်။

"ဝါး" "ဝါး"

ဆန်းဒေဝီ လုံးလုံးနဖူးကို စမ်းကြည့်သည်။ ခုတော့လည်း လူကောင်းပကတိ



www.burmeseclassic.com

www.burmeseclassic.com



"လုံးလုံး ညက အပူကြီးပြီး ယောင်အော်နေတာ။ တစ်ညလုံး ရေခဲဖတ်ကပ်ပေးရင်းနဲ့ ဒေဝီပါ အိပ်ပျော်သွားတယ်။ တစ်ညလုံး စိတ်ပူလိုက်ရတာ။ အိမ်ဖုန်းက ပျက်သွားတာနဲ့ ရှင့်ကိုလည်း ဆက်သွယ်ဖို့ခက်နဲ့ ဘာလုပ်ရမှန်းကို မသိတော့ဘူး"

သည်တော့မှ ဆန်းဒေဝီဘေးမှ ရေခဲခွက်နှင့် ပွမ်းဖတ်ဖေါ် အစိပ္ပာယ်ကို သဘောပေါက်သွားသည်။ ထမင်းစားခန်းထဲရောက် တော့ စားသူမဲ့ ခေါက်ဆွဲနှစ်ပွဲက ပွစိနေပြီး ထမင်းစားပွဲပေါ်မှာ ဒီအတိုင်းရှိနေသည်။

"ဆန်းဒေဝီညက ဘာစားထားလဲ"

"ရှင့်ကိုစောင့်ရင်းနဲ့ ဒီအတိုင်း အိပ်ပျော်သွားတာ ဘာမှမစားဖြစ်လိုက်ဘူး"

ဟုတ်ပါပြီ။ စားပွဲပေါ်က ခေါက်ဆွဲနှစ်ပွဲကို သံယောဇဉ် သက်သေအဖြစ် ချစ်ဦးမောင် မြင်တွေ့လိုက်ရသည်။







**အခန်း ( ၂၅ )**

"ဆောင်းတွင်းမှာ နှင်းကျ .. ပေါမန္တ ပေါမန္တရယ် လာပါ တော့ နတ်မိမယ်လေး မျှော်လှပေါ့"

သည်နယ်မှာ သူ့ကိုမသိသူမရှိ။ သူက မသိတဲ့လူသာ ရှိချင် ရှိမည်။ ဒီလောက် ပေါ်ပြူလာဖြစ်သော နတ်မိမယ် လမ်းဆုံ၊ လမ်းခွ၊ လမ်းမပေါ်မှာ သူအမြဲရှိနေတတ်သည်။

နတ်မိမယ်ဘေးမှာ ကားတစ်စင်းထိုးရပ်လာသည်။ နတ်မိမယ် ဒီကားနှင့် ဒီလူကို မျက်မှန်းတန်းမိနေပြီ။ သူမ ခေါင်းခန်းထဲ ငုံ့ ကြည့်လိုက်ပြီး ...

"ပွတ်မောနှင်း .. အန်ကယ်ပြောင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးမောင် အံ့ဩသွားသည်။ သည်သူငယ်မ သူ့နာမည်ကို ဘယ်လိုသိနေပါလိမ့်။ ရွှေဝါဖူးလက်ချက် ဖြစ်နိုင်သည်။ အမှန်တော့ မည်သူ့လက်ချက်မှ မဟုတ်ဘဲ သူ့အမည်ကို သူ့နဖူးက ဖော်ပြနေခြင်းဖြစ်၏။

“မောနင်း .. မောနင်း ကလေးမ”

“ကျွန်မနာမည် ကလေးမမဟုတ်ဘူး .. နတ်မိမယ်”

“ဟုတ်ပါပြီ နတ်မိမယ်ရယ် .. ဒါနဲ့ ရွှေဝါဖူးတို့အိမ် ဘယ်နားမှာရှိလဲ”

“ရွှေဝါဖူးဆိုတာ ဟိုင်းဝေးကားနာမည်ကြီး။ အဝေးပြေးဂိတ်ကို သွားရှာချေ”

ကိုဦးမောင် ရှုံချင်ချင်ဖြစ်လာသည်။

“ကားကို ပြောတာမဟုတ်ဘူး။ လူနာမည်ကိုပြောတာ”

နတ်မိမယ်မျက်လုံးကို စုံမှိတ်လိုက်သည်။ သူ့နားထင်ကို လက်ချောင်းလေးနှင့် ခေါက်လိုက်ပြီး

“ရွှေဝါဖူး .. ရွှေဝါဖူး သိပြီ၊ ကိုလံဘတ်ဆံပင်မျိုးနဲ့ အခေါကြီး ဆံပင်ရွှေဝါရောင်နဲ့လေ။ သိတယ် .. သိတယ် .. ဒီနားတင် ရှိတယ်”

“ဒါဆိုရင် ကားပေါ်တက် .. ကားနဲ့သွားမယ်”

နတ်မိမယ်တစ်ယောက် မာစီးဒီးကားနက်ကြီးပေါ်တွင် ခြေတစ်ဖက်ချိတ်၍ လိုက်ပါသွားတော့သည်။

“အန်တီဖူး .. အန်တီဖူး”

မာစီးဒီးကားနက်ကြီးပေါ်က နတ်မိမယ်လှမ်းခေါ်နေသည်။ ရွှေဝါဖူးဝမ်းသာအားရ ပြေးထွက်လာသည်။





“အံမယ် .. ကိုဦးမောင် နင်က နတ်မိမယ်နဲ့ ပါလာတာကိုး”

‘မပြောချင်ပါဘူး ရွှေဝါဖူးရယ် .. နင့်ကိုမေးကာမှ ဟိုင်းဝေးဂိတ်မှာ ရွှေဝါဖူးကားတွေရှိတယ်တဲ့။ ကားမဟုတ်ဘူး။ လူလို့ပြောတော့မှ ကိုလံဘတ်ဆံပင်မျိုးနဲ့ ခေါကြီးလားဆိုပြီး ဒီရောက်လာတာ”

“အန်တီဖူးနဲ့ အန်ကယ်ပြောင်က ရည်းစားတွေလားဟင်”

“အေး .. ဟုတ် .. ဟာ ဒီကောင်မလေး .. သေတော့မှာပဲ”

“အန်တီဖူးက ရှက်နေပြန်ပြီ။ အန်တီဖူးတို့ မျက်နှာတွေက နီရတဲ့မျက်နှာမျိုးဆိုတော့ နတ်မိမယ်လေး စကားကမှားမယ်တော့ မထင်ပါဘူးနော်”

“ဟဲ့ ကောင်မလေး .. သွား သွား .. နင့်လမ်းနင်သွားတော့”

ရွှေဝါဖူးက နတ်မိမယ်ကို ရှက်ရှက်နှင့် မောင်းထုတ်လိုက်သည်။

“ရွှေဝါဖူး နင်က ဘာကိုရှက်နေတာလဲ။ သူပြောတာ မကြိုက်လို့လား”

“ကိုဦးပြောင်နော် .. ဒီအရွယ်မှ မဖွယ်မရာတွေ လာမပြောနဲ့ .. သွား .. သွား”

ကိုဦးမောင် ရွှေဝါဖူးလက်ကို ဖမ်းယူဆုပ်ကိုင်လိုက်သည်။

“ငါတို့ ဟိုတယ်ဂေါက်ကွင်းအသစ် ဆောက်ဖို့ လေ့လာလိုတာနဲ့ ဒီဘက်ကိုရောက်လာတာ”

“ကြော် .. ဒါဆို နင်က ငါ့ဆီလာတာ မဟုတ်ဘူးပေါ့လေ”

ရွှေဝါဖူးက ကိုဦးမောင်နဖူးကိုခေါက်ဖို့ သူ့လက်ခေါက်ကို ရွယ်လိုက်သည်။

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ဘူး .. နင့်ဆီကိုလာချင်တာ ဒီဘက်မှာ လူသွားခေါ်မယ်ဆိုပြီး ထွက်လာခဲ့တာ။ ဂေါက်ကွင်း လုပ်ဖို့ လူရှာပြီးရင် ငါတို့ဟိုတယ်ကို နင်ကိုယ်တိုင် လိုက်ပို့ပေးရ လာခဲ့လေ။ ဟိုရောက်ရင် ရေကူးမလား။ ဂေါက်ရိုက်မလား။ ရေ ရေအေးချိုးမလား။ အလုပြင်မလား။ ပေါင်းခံမလား။ နင်ကြိုက် လုပ်လို့ရတယ်။ အလုပ်သမားသာ ရအောင် ခေါ်လာခဲ့"

"ဟယ် .. ကိုဦးပြောင် နင်က ဟိုတယ်မှာ ဒီလောက်တော ပိုင်တာလား။ ငါလာခဲ့မယ် စိတ်သာချ"

"ကဲ .. ဒါဆိုရင် ငါသွားတော့မယ် ရွှေဝါဖူး ရော လိပ်စာကတ်၊ ဟိုတယ်ကို မဝင်ခင် ဖုန်းသာအရင်ဆက်လိုက် ငါစောင့်နေမယ်"

ကိုဦးမောင် လိပ်စာကတ်လှမ်းပေးရင်း ရွှေဝါဖူးကို လက်ဆွဲ ဆက်လိုက်သည်။ မာစီးဒီးကားနက်ကြီး မောင်းထွက်သွားပြီ ရွှေဝါဖူးတစ်ယောက် သူ့ကိုယ်သူဘုရင်မကြီးတစ်ပါးလို အလို နေရင်း သွေးကြီးသွားတော့သည်။







ချစ်ဦးမောင် လူပျောက်ရှာဖွေရေးဌာနကို ဆန်းဒေဝီနှင့် တ်သက်ပြီး လူပျောက်စုံစမ်းထားခြင်းရှိမရှိ သွားကြည့်သည်။ န်းဒေဝီနှင့် ပတ်သက်သည့်အချက်အလက် တစ်စုံတစ်ရာမျှ မ တွေ့ရ။ ဆန်းဒေဝီ၏အမည်၊ ဓါတ်ပုံနှင့် လိပ်စာတို့ကို သူ့မိသားစု ာရှာလျှင် ဆက်သွယ်နိုင်ရန် အချက်အလက်ပြည့်စုံစွာ ပေးထား သည်။ ချစ်ဦးမောင် အိမ်ပြန်ရောက်တော့ ကလေးတွေက စိုင်း မ်းသည်။

"ဦးလေး .. ဒီနေ့အလုပ်မသွားရဘူးဆို ။ သားတို့နဲ့ မနေဘဲ ဘယ်သွားနေတာလဲ"

"ဒီနေ့ အချိန်ရတုန်း။ မင်းတို့ဒေါ်ကြီးကို သူ့ပိုင်ရှင်တွေ လာစုံစမ်းသလားလို့ သွားကြည့်တာ။ ဘာမှလည်း အကြောင်းမထူး ပါဘူးကွာ"

ချစ်ဦးမောင် စကားတွေကို ထမင်းစားခန်းထဲမှ ဆန်းဒေဝီ အတိုင်းသားကြားနေရသည်။

"ချစ်ဦးမောင်က ငါ့ကိုပြန်ပို့ချင်နေပြီလားမသိဘူး။ ဟိုဘက်က လာမစုံစမ်းဘူးတဲ့"

မည်သို့ပင်ဖြစ်စေ သည်မိသားစုသည် သူ၏မိသားစုသဖွယ် အသားကျနေခဲ့ပြီ။

ဘာရယ်မသိ။ ဆန်းဒေဝီစိတ်တွေ နောက်ကျိုနေသည်။ ကားလမ်းဘေးက ပန်းခင်းထဲမှာထိုင်ပြီးငေးနေမိသည်။ ရုတ်တရက် အေးစက်စက်လက်တစ်စုံက သူ့မျက်လုံးကို လာပိတ်သည်။

"လူသေလက်ကြီးနဲ့ ဘယ်သူလဲ။ လက်ဖြုတ်လိုက်စမ်း"

"နှစ်ထပ်ရှိရင် မှတ်မိမယ်လို့ အပြတ်သိဖွယ် ဖွင့်ကာပြလိုက် ယ်ဟဲ့ .. နှတ်မိမယ်ရဲ့လက်"



www.burmeseclassic.com

www.burmeseclassic.com



နတ်မိမယ် အရွှန်းဖောက်လိုက်တော့ ဆန်းဒေဝီ ပြုံးစပြုလာသည်။

"အစ်မကိုကြည့်နေတာကြာပြီ။ ဘာဖြစ်နေတာလည်း စိတ်ရှုပ်နေတာလား"

"အင်း"

ဆန်းဒေဝီ လေးတွဲ့တွဲ့ဖြေသည်။

"စိတ်ရှုပ်ရင် ဗိတ်အုပ်သာဝယ်လိုက်"

"ဗိတ်အုပ်ဝယ်ပြီး ဘာလုပ်ရမှာလဲ နတ်မိမယ်ရဲ့"

"ညစ်ညူးအောင် ဘယ်သူလုပ်။ ချစ်ဦးမောင်လိုလူရှုပ်နယ်ကြောင့် စိတ်ရှုပ်မှုယ်ဗိတ်အုပ်ဝယ်လို့ ဦးပြည်ကိုပြောင်အောင်တုံးကာပ ဆန့်ပန်းကို ခေါင်းမှာတင်လို့ သီလရှင်လုပ်"

"လက်စသတ်တော့ နင်က ငါ့ကို သီလရှင်လုပ်ခိုင်းနေတာကိုး"

သူတို့ စကားကောင်းနေစဉ် သူတို့အနီးသို့ အစ်ဖုရှ အီးအယ်အက် ထရပ်ကားတစ်စီး လာရပ်သည်။

ကားနောက်မှာ ရွှေဝါဖူး ဝမ်းသာအားရနှင့် သူတို့ကို လှမ်းခေါ်သည်။

"ဆန်းဒေဝီနှင့် နတ်မိမယ် ငါတို့လှေလာရေးခရီးထွက်မလို့ လာ ... ကားပေါ်တက်ကြ"

နတ်မိမယ်က ဆန်းဒေဝီလက်ကိုဆွဲပြီး ...

"လာ .. အစ်မ သွားကြမယ်"

"အိုး .. မလိုက်ချင်ပါဘူး"

"ခရီးထွက်တော့ စိတ်အပြောင်းအလဲဖြစ်တာပေါ့"

ကားပေါ်က ရွှေဝါဖူးဆင်းလာပြီး ...





"လာ .. လာ အမြန်တက်ကြ။ ဆန်းဒေဝီတက်လေ။ အန်တီဖူးလဲတက်။ ပျော်ပျော်ပါးပါး သွားကြတာပေါ့"

ရွှေဝါဖူးနဲ့ နတ်မိမယ်က ဆန်းဒေဝီကို ကားပေါ်တွန်းတင်ပေးသည်။ ပြီးတော့ သူတို့နှစ်ယောက် နောက်က လိုက်တက်သည်။ လူစုံသည်နှင့် ကားက ဗူးခနဲမောင်းထွက်သွားသည်။

သူတို့အနားမှာ ထိုင်ဖို့ကပ်သွားတော့ အနံ့ကမျိုးစုံ၊ ချွေးနံ့၊ ဆိတ်သိုးနံ့၊ နေလောင်နံ့တွေ မွှန်နေသည်။

"ဟင်း .. ဘယ်လိုလူတွေလည်း မသိပါဘူး။ ဆန်းဒေဝီ သူတို့အနားက ခပ်ခွာခွာထိုင်သည်။

သည်ခရီးကို ရွှေဝါဖူးခေါ်၍ လိုက်သာလိုက်ခဲ့ရသည်။ ဆန်းဒေဝီ စိတ်ထဲမှာ သိပ်ဘဝင်မကျ။

တစ်လမ်းလုံး ရွှေဝါဖူးတစ်ယောက်ထဲ ဗိုင်ခံစကားပြောလာသည်။ နတ်မိမယ်က သူပြောသမျှကို မျက်လုံးလေး ကလယ်ကလယ်နှင့် လိုက်ကြည့်နေသည်။

"ခု .. သွားမယ့် ဟော်တယ်မှာ အတွင်းရေးမှူးဖြစ်နေတာ ငါ့သူငယ်ချင်းလေ။ အခုလည်း သူ့ဟော်တယ်ကိုလာဖို့ ဖိတ်ထားလို့ သွားတာ။ ပြီးတော့ တို့နယ်ကလူတွေကို ဂေါက်ကွင်းမှာ အလုပ်ပေးထားဦးမှာတဲ့"

"ဒါဆို အန်တီဖူးသူငယ်ချင်းက အဲဒီမှာ တော်တော်အရေးပါတာပေါ့နော်"

ကားကစုတ်စုတ်။ လူတွေဟန်မှန်က တောဆန်ပြီး ချွေးစော်ကနံနှင့် ဆန်းဒေဝီ စိတ်ပျက်လက်ပျက်ရှိနေစဉ် ဟိုတယ်ရှေ့သို့ ကားထိုးရပ်လိုက်သည်။ အတက်တုန်းက လူနှစ်ယောက်တွန်းတင်ပေးရတာ ဆန်းဒေဝီအဆင်းမှာ သူ့ဘာသာသူခုန်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း . . ငါ့အစ်မက အတက်တုန်းက နေ့သလောက် အဆင်းကျတော့ လျှင်လိုက်တာ သစ်ရွက်လေးတစ်ရွက်လိုပဲ"

အားလုံးက အမြင်သစ်အတွေ့အကြုံသစ်တွေမို့ ပျော်နေကြသည်။ ဆန်းဒေဝီအဖို့ ဘာမှမဆန်းသလို။ သူ့စိတ်ထဲမှာလည်း မပျော်မိ။







# အခန်း ( ၂၆ )

"ဒဿတာဝါဟိုတယ်"

မျှော်စင်ဆယ်နှပါသော အထပ်မြင့်ဟိုတယ်ကြီး အုံ့မှုယ်ခမ်းနား လှသည်။ အပေါ်ဆုံးအထပ်တွေက မိုးတိမ်ထဲရောက်နေသည်။ ရွှေဝါမှူး နတ်မိမယ်ဆီက လက်ကိုင်ဖုန်းကိုယူပြီး ကိုဦးမောင်ဆီသို့ ဖုန်းဆက်သည်။ စားပွဲပေါ်မှ လက်ကိုင်ဖုန်းက မြည်လာသည်။ ကိုဦးမောင်က အပြင်ဘက်ကိုရောက်နေသည်။

သူဌေးကံထူးမောင် မျက်ခုံးတွန့်ပြီး . . .

"ဟား အတွင်းရေးမှူးကလည်း ဘယ်ရောက်နေပါလိမ့်"

ဖုန်းကိုကောက်ယူပြီး နားထောင်သည်။

"ဟလို ကိုဦးပြောင် ဖုန်းခေါ်နေတာကြာပြီ။ ငါရွှေဝါမှူးပါဟဲ့ နင်ဘာဖြစ်နေတာလဲ။ ငါ့ကို စကားလေးဘာလေး ပြောပါဦး ပြောင်ပြောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ သူဌေးကံထူးမောင် အခက်တွေ့နေပြီ။ ပြန်ပြောရခက် ဖုန်းပိတ်ထားရခက်ဖြစ်နေစဉ် ကိုဦးမောင် ပြန်ဝင်လာသည်။ ကိုဦးမောင်ကို လှမ်းခေါ်ပြီး ဖုန်းကိုအမြန်ပေးလိုက်သည်။

"ရွှေဝါဖုန်းလား"

"အေး .. အေး အဲဒီကစောင့်နေ .. ငါလာခေါ်မယ်"

ကိုဦးမောင် ဖုန်းကိုယူပြီး အပြင်ပြန်ထွက်သွားသည်။

အတွင်းရေးမှူး ဘာတွေလုပ်နေသည်မသိ။ သူ့ကိုလည်း ဘာမှ မပြောထား။ ကံထူးမောင် စိတ်ဝင်စားလာသည်။ အတွင်းရေးမှူး နောက်သို့ အသာလိုက်ကြည့်သည်။ ဟိုတယ်ရှေ့မှာ အမျိုးသမီး တစ်ယောက်နှင့်ရပ်ပြီး စကားပြောနေသည်။ ရွှေဝါဖုန်းဆိုတာဖြစ် မည်။ သူ့နောက်မှာ အမျိုးသမီးတွေ ပါလာသည်။ ကိုဦးမောင်နှင့် သူတို့အားလုံး လက်ပံပင်ဆက်ရက်ကျသလို စီညံစီညံနှင့် ဟိုတယ် အတွင်းသို့ ဝင်လာကြသည်။

ဆန်းဒေဝီ တောသားတွေနှင့်တူသော သူတို့လူအုပ်ကိုကြည့် ပြီး စိတ်ပျက်နေသည်။ ကားပေါ်ကဆင်းကတည်းက တစ်ယောက် တည်းခွဲထွက်ပြီး ဟိုတယ်အနှံ့လျှောက်ကြည့်သည်။ အဝတ်အစား ပေါင်းများနှင့် လိုက်လာသော ဆန်းဒေဝီသည် ရွက်ကြမ်းရေကြို မှုသာဖြစ်၍ သူ့ကိုမည်သူမျှဂရုမပြုမိ။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူမ ဟိုတယ်ထောင့်ချိုးတစ်ခုမှ ထွက်အလာ ကိုဦးမောင်ကို ချောင်းနေ သော သူဌေးကံထူးမောင်နှင့် ပက်ပင်းတိုးတော့မည့်ဆဲဆဲ ကျားကို တွေ့သည့် ကြောင်တစ်ကောင်ပမာ ကံထူးမောင် နောက်ကိုဆုတ် ပြီး တိုင်နှင့်ကွယ်နေလိုက်သည်။





ဆန်းဒေဝီက ခပ်တည်တည်နှင့် ဟိုတယ်တံခါးကို တွန်းဖွင့် ပြီး ဝင်သွားသည်။ သူ့ကိုမြင်လိုက်သော ဝန်ထမ်းတစ်ချို့ မကောင်း ဆိုးဝါးကိုမြင်ရသည့်နှယ် တွေတွေကြီးကြောင်ပြီး ရပ်နေသည်။ သူမကို မတွေ့တော့မှ အချင်းချင်းတွတ်ထိုးကြတော့သည်။

"ပျောက်သွားတဲ့ တို့သူဌေးမ .. ကိုယ်ယောင်လာပြတာတော့ မဟုတ်ပါဘူးနော်"

"နင်မြင်ရလား"

"မြင်တာပေါ့"

"ငါလည်း မျက်စိနဲ့တပ်အပ်မြင်တာလေ"

"အေး .. ဒါဆိုရင်တော့ သရဲမဖြစ်နိုင်ဘူး။ လူချင်းတူတာပဲ ဖြစ်မယ်။ ဒီမိန်းမကြည့်ရတာ စုတ်စုတ်ပြတ်ပြတ်နဲ့"

သူဌေးကံထူးမောင် ဝင်လာတာမြင်တော့မှ သူတို့လူစုကွဲ သွားသည်။

"ဘာဖြစ်နေကြတာလဲ .. ရှုန်းစုရုန်းစုနဲ့"

"ဘာမှမဖြစ်ပါဘူး သူဌေး .. ပုံပြင်တစ်ခုအကြောင်း ပြော နေတာပါ"

ကံထူးမောင် ဆန်းဒေဝီကိုလိုက်ကြည့်သည်။ ဘယ်ပျောက် သွားသည်မသိ။ ကြီးမားလွန်းသော ဟိုတယ်ကြီးအတွင်း လူတစ် ယောက်ကို ရှာဖို့မလွယ်။

ဟိုတယ်ကြီးတစ်ခုလုံးကို မြင်နိုင်သော တီဗီကွန်ထရိုးခန်းရှိ ရာသို့ ကံထူးမောင် ရောက်သွားသည်။ သူဌေးဝင်လာသည် မြင်သည်နှင့် တီဗီခန်းက ဝန်ထမ်းတွေ ခါးကုန်းလိုက်ကြသည်။ ဟိုတယ်ရှိ အင်ဂျင်နီယာချုပ်ရောက်လာပြီး ...

"သူဌေး .. ကျွန်တော်တို့ဘာများ အကူအညီပေးရမှာလဲ ခင်ဗျား"

သူရဲကောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



"မှန်းကောရှိန်နဲ့တူတဲ့ မိန်းမတစ်ယောက် ဟိုတယ်ထဲ ဝင်လာတာ တွေ့မိလား"

"ဟိုတယ်မိန်းပေါက်အဝင်မှာ တွေ့လိုက်တယ်။ သူ့ဓွေးကတော်နဲ့တူလွန်းလို့ ကျွန်တော်တောင်အံ့ဩနေတာ။ အဲဒါကြောင့် အခန်းတိုင်း အဝင်အထွက်ကို မြင်နေရအောင်လို့ ဟိုတယ်တစ်ခုလုံးမှာ ရှိတဲ့အခန်းတိုင်းကို တီဗီဖခရင်ပေါ်ကနေ ကျွန်တော်တို့ဟောဟော ဟိုမှာ အခန်းတစ်ခန်းထဲကို ဝင်သွားပြီ"

ကံထူးမောင် တီဗီမျက်နှာပြင်ကို လှမ်းကြည့်တော့ သူ့အခန်း ဖြစ်နေသည်။ ကံထူးမောင် တီဗီခန်းထဲမှ အမြန်ထွက်ခဲ့သည်။

ဧည့်သည်အခန်းမဟုတ်သည့် ဗီအိုင်ပီအခန်းကျယ်တစ်ခုထဲသို့ ဆန်းဒေဝီလှမ်းဝင်သည်။ အခန်းအဝင်အထွက် နံရံပေါ်မှာ ဓါတ်ပုံတစ်ခုကို သူလှမ်းမြင်သည်။

အနားတိုးကပ်လိုက်ပြီး ဓါတ်ပုံကိုသေသေချာချာကြည့်သည်။

"ဒီလူကို ငါမြင်ဖူးသလိုပဲ။ တို့ဆီကို လာဖူးသလား မသိဘူး။ မိန်းမကလည်း မျက်နှာကြောကို တင်းနေတာပဲ။ ဒီလူနဲ့သူက လင်မယားတွေလားမသိဘူး"

ဆန်းဒေဝီနှုတ်က တိုးတိုးလေးရေရွတ်နေသည်။ သူမအခန်းအနှံ့လျှောက်ကြည့်သည်။ ကံထူးမောင် အခန်းပေါက်ဝမှာ ရပ်နေမိသည်။ သူ့စိတ်ကို တင်းပြီး အခန်းထဲသို့ ဝင်လိုက်သည်။ အခန်းထဲမှာ ဆန်းဒေဝီနှင့် မျက်နှာချင်းဆိုင်ပက်ပင်းတိုးတော့သည်။ နှစ်ဦးစလုံး မျက်လုံးတွေ ပြူးကျယ်သွားသည်။

"ဟင် .. ရှင် .. ရှင် ရှင်က ဒီမှာနေတာလား"

"ဟုတ်ပါတယ် .. ဘာများအကူအညီပေးရမလဲ"



"ဘာ အကူအညီမှ မလိုပါဘူး။ အခန်းတွေ လျှောက်ကြည့်နေတာ ကျွန်မတစ်ယောက်ထဲပဲ နေချင်တယ်။ အနားမှာ လူရှိနေတာ မကြိုက်ဘူး"

ပြောပြောဆိုဆို ဆန်းဒေဝီအခန်းအပြင်ဘက်သို့ ပြန်ထွက်သွားသည်။ ဆန်းဒေဝီစိတ်ထဲမှာ မှန်းကျပ်လာသည်။ ဟိုတယ်အတွင်းမှာ နေလိုစိတ်မရှိတော့၍ အပြင်ကို အမြန်ပြန်ထွက်လိုက်သည်။ ရွှေဝါဖူးနှင့် နတ်မိမယ်တို့အဖွဲ့က အထူးဧည့်သည်အဖြစ် အလှပြင်ခန်းမထဲမှာ အစွမ်းကုန်ပြင်ဆင်နေကြသည်။

"နတ်မိမယ်တို့က အခုမှ နတ်ပြည်ကိုတကယ်ရောက်နေတာ"

"ဟုတ်တယ် အန်တီဖူးရေ နတ်မိမယ်တော့ ရွာတောင် မပြန်ချင်တော့ဘူး"

သူတို့ပျော်နေကြသည်မှာ ဆန်းဒေဝီကိုပင် သတိမရတော့။ ဆန်းဒေဝီ ကားဟွန်းကိုနှိပ်နေသည်။

"တီ .. တီ .. တီ .. တီ"

ဟွန်းသံကြားတော့ ကားအရှိင်ဘာပြေးထွက်လာသည်။

"အန်တီဖူးကို ပြန်တော့မယ်လို့ ပြောလိုက်ပါ။ နည်းနည်းလေး နောက်ကျတာနဲ့ အိမ်ကိုကုန်းကြောင်းပြန်လျှောက်ရမယ်လို့"

ဆန်းဒေဝီက ပြတ်သည်။ စိတ်မထင်လျှင် ပြောသည့်အတိုင်း လုပ်တတ်သည်။ ဆန်းဒေဝီအကြောင်းသိသော ရွှေဝါဖူးနှင့်အဖွဲ့ မကြာခင် ရောက်လာသည်။

"ဆန်းဒေဝီ ဘာဖြစ်လို့ အစောကြီးလောနေရတာလဲ။ ဒီမှာ မြင့် မိမ်ယူလို့ကောင်းတုန်း"

"အန်တီဖူးက တစ်ယောက်ထဲ ဘာပူစရာရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ကိုခလုတ်တိုက်မိသူများ

"ဟုတ်ပ .. ဟုတ်ပ လင်နဲ့သားနဲ့လူတွေ ပူကြပေါ့"

သူတို့စကားကောင်းနေစဉ် ထရပ်ကားလေး ဟိုတယ်ရှေ့မှ ထွက်ခွာသွားတော့သည်။



ဆိုဖာရှည်ပေါ်တွင် လဲလျောင်းရင်း ဆန်းဒေဝီစာအုပ်တစ်အုပ်ကို စိတ်ဝင်တစားရှိနေသည်။

"ဘုတ်"

ချစ်ဦးမောင် သူ့လက်ထဲက လက်ဆွဲအိတ်တစ်လုံးကို ဆန်းဒေဝီကိုယ်ပေါ် ပစ်ချလိုက်သည်။

"ဘာတွေလဲ"

"သိချင်ရင် ထုတ်ကြည့်လေ"

ဆန်းဒေဝီ အိတ်ကိုယူပြီး ဆိုဖာပေါ် သွန်ချလိုက်သည်။ ဝတ်စုံတွေကြားမှ နီညိုရောင်ရှည်မျောမျောအရာလေးတစ်ခု ထွက်လာသည်။

"ဟယ် .. ချစ်စရာလေးတော့"

လက်ကိုင်ဖုန်းအသစ်လေးကို တချိုက်မက်မက် နမ်းရှုံ့လိုက်ပြီး ဖုန်းကောတစ်ခုကို နှိပ်လိုက်သည်။ ချစ်ဦးမောင် ကျောကင်းအိတ်ထဲက လက်ကိုင်ဖုန်းမြည်လာသည်။



## မောရှုပသင်

"ပကျစ် .. ပကျစ် .. ကျလိ .. ကျလိ"

ချစ်ဦးမောင်က ဖုန်းကိုထုတ်ယူလိုက်ပြီး ...

"ဟလို .. အမိန့်ရှိပါခင်ဗျာ"

"ဆန်းဒေဝီ ပြောနေပါတယ်။ ဟမ်းဖုန်းလက်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့"

"ဟား .. ဟား .. ဟား .. ဟား"

ပြီးတော့ နှစ်ယောက်သားပြိုင်တူရယ်လိုက်ကြသည်။ ဆိုဖာရှည်ကြီးပေါ်တွင် နှစ်ယောက်အတူ ယှဉ်ထိုင်ပြီး ဖုန်းပြောနေကြခြင်းဖြစ်သည်။

ဆန်းဒေဝီဝတ်စုံကိုယူပြီး အိပ်ခန်းထဲဝင်သွားသည်။ အနီရောင်ချည်ထည်အင်္ကျီပါးပါးလေးနှင့် အနီနှင့်အနက်ဖောက် ထားသည့် စကတ်ရှည်ကြီးကိုဝတ်ပြီး ထွက်လာသည်။ ချစ်ဦးမောင် သူ့မျက်လုံးကို မှိတ်ထားသည်။ ဆန်းဒေဝီ သူ့ရှေ့မှာ ခြေစုံရပ်ပြီး ကချေသည်တစ်ဦးလို ကိုယ်ကို ယိမ်းထိုးလှုပ်ရှားပြသည်။ ချစ်ဦးမောင်က မလှုပ်။ ဆန်းဒေဝီက ချစ်ဦးမောင်ပခုံးနှစ်ဖက်ကို လက်နှင့်လှမ်းပုတ်လိုက်ပြီး ...

"ဟိတ် .. ဝါး"

ချစ်ဦးမောင် မျက်လုံးဖွင့်ကြည့်လိုက်ပြီး ...

"ဟား .. စင်ဒရဲလားလမ်းမှားပြီး ဝင်လာတာဖြစ်မယ်။ ဖိနပ်တစ်ဖက်ရော ပြန်တွေ့ရဲ့လား"

"ဘယ်တွေ့မလဲ။ ခွေးချီသွားတာကိုး"

ဆန်းဒေဝီသည် ချစ်ဦးမောင်တို့ဘဝထဲတွင် စိမ့်ဝင်စီးမျောကာ အသားတကျဖြစ်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၇ )

တဟီဟီကျွန်းတွင် မီးပြမျှော်စင်တွေ၊ မိုးဦးကျမှိုပွင့်တွေလို များစွာရှိနေသည်။ ချစ်ဦးမောင်အတွက် မကုန်ခမ်းနိုင်သော ထမင်းအိုးတွေဖြစ်သည်။ ဒီတစ်ခေါက်သွားရမည့် ခရီးအတော်ဝေးသည်။ အလုပ်ပြီးမှသာ အိမ်ကိုပြန်လို့ရမည်။ သွားချည်ပြန်ချည် လုပ်လို့မရ။

"ဆန်းဒေဗီ ကိုယ်သတိရတိုင်း အလုပ်ကနေ ဖုန်းဆက်လိုက်မယ်။ မင်းလည်း ပျင်းနေတဲ့အခါ ဖုန်းလှမ်းဆက်နော်"

"ဗိတ်ချ ... ဗိတ်ချ .. ဘတ္တရီကုန်အောင် ဆက်လိုက်မယ်"

ဆန်းဒေဗီ၏လက်ကိုင်ဖုန်းတွင် (စင်တားနား)အဖွဲ့မှ တီးခတ်ထားသော လေညင်းတို့သီဆိုသောတေးများ သံစဉ်ကိုထည့်ထားသည်။





"ဂလုတ် .. ဂလုတ် .. ဂုတ် .. ဂွမ်း .. ဝရေ .. ရှဲ"

အန်းတိတ် အဝတ်လျှော်စက်ကို ဂျင်းဝတ်စုံတွေ ထည့်ပြီး ဖွင့်လိုက်စဉ် မြည်လာသောအသံဖြစ်သည်။

သူ့လည်တိုင်မှာ လက်ကိုင်ဖုန်းလေးကို ကြိုးဖြင့်ဆွဲထားသည်။ ရုတ်တရက် သူ့ရင်ဘတ်ပေါ်မှ လေညင်းတို့သီချင်းထဲဆိုတော့သည်။ ဆန်းဒေဗီ ရယ်ချင်လွန်းသဖြင့် ...

"ဟဲလို .. မောင်လား .. ချစ်ဦးရော ရှိပါသလား"

ချစ်ဦးမောင်ကရယ်လိုက်ပြီး

"အဟတ်ဟတ် .. ချစ်ဦးရော .. မောင်ရော ချစ်ဦးမောင်ပါ အားလုံးရှိပါတယ်။ ဂွတ်အာတာနွန်းပါဒေဗီ .. မင်းပျင်းနေမှာစိုးတာနဲ့ လှမ်းနှောက်ယှက်နေတာ"

"ဩ .. ဒါဖြင့် ဒေဗီ့ကို သတိရလို့မဟုတ်ဘူးပေါ့။ ဒီကလည်း ရှင့်လိုပါပဲ ရှင့်ရဲ့ဂျင်းအိတ်ဝတ်စုံတွေ လျှော်နေရတာနဲ့ ပျင်းဖို့တောင် အချိန်မရဘူး"

"ဒေဗီကလည်း ကိုယ့်စကားတောင် ဆုံးအောင်နားမထောင်ဘူး။ မင်းကိုသတိမရရင် ဖုန်းတောင်ဆက်ဖြစ်မှာမဟုတ်ဘူး။ လွမ်းတယ် ဒေဗီရယ်"

သူတို့နှစ်ယောက် ဖုန်းပြောရင်းဖြင့် ပိုပြီးချွေးတွေးလာခဲ့သည်။ ညအိပ်ရာဝင်ခါနီးတော့ ဆန်းဒေဗီချစ်ဦးမောင်ကို ဖုန်းဆက်သည်။

"ကျလိ .. ကျလိ .. ပကျစ် .. ပကျစ် .. ကျစ်"

"ဟဲလို .. ဂွတ်နိုက်ပါ ဆန်းဒေဗီ"

"ဦးလေး .. ဘာတွေနိုက်ခိုင်းတာလဲ။ အခုပြောနေတာ လုံးလုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးလား.. အိပ်ပျော်နေပြီ"

ဆန်းဒေဝီက လုံးလုံးလက်ထဲက မှန်းကိုလှမ်းယူလိုက်သည်။

"ဒေါ်ကြီး အိပ်ပျော်နေပြီ။ ဦးလေးရော မအိပ်သေးဘူးလား"

"ဟာ.. ဆန်းဒေဝီ ကိုယ်တစ်ယောက်ထည်း လေယာဉ်ထဲမှာ ဘယ်မှာအိပ်လို့ရပါ့မလဲကွာ"

"ဒီနေ့ ဒေဝီအရမ်းပင်ပန်းသွားပြီ။ အိပ်တော့မယ်နော် ဘိုင်"

ဆန်းဒေဝီညည်းခန်းထဲက ဆက်တီခုံရှည်ပေါ်မှာ အိပ်ပျော်သွားသည်။

ညဝတ်အင်္ကျီရှည်နှင့်လူတစ်ယောက်၊ သူ့ရှေ့က ထိုင်ခုံမှာ လာထိုင်သည်။ မှန်စားပွဲပေါ်တင်ထားသည့် လက်ထပ်လက်စွပ်လေးကို ယူကြည့်ပြီး

"ဆန်းဒေဝီ မင်းက ဘာကြောင့်များ ဒီလိုဆင်းရဲတဲ့ဘဝထဲမှာ ပျော်ပိုက်နေတာလဲ။ မင်းက ကုဋေကြွယ်ချမ်းသာတဲ့သူ။ မင်းကို ဒုက္ခနွံထဲမှာ အနစ်မခံနိုင်ဘူး။ မင်း ငါနဲ့ပြန်လိုက်ခဲ့ရမယ်"

"မလိုက်ဘူး။ မလိုက်ဘူး .. ဘယ်တော့မှ မလိုက်ဘူး"

ထိုသူက ဆန်းဒေဝီကို အတင်းဆွဲသည်။ ဆန်းဒေဝီက ရုန်းကန်သည်။ ရုန်းကန်ဆန်ခတ်နှင့် သူ့လက်ထဲက လက်စွပ်လေး လွတ်ကျသွားသည်။

ဆန်းဒေဝီလန့်နိုးလာတော့ သူ့တစ်ကိုယ်လုံး ချွေးစေးတွေ ရွှဲနစ်နေပြီး မောဟိုက်နေသည်။ မီးဖိုခန်းထဲထလာပြီး ကော်ဖီတစ်ခွက်ဖျော်သည်။ ကော်ဖီခွက်ယူပြီး ဆက်တီပေါ် ပြန်ထိုင်သည်။ ကော်ဖီ တစ်ငုံချင်းသောက်ရင်းသောက်ရင်း သူစဉ်းစားနေမိသည်။ သူ့အကြည့်က မှန်စားပွဲပေါ် ရောက်သွားသည်။





"ဟင် ဒီအပေါ်က လက်စွပ်ဘယ်ရောက်သွားပြီလဲ"

သူမအံ့သြခြင်းကြီးစွာဖြင့် မီးခလုတ်ကို ဖွင့်သည်။ တစ်ခန်းလုံး လင်းသွားသည်။ သူ့လက်စွပ်ကို အခန်းအနှံ့လိုက်ရှာသည်။ အခန်း ထောင့်မှာ မောမောနှင့်ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့မှ နံရံကပ် ဘီရိုခြေရင်းမှာ ထောင်လျက်သားရှိနေသည့် လက်စွပ်ကို တွေ့ရသည်။ သူထိုင်နေရာမှ ကြမ်းပြင်ပေါ် လှဲချလိုက်သည်။

နမူးပေါ်လက်တင်လိုက်ပြီး သူ့စိတ်အစဉ်တွေက ရွေ့လျားနေသည်။





www.burmeseclassic.com

www.burmeseclassic.com



ဘီလုံးနှာ သူဌေးမ မွန်းကေရီ

ဥရောပခရီးစဉ်မှ ပြန်ရောက်လာသည်။ အရပ်ရှည်သွယ်ပြီး ပြေပြစ်သော သူ့ကိုယ်ပေါ်တွင် အနီရောင်ပိုးသားစကပ်ကို တင်းတင်းကြပ်ကြပ်ဝတ်ဆင်ထားသည်။ ဒသသတာဝါဟိုတယ် အတွင်းသို့ တစ်လှမ်းချင်းလှမ်းဝင်လာသည်။

"ဟက်ပီဘာတ်ဒေးပါ သူဌေးကံထူးမောင်"

အနီရောင်ဝတ်စုံနှင့်ဝင်လာသော မွန်းကေရီကိုမြင်လိုက်သည်နှင့် မီးကိုရေနှင့်ငြိမ်းလိုက်သည့်ပမာ ပျော်ရွှင်စွာ ဆူညံအော်ဟစ်နေသော အသံများရှဲခနဲငြိမ်ကျသွားသည်။ ကံထူးမောင်နှင့်အတူ ဟိုတယ်ဝန်ထမ်းများအားလုံး နတ်ဆိုးတစ်ကောင်ကို မြင်လိုက်ရသလို တုန်လှုပ်ချောက်ခြားနေကြသည်။ ကံဆိုးချင်တော့ မွန်းကေရီ အနားမှာ ရှိနေသည့် ဝန်ထမ်းမလေးထံမှ အအေးတစ်ခွက်ကို လှမ်းတောင်းသည်။ တုန်တုန်ရင်ရင်နှင့် သူ့လက်ထဲမှ ဖန်ခွက်လွတ်ကျသွားသည်။

"ခွမ်း"

"အလုပ်လုပ်တာ လုံးဝမသေသပ်ဘူး။ သွား .. နင်ငါ့အနားက အမြန်ထွက်သွား"

ကောင်မလေးက ဝမ်းနည်းမျက်နှာဖြင့် ပြန်သွားသည့်နှယ် သူ့အနားက လျှင်မြန်စွာ ထွက်သွားသည်။

"ဟိတ် .. အခုချက်ချင်း ပြန်လာဦး"

ကောင်မလေး ကြောက်ကြောက်နှင့် ပြန်လှည့်လာသည်။

"နင့်ကိစ္စတွေ တစ်ခါတည်းရှင်းသွား"

ဖန်ခွက်အစအနတွေကို ကောက်ယူပြီး ကောင်မလေးပြန်ထွက်သွားသည်။





"ဟိုတစ်ယောက် .. နောက်ထပ်အအေးနှစ်ခွက်ဖျော်ပြီး အမြန်ယူခဲ့"

သူ့အနီးမှ ကံဆိုးသူတစ်ယောက် မဲပေါက်သွားပြန်သည်။

မွန်းကေရီ ကံထူးမောင်ရှိရာကို လျှောက်လာသည်။

"ကေရီ .. ပြန်ရောက်တာစောတယ်နော်"

"ဟုတ်တယ် အယ်လ်အေကို ဆက်သွားမလို့ဘဲ။ မသွားချင်တာနဲ့ ပြန်လှည့်လာတာ"

"ရှင်က ကေရီမရှိတာနဲ့ ဒီမှာပျော်နေတာပေါ့လေဟုတ်လား"

"ဟို .. မဟုတ် .. မဟုတ်ရပါဘူးကေရီရယ်။ ကိုယ့်မွေးနေ့ရက်၊ နေ့၊ လ တစ်ထပ်တည်းကျလို့ ကေရီနဲ့တို့အတွက်ပါ လက်ထပ်လက်စွပ်လုပ်ထားတာ။ ပြီးတော့ ကေရီ့ကို ပေးထားပါ့မယ်"

အဖျော်ခန်းထဲမှ ကောင်မလေးနှစ်ယောက် စွန့်စားမှုတစ်ခု လုပ်နေကြသည်။

"အဲဒီ နတ်ဆိုးမကြီးကို အမြင်ကတ်တယ်။ အခွင့်အရေးကြုံတုန်း သူ့ကို ပညာပေးရမယ်။ ပြဿနာတက်ရင် တို့နှစ်ယောက် စလုံးခံမယ်နော်။ ဘယ့်နဲ့လဲ"

ကောင်မလေးနှစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။

အအေးခွက်ထဲသို့ အမှုန့်လေးတွေ ဖြူးထည့်လိုက်သည်။ မွန်းကေရီရှိရာသို့ အအေးနှစ်ခွက် ရောက်လာသည်။

ကောင်မလေးက အမှုန့်ထည့်ထားသည့် အအေးခွက်ကို မွန်းကေရီကို လှမ်းပေးသည်။ နောက်တစ်ခွက်ကို ကံထူးမောင်ကို ပေးသည်။ မွန်းကေရီက အအေးခွက်ကို ကိုင်ထားရင်း ..



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ် .. နင် ဒီမှာခဏနေဦး"

ကံထူးမောင် ရင်ပူနေသည်မို့ အအေးခွက်ကို မော့ချလိုက်သည်။ မွန်းကေရီ သူ့လက်ထဲက အအေးခွက်ကို ကောင်မလေးဆီ လှမ်းပေးသည်။

"ဒီခွက်ထဲက အအေး ငါ့ကိုသောက်ပြစမ်း"

ပါးလိုက်သည့်သူဌေးမ။ ပါးတာမှ လှပ်လှပ်လေး။ ကောင်မလေး ပြဿနာတက်ပြီ။ အအေးခွက်ကိုကိုင်ပြီး ဘာဆက်လုပ်ရမည်မသိ။ အခက်တွေ့နေပြီ။

"သောက်လေ .. ဘာလုပ်နေတာလဲ"

"ဟို .. ဟိုလေ သမီးဗိုက်တင်းနေလို့ မဆန့်တော့ဘူး"

"ဒါဆိုရင် တစ်ဝက်သောက်"

သူ့အကြပ်အတည်းကို ကံကောင်းထောက်မစွာ ဖြေရှင်းမည့်ကယ်တင်ရှင်ပေါ်လာသည်။ သူဌေးကံထူးမောင် ကောင်မလေးလက်ထဲက ဖန်ခွက်ကို လှမ်းယူလိုက်သည်။

"ပေး .. ပေး ငါ့ကိုပေး"

အအေးခွက်ကို မော့ချလိုက်ပြီး ကောင်မလေးကို လှမ်းပေးလိုက်သည်။

ဆန်းဒေဝီသွားရာနောက်သို့ ကံထူးမောင်လိုက်သွားသည်။ ဧည့်ခန်းစားပွဲမှာ မွန်းကေရီထိုင်လိုက်ပြီး အိပ်နေသောခွေးဘီလူးကြီးဂျစ်ပစီကို ကောက်ယူပွေ့ချီလိုက်သည်။

"ကေရီအသည်းလေး .. ဂျစ်ပစီပျင်းနေပြီလား"

"ကေရီ ခဏနော်"

ကံထူးမောင် အိပ်ခန်းထဲဝင်ပြီး လက်ထဲမှာဘူးလေးတစ်ဘူးပါလာသည်။ ကံထူးမောင် ဗိုက်ထဲက အသံတွေမြည်လာသည်။





"ဝို .. ဂလု .. ဂလု"

ကံထူးမောင်မျက်နှာကို ရှုံ့လိုက်ပြီး ဘူးလေးကို မွန်းကေရီထံ လှမ်းပေးသည်။

"အဲဒါ ကေရီအတွက် ကိုယ်လုပ်ထားတဲ့ လက်ထပ်လက်စွပ် အဲဒါ ကေရီလက်နဲ့ဆို အတော်"

"ဝို .. ဂလု.. ဂလု" "ဗျစ် .. ဗျစ် ... ဗျစ်"

ပညာပေးအအေးခွက်က ကံထူးမောင်ကို ပညာပြနေပြီ။ ကံထူး မောင် ဟန်ဆောင်မနေနိုင်တော့။ ဖင်ကိုပိတ်ပြီး အခန်းထဲမှ ထွက် ပြေးတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဆန်းဒေဝီအတွေးထဲက ရုန်းထွက်လိုက်သည်။

"ဟင်း"

နှစ်လိုဖွယ်မရှိသည့်အိပ်မက်ကို သူစဉ်းစားနေမိသည်။ သူ့ကို ပြန်ခေါ်နေသူသည် သူနှင့်လက်ထပ်မည့် ကံထူးမောင်ဆိုသူဖြစ်နေသည်။ ဒါဆို ဟိုတယ်မှာ တွေ့ခဲ့သည့်ခါတ်ပုံသည် သူနှင့် ကံထူးမောင်ပေါ့။ ဆန်းဒေဝီ သူ့အတိတ်ကို ပြန်သတိရသော်လည်း ထိုနေရာသို့ ပြန်ချင်စိတ်မရှိ။

အိပ်မက်က လန့်နိုးကတည်းက မိုးလင်းသည်အထိ မှန်းဝေကရီ ပြန်အိပ်၍မရခဲ့။ ချစ်ဦးမောင်ကို သတိရနေသည်။ ချစ်ဦးမောင် ဖုန်းကို လှမ်းခေါ်သည်။

"ဟလို .. ဒေဝီလား .. စောစောစီးစီး"

"ဟုတ်တယ် .. ချစ်ဦးမောင် .. ဒေဝီညက အိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးလာတော့ ပြန်အိပ်လို့မရတော့ဘူး။ စိတ်ထဲမှာ ရှုပ်ထွေးနေတယ်။ ရှင့်ကို သတိရတာနဲ့ လှမ်းဆက်လိုက်တာ"

"ဒေဝီရော နေကောင်းရဲ့လား"

"ဒေဝီ့စိတ်ထဲမှာ နေမကောင်းဘူး။ ရှင်အလုပ်ပြီးလို့ အိမ်ပြန်လာမှ ဒေဝီ့ရင်ထဲက စကားတွေ ရှင့်ကို ပြောပြမယ်။ ဒါပဲနော်"

ချစ်ဦးမောင် စိတ်ထဲမှာတော့ တည်ငြိမ်နေသော သူတို့ ဘဝလေးကို ဖြိုကွဲပျက်စီးစေမည့် နိမိတ်ပုံကို လှမ်းမြင်နေရသည်။

"ကျလိ .. ကျလိ .. ပကျစ် .. ပကျစ်"

"ဟဲလို အမိန့်ရှိပါ .. ချစ်ဦးမောင်ပြောနေပါတယ်"

"ဗျာ .. ကျွန်တော်နဲ့ကိုယ်ရေးကိုယ်တာကိစ္စ ဆွေးနွေးချင်လို့ ဟုတ်လား"

"ဟုတ်ကဲ့ပါ .. ဆက်ဆက်လာခဲ့ပါ့မယ်"





ချစ်ဦးမောင်တွေးထင်ခဲ့သလို အဖြစ်အပျက်တွေက လျှင်မြန်လှသည်။ ဖြစ်လာမှတော့ ရင်ဆိုင်ဖြေရှင်းဖို့သာ ရှိတော့သည်။ ချစ်ဦးမောင်က ကံထူးမောင်ချိန်းဆိုရာ ကော်ဖီဆိုင်သို့ ကားကို အမြန်မောင်းလာသည်။ ကော်ဖီဆိုင်ထဲတွင် ကံထူးမောင် ရောက်နှင့်နေပြီ။

"ထိုင်ပါ ချစ်ဦးမောင်"

ချစ်ဦးမောင် သူ့ရှေ့က ထိုင်ခုံမှာထိုင်လိုက်သည်။ ကံထူးမောင် ကော်ဖီနှစ်ခွက်မှာလိုက်ပြီး စကားစသည်။

"မှန်းဝေကရီ .. ခင်ဗျားအိမ်မှာရှိနေလျက်နဲ့ ကျုပ်တို့ဆီကို ခင်ဗျားဘာကြောင့် မဆက်သွယ်တာလဲ"

ကံထူးမောင် စနက်တံကို မီးစရှို့သည်။

"ကောင်းပြီ .. အတိတ်မေ့နေသူ တစ်ယောက်ရဲ့ နောက်ကြောင်းကို ခင်ဗျားသိနိုင်မလား။ သူ့အကြောင်းကို ကာယကံရှင်တွေကလွဲပြီး ဘယ်သူကမှမသိနိုင်ဘူး"

ချစ်ဦးမောင်ဆက်ပြောသည်။

"လူပျောက်ရှာဖွေရေးဌာနကို ကျုပ်ရောက်ပြီးပြီ။ ခင်ဗျားတို့ လာစုံစမ်းတာလည်းမရှိဘူး။ ဆန်းဒေဝီပုံနဲ့ အချက်အလက်တွေ အိမ်လိပ်စာတွေ ဌာနကို ပေးထားပြီးသား။ ခင်ဗျားဘက်က ပျက်ကွက်တာ .. တာဝန်မဲ့တာ"

စနက်တံကို မီးရှို့ပြီး ဗိုင်းနမိုက်ကိုင်ထားသူက ကံထူးမောင်။ နောက်ဆုံးတော့ သူပြဿနာကို သူလွှတ်ချလိုက်ရသည်။

"ကျုပ်စကားပြောတာလောသွားလို့ပါ ချစ်ဦးမောင်။ မှန်းဝေကရီကို ကျွေးမွေးစောင့်ရှောက်ထားတဲ့အတွက် ခင်ဗျားကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်။ သူနေခဲ့တဲ့ ကာလအတွက် ကုန်ကျစရိတ်တွေကို ကျုပ်ပေးဆပ်ပါ့မယ်''

ကံထူးမောင် သူ့မှာပါလာသော လက်ဆွဲသေတ္တာအနက်ကို ဖွင့်ပြီး ချစ်ဦးမောင်ရှေ့မှာ ချပေးသည်။ သေတ္တာထဲမှာ ငွေစက္ကူ အပြည့်။

ချစ်ဦးမောင် မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်သွားသည်။ ငွေသေတ္တာအဖုံးကို ပြန်ပိတ်လိုက်ပြီး အရှိန်နဲ့ဆောင့်တွန်းလိုက်သည်။ သေတ္တာက ကော်ဖီခွက်ကို တိုက်ပြီး ကံထူးမောင်ကို ပြေးဆောင့်သည်။

''ဘုန်း''

''အင့်'' ''အွတ်''

ကော်ဖီပူတွေ သူ့အပေါ် ဖိတ်စင်ကျလာပြီး အသက်ရှူမရ ဖြစ်သွားသည်။

''ဆန်းဒေဝီ ဘယ်သွားရမှန်းမသိတဲ့အချိန်မှာ ကျရောက်လာမယ့်ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးထားတဲ့ကျုပ်ကို ခင်ဗျားက ဒုက္ခသည်ကန်ထရိုက်များများမှတ်နေသလား ကံထူးမောင်''

ငွေဟူသည် လူတို့၏ စားဝတ်နေရေးအတွက် လူ့ဘဝရပ်တည်မှုအတွက် ကြားခံပစ္စည်းတစ်ခုမျှသာ ဖြစ်သည်။ အရာရာတိုင်း ငွေနှင့်ချိန်စက်၍ မရနိုင်သည်ကို သူဌေးကံထူးမောင် မသိနိုင်သည်မှာ အံ့ဩစရာမဟုတ်တော့ပေ။

''ခင်ဗျား .. ဆန်းဒေဝီကို အချိန်မရွေးလာခေါ်နိုင်တယ်''

ချစ်ဦးမောင် စကားတစ်ခွန်းသာပြောပြီး ပြန်ထွက်ခဲ့ ... ကံထူးမောင် ငွေသေတ္တာကို ရင်မှာပိုက်ပြီး ကော်ဖီဆိုင် ... သက်မဲ့ အရုပ်တစ်ရုပ်လို ကျန်ရစ်ခဲ့သည်။

သုရဲတောင်းခောပေတိုက



တိုရိုတာ လင့်ခရူဆာကားလေးက လမ်းပေါ်မှာ ယိမ်းထိုးပြီး ပြေးနေသည်။ ချစ်ဦးမောင်ရင်မှာ တစ်ခါမှမဖြစ်ဖူးသော ခံစားမှုတွေ ဖိစီးလာသည်။

မကြာမြင့်သော ကာလတစ်ခုတွင် ဆန်းဒေဝီနှင့်သူတို့ ခွဲခွာရတော့မည်လေ။ အိမ်ရှေ့တွင် ကားလေးထိုးဆိုက်သည်နှင့် ဆန်းဒေဝီ၊ လုံးလုံးနှင့် ပြူးပြူးတို့ သူ့ကိုစောင့်ကြိုနေကြသည်။ ကားပေါ်ကဆင်းသည်နှင့် ချစ်ဦးမောင် ဆန်းဒေဝီရှိရာကို လှမ်းသွားပြီး သူမကိုယ်ကို သိုင်းဖက်လိုက်သည်။ ဆန်းဒေဝီ အံ့ဩမင်သက်သွားရာမှ သူ့ကိုပြန်ဖက်လိုက်သည်။ ဆန်းဒေဝီ တစ်ကိုယ်လုံး ပူနွေးလာပြီး ရင်ထဲမှာ တလှပ်လှပ်ခုန်လာသည်။

''ဆန်းဒေဝီ''

ဖျော့တော့သောခေါ်သံနှင့်အတူ ချစ်ဦးမောင်လက်တွေ ပြေလျော့သွားပြီး နောက်သို့ဆုတ်လိုက်သည်။ လုံးလုံးနှင့် ပြူးပြူးတို့ ချစ်ဦးမောင်ကိုကြည့်ပြီး အံ့ဩနေကြသည်။ ချစ်ဦးမောင်၏ မျက်ဝန်းတွေမှာ မျက်ရည်ကြည်တွေ ရစ်ဝိုင်းနေသည်။

''ချစ်ဦးမောင် ရှင် ဘာဖြစ်နေတာလဲဟင်''

''ဆန်းဒေဝီ ကိုယ်တို့ မကြာခင်မှာ ခွဲကြရတော့မယ်''

''ရှင် .. ဘာပြောလိုက်တယ်''

ချစ်ဦးမောင်စကားသံတွေက ဆန်းဒေဝီနားထဲမှာ ပေါက်ကွဲသံတစ်ခုလို ကျယ်လောင်စွာမြည်ဟည်းသွားသည်။

ကံထူးမောင်နှင့် တွေ့ဆုံခဲ့သည်ကို ချစ်ဦးမောင်က ဆန်းဒေဝီကို အစအဆုံးပြောပြလိုက်သည်။

ဆန်းဒေဝီ အောက်နှုတ်ခမ်းကို ဖိကြိတ်ကိုက်ထားမိသည်။ သူပျောက်ဆုံးသွားကတည်းက သူ့ကို အရေးတယူလုပ်ပြီး မရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ကံထူးမောင်ကို ဒေါသဖြစ်နေသည်။ သံယောဇဉ်ဖြင့် ဖွဲ့နှောင်အပ်သော ဘဝလေးတစ်ခု အနည်ထိုင်ကာမှ သူတို့ နှလုံးသားကို တစ်စစီဖွဲ့ချွေမည့် ဗီလိန်ကြီးကံထူးမောင်ကို သူမမုန်းမိသည်။ သူ့အတိတ်ကို ပြန်လည်ဖတ်ရှုမိချိန်တွင် သူ့အသိုက်ရှိရာ သူပြန်ရပေတော့မည်။

"ဒေါ်ကြီး သူတို့လာခေါ်ရင် ပြန်လိုက်မသွားပါနဲ့။ သားတို့ ဒေါ်ကြီးနဲ့ မခွဲနိုင်ဘူး"

"ဟီး .. ဟီး .. ဟီး"

လုံးလုံးနှင့်ပြုံးပြုံးတို့ ဆန်းဒေဝီလက်ကို ဆုပ်ကိုင်ပြီး ငိုနေကြသည်။ ချစ်ဦးမောင်ရင်မှာ ခံစားနိုင်စွမ်းမဲ့လာသည်။

"မင်တို့ဒေါ်ကြီးက ဘိလုံနာသူဌေးမကြီးလေ။ အချိန်တန်တော့လည်း အိမ်ပြန်ရမှာပေါ့ကွာ။ ဆန်းဒေဝီနဲ့ မခွဲခွာခင်အချိန်လေးမှာ တို့အားလုံးပျော်ပျော်ရွှင်ရွှင်နေကြရအောင် မငိုနဲ့ တိတ်တိတ်"

"ဟုတ်သားပဲ ကလေးတို့ရယ် .. ဒေါ်ကြီးလည်း မင်းတို့နဲ့ မခွဲချင်ပါဘူး။ ဒါပေမယ့် ဒေါ်ကြီးမှာလုပ်စရာကိစ္စတွေရှိနေလို့ ပြန်ရမှာပါ"

ချစ်ဦးမောင် သူကိုယ်တိုင်သီထားသော ရောင်စုံခရုခွံကြိုးလေးကို ဆန်းဒေဝီလည်တိုင်လေးမှာ သူ့လက်နှင့်ဆွဲပေးသည်။

"ဒေဝီ .. မင်းအသက်ရှိနေသရွေ့ ဒီဆွဲကြိုးလေးကို ကိုယ်ရဲ့ အမှတ်တရအဖြစ် မင်းလည်တိုင်မှာ ဆွဲထားပေးပါ"

"တို့တွေ ပြန်မဆုံခဲ့ရင် ဒီခရုပတီးလေးကို ဒေဝီတစ်သက်လုံး ဆွဲထားပါမယ် မောင် .. ချစ်ဦးမောင်ရယ်"

ချစ်ဦးမောင်နှင့် ဆန်းဒေဝီတို့ တစ်ဦးနှင့်တစ်ဦး လွှတ်မသွားအောင် ထွေးပွေ့ထားကြသည်။





"ဝေး .. ဦးလေးနဲ့ဒေါ်ကြီး အမြဲတမ်းအတူနေနိုင်ပါစေ"

လုံးလုံးနဲ့ပြုံးပြုံးက ဩဘာပေးကြသည်။

"ဦးလေးတို့ကြာကြာစံနိုင်အောင်လို့ သားတို့ကို ကြာဇံကြော်ကျွေးရင် မကောင်းဘူးလား"

"ပြုံးပြုံးကတော့ လုပ်ချလိုက်ပြန်ပြီ။ ကဲ ကဲ .. မင်းတို့ သဘောအတိုင်း ကြော်ကျွေးမယ်"

"ဦးလေးရယ် .. ဒေါ်ကြီးရယ် .. မင်းတို့ရယ် ပျော်ပျော် ရွှင်ရွှင်နဲ့စားကြရအောင်။ ငါတို့အားလုံး ဒေါ်ကြီးကို ဝိုင်းကူကြမယ်"

သူတို့အားလုံး မီးဖိုခန်းထဲ ဝင်သွားကြလေသည်။

အနက်ရောင်မာစီးဒီးကားကြီး အိမ်ရှေ့မှာ လာရပ်သည်။ ဆန်းဒေဝီ အိမ်ရှေ့မြက်ခင်းပြင်ရှိ စားပွဲမှာ ထွက်ထိုင်နေလိုက်သည်။ စားပွဲပေါ်မှာ စီခင်းထားသော ဝါးချောင်းလေးတွေကို စိတ်ဖြင့် ရေတွက်နေသည်။ ချွေးပေါက်သံနှင့်အတူ မြက်ခင်းပြင်မှာ လာရပ်သော ခြေအစုံကို မြင်ရသည်။ ဆန်းဒေဝီ ခေါင်းမော့ကြည့်လိုက်ပြီး

"ဩ .. ရှင်ရောက်လာပြီကိုး"

"ကိုယ် ဒီမှာ ခဏထိုင်မယ်နော်"

"ရှင် ကြိုက်သလို နေနိုင်ပါတယ်"

"ကိုယ် မင်းကိုရှာနေခဲ့တာ ကြာပါပြီ"

"ကံထူးမောင် .. ရှင် လူပျောက်ရှာဖွေရေးဌာနကို မရောက်ခဲ့ ဘူးမဟုတ်လား"

"အဲဒီကို မရောက်ခဲ့ပေမယ့် မင်းကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ လိုက်ရှာခဲ့ပါသေးတယ်။ ဒီကို နှစ်ကြိမ်တောင် ရောက်ခဲ့သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က မင်းကိုယ့်ကို ဘယ်သူမှန်းတောင် မသိခဲ့ဘူး။ အခု တော့ မင်းလည်း သတိရနေပြီမို့ မင်းကိုယ်နဲ့ပြန်လိုက်ခဲ့ပါ''

''ခုလောလောဆယ် ရှင်ပြန်လိုက်ပါ။ ကျွန်မစဉ်းစားပါရစေဦး''

ကံထူးမောင် ပြန်သွားပြီး မကြာခင် ချစ်ဦးမောင် ပြန်ရောက် လာသည်။ လေးလံသောခြေလှမ်းတွေနဲ့ တစ်လှမ်းချင်းလျှောက် လာသည်။ အဝင်ပေါက်မှာ ဆန်းဒေဝီဖိနပ်ကို မတွေ့ရ။ ခေါင်း ငိုက်စိုက်ချပြီး အိမ်ထဲလှမ်းဝင်လိုက်သည်။

''ဝါး''

တံခါးအကွယ်မှ ဆန်းဒေဝီထွက်လာသည်။ သူ့ရင်ထဲမှာ ရေ ထိပန်းလေးပွင့်လာသည်။

''ကိုယ်ပြန်လာရင် ဒီအိမ်ကြီးက အရှင်သခင်မဲ့နေတော့မယ် လို့ ရင်ထိတ်နေရတာ''

ဆန်းဒေဝီက ချစ်ဦးမောင်လက်ကို ဆွဲခေါ်လာသည်။ ပြီးတော့ ဆက်တီခုံပေါ်မှာ ထိုင်ခိုင်းသည်။ ဆန်းဒေဝီ သူ့ဘေးမှ ထိုင်လိုက် ပြီး လက်ကိုင်ဖုန်းကို ဖွင့်ပြီး ဓါတ်ပုံရိုက်သည်။

''ချစ်ဦးမောင် .. ဒေဝီတို့ ခွဲကြရတော့မယ်နော်။ ဒေဝီ့ဘဝ ဟာ ဒီနေရာလေးမှာ ရှင်သန်ခဲ့ပြီး ဒီနေရာက ခွဲခွာချိန်ကစပြီး ဒေဝီ့ဘဝဟာ သေဆုံးသွားပါပြီ။ ဒါပေမယ့် ဒေဝီအသက်ရှင်နေ သရွေ့ ချစ်ဦးမောင်တစ်ယောက်ထဲ ရင်ထဲမှာအမြဲရှိနေမှာပါ''

''အကယ်၍များ ဒီပန်းတောရွာမှာ နှင်းတွေဖြိုင်ဖြိုင်ကျလာခဲ့ ရင် ဒေဝီ ဒီကိုအရောက်ပြန်လာခဲ့မှာပါ''

ဆန်းဒေဝီစိတ်က ဆုံးဖြတ်ပြီးသားဖြစ်နေသည်။ အဝတ်အစား အိတ်ကို အသင့်ပြင်ထားလိုက်သည်။ အိမ်ရှေ့က ကားသံကြား





သည်နှင့် သူလှမ်းကြည့်သည်။ မာစီးဒီးကားထဲက ကံထူးမောင်နှင့် အတွင်းရေးမှူးတို့ ဆင်းလာကြသည်။ ဆန်းဒေဝီအိတ်ကို ဆွဲယူ လိုက်ပြီး ကားရှိရာသို့ လှမ်းလိုက်သည်။ ကိုဦးမောင်က သူ့အိတ် ကို လှမ်းယူသည်။

''နေပါစေ .. ရပါတယ်''

သူဘာမှမပြောဘဲ ကားနောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။ ကလေးနှစ်ယောက် အိပ်မောကျနေခဲ့သည်။ သူမအထွက်တွင် ဂျယ်လီက အမြီးကိုလှုပ်ယမ်း၍ နှုတ်ဆက်နေသည်။

ကားစက်နိုးပြီး အိမ်ရှေ့မှ မောင်းထွက်သွားသည်။ အိမ်လေး က ငိုကျန်နေမည်လားမသိ။ ကားက တောင်ကုန်းလေးကို မောင်း တက်သည်တွင် လမ်းဘေးအုတ်ခုံလေးမှာ ထိုင်နေသော နတ်မိ မယ်ကို လှမ်းတွေ့သည်။

''နတ်မိမယ်ရေ .. အစ်မသွားပြီဟေ့''

နတ်မိမယ်က ကားနောက်ပြေးလိုက်လာပြီး ...

''အစ်မရေ နှင်းတွေကျရင် ဒီကိုဆက်ဆက်ပြန်လာနော်''

နတ်မိမယ်လေး .. လက်ပြကျန်ရစ်သည်။

ဟိုတယ်ထဲ လှမ်းဝင်လိုက်သည်နှင့် အားလုံးက ဦးညွှတ်၍ အရိုအသေပေးကြသည်။

''ရပါတယ် .. လုပ်စရာရှိတာ ဆက်လုပ်ကြပါ''

ညှိခန်းမှာ ထိုင်လိုက်သည်။ ဘယ်အချိန်ကရောက်လာမှန်း မသိသော ဂျစ်ပစီ သူ့ကိုယ်ပေါ်ခုန်တက်လာပြီး သူ့လက်တွေကို လျှာနှင့်လျက်နေသည်။

''ဂျစ်ပစီရေ .. ခုချိန်ကစပြီး .. နင်ဟာ ငါ့ရဲ့အဖော်ဖြစ်သွား ပြီ''



www.burmeseclassic.com

www.burmeseclassic.com



ကံထူးမောင် အဝတ်အစားတွေယူလာပြီး မှုန်းကေရီကို လှမ်းပေးသည်။

"ရော .. ကေရီ အဝတ်အစားတွေ လဲလိုက်ဦး"

ဂျစ်ပစီက အလိုက်သိစွာပင် သူ့ကိုယ်ပေါ်မှ ဆင်းလိုက်ပြီး ထိုင်ခုံအောက်တွင် ဝပ်နေသည်။ ကံထူးမောင် အပြင်ထွက်သွားတော့မှ ညည်ခန်းထဲမှာပင် အဝတ်အစားလဲလိုက်ပြီး အဝတ်အစားဟောင်းတွေကို စားပွဲပေါ်တွင် တင်ထားလိုက်သည်။ သူမ လက်ကိုင်ဖုန်းကို ဖွင့်လိုက်ပြီး သူနှင့်ချစ်ဦးမောင် ရိုက်ခဲ့သောပုံတွေကို တစ်ကွက်ချင်းပြန်ကြည့်သည်။ နှစ်ခါ၊ သုံးခါလောက် ပြန်ကြည့်ပြီး ပုံတွေကို ဖျက်လိုက်ပြီး စားပွဲပေါ်တင်ထားလိုက်သည်။ ဆန်းဒေဝီ လှုပ်နှိုးစိတ်ပန်းဖြစ်နေသည်မို့ ဆိုဖာပေါ်မှာ လှဲချလိုက်ပြီး ချက်ချင်းပင် အိပ်ပျော်သွားသည်။

ကံထူးမောင် ညည်ခန်းထဲ ဝင်လာသည်။ သူ့မျက်လုံးကို မယုံနိုင်လောက်အောင် အံ့သြသွားရသည်။ အရာရာကို အလိုမကျတတ်သော အရိုးများ။ ချေးခါးတတ်သော မှုန်းကေရီသည် ဝီဘီသိုးမလေး တစ်ကောင်လို ဆိုဖာရှည်ကြီးပေါ်တွင် ခွေခွေလေးအိပ်ပျော်နေသည်။

"သူ .. ဟိုကောင့်အိမ်မှာ ဒီလိုပဲ အိပ်ခဲ့တာလားမသိဘူး"

ဘေးက စားပွဲပေါ်မှာ တင်ထားသည့် ဝတ်စုံဟောင်းနှင့် လက်ကိုင်ဖုန်းကို ကောက်ယူလိုက်ပြီး အပြင်သို့ပြန်ထွက်သွားသည်။ အခန်းကျယ်ကြီး၏ အဝနားဆီသို့ လျှောက်သွားပြီး အဝတ်အစားဟောင်းနှင့် လက်ကိုင်ဖုန်းကို အမှိုက်ပုံးအဝိုင်းလေးထဲ ပစ်ထည့်လိုက်သည်။

"ကေရီ ထတော့လေ။ ညည်ခန်းထဲမှာ လှဲမြင်လို့မကောင်းဘူး"





မှုန်းကေရီ လူလဲထပြီး စားပွဲပေါ်ကို ကြည့်သည်။

"ကံထူးမောင် .. ဒီစားပွဲပေါ်က ပစ္စည်းတွေရော"

"အမှိုက်ပုံးထဲ ပစ်လိုက်ပြီ"

မှုန်းကေရီ ရေချိုးခန်းထဲ ဝင်လိုက်သည်။ ဘေစင်မှာ ချိတ်ထားသည့် ဘဲဥပုံမှန်ဝိုင်းကြီးရှေ့မှာ ရပ်လိုက်သည်။ သူ့ကိုယ်သူ မှန်ထဲကြည့်သည်။

"ဆန်းဒေဝီ .. ဒါကဆန်းဒေဝီ .. အခု ဝံ့ဘဝက မှုန်းကေရီ ဟုတ်တယ်။ ဒီဘဝမှာ မှုန်းကေရီလို ကျင့်သုံးတာ အကောင်းဆုံးပဲ"

ဆန်းဒေဝီနှင့် မှုန်းကေရီသည် အတိုင်းအဆမဲ့ ခွာဝေးခြားခဲ့လေပြီ။

"ကံထူးမောင်"

"ပြောပါ ကေရီ"

"ကေရီဝတ်စုံနဲ့ လက်ကိုင်ဖုန်းပြန်ယူပေး။ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ရှင်ဘာကြောင့် ကျူးကျော်ချင်တာလဲ။ ရှင်လဲ အရင်က ကံထူးမောင်ပဲ။ ကျွန်မလည်း မှုန်းကေရီ အဖြစ် မပြောင်းမလဲရှိနေမယ် .. ဒါပဲ"

ကံထူးမောင် နားမလည်စွာပင် အခန်းထဲက ပြန်ထွက်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၈ )

"ဦးလေး .. ဦးလေး .. အီး ဟီး .. ဟီး"

လုံးလုံးနှင့်ပြူးပြူးတို့ မျက်ရည်ချောင်းထဲ စီးမျောနေသည်။ ကလေးနှစ်ယောက် ဦးခေါင်းကို လက်ဝါးနှင့်အုပ်မိုးပြီး ပွတ်သပ်ပေးနေသည်။

"အခေါ်ကြီးမရှိတော့ဘူး။ သားတို့ကိုထားခဲ့ပြီဦးလေး အီးဟီး"

ကလေးတွေကို နှစ်သိမ့်ပေးနေသော်လည်း သူ့ရင်ထဲမှာတော့ အသံမဲ့ ငိုကြွေးနေပြီ။ နှလုံးသွေးတွေ ဆူပွက်နေပြီး တစ်ကိုယ်လုံး အင်အားတွေ ကုန်ခမ်းလာသည်။

သူမနှင့်အတူထိုင်ခဲ့သည့် ဆိုဖာပေါ်မှာ ဆွေးဆွေးမြေ့မြေ့ ထိုင်ချလိုက်သည်။





သုံးမကုန်၊ ဖြုန်းမကုန်အောင်ရှိနေသော စည်းစိမ်ဥစ္စာတို့သည် မွဲ၊ ဆန့်ကျင်လောက်မျှပင် တန်ဖိုးမရှိ။ သူ့ဘဝသည် အဓိပ္ပာယ်မဲ့ တည်ရှိနေသည်။ အချိန်တိုင်း သူ့စိတ်အစဉ်ကို ချစ်ဦးမောင်သာ လွှမ်းမိုးနေသည်။

"ချစ်ဦးမောင်ရယ် .. ရှင်နဲ့ကျွန်မ ပြန်ဆုံဆည်းဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ငါကလည်း ဆန်းဒေဝီမဟုတ်တော့ဘူး။ မေ့ပစ်လိုက်တာပဲ ကောင်းပါတယ်"

မွန်းကေရီ သူ့စိတ်ကို ပြန်၍လှည့်စားနေပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးမောင် အိပ်မပျော်နိုင်။ အိပ်ရာမှ လှမ်းထွက်လိုက်ပြီး အပြင်ဖက်ဆီသို့ ခြေလှမ်းတွေ ခေါ်ဆောင်သွားသည်။ သူ့စိတ်ထဲမှာ ဦးတည်ရာမဲ့နေသည်။ ကားလမ်းမှ တစ်ဖက်ရှိ ကားမှတ်တိုင်ရှိရာသို့ သူ့ခြေအစုံက ရွေ့လျားနေသည်။ ကားမှတ်တိုင်မှာ ဆိုဒီယမ် အဝါရောင် မီးမှုန့်လေးတွေက ဝတ္တရားမပျက် လင်းလက်နေသည်။ သူ့အမြင် အာရုံထဲမှာ ဆန်းဒေဝီကို လှမ်းမြင်နေရသည်။ သူ့ခြေလှမ်းတွေ သွက်လာသည်။ ဒေဝီ့ဘေးက ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဒေဝီရယ် .. မင်းကိုယ့်ကို ပစ်မသွားပါနဲ့။ ဒေဝီရယ်"

ညသန်းခေါင်ယံအချိန် ကားမှတ်တိုင်လေးမှာ သူတစ်ယောက်ထဲ စကားတွေပြောနေမိသည်။







## အခန်း ( ၂၉ )

ရင်ထဲက အနှိုးအတိုင်းဆိုလျှင် ယောက်ျားတစ်ယောက်သေးမှာ ထားပြီး အချိန်တိုင်း ချစ်ဦးမောင်ကို တမ်းတနေရခြင်းမှာ လက်နှင့် နှင့် ရေခပ်နေသလို အရာမထင်။ ကံထူးမောင်နှင့် စည်းစိမ်ဥစ္စာ များသည် သူ့အတွက် ပူလောင်မှုတွေသာ ဖြစ်နေသည်။ မှန်တောကရှိ ဆံ့မြှပ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။ သူ့စိတ်ထဲက အရှုပ်အထွေး အညစ်အကြေးတွေကို ရှင်းပစ်ရတော့မည်။ ဟိုတယ် ခန်းမအပြင်ဖက်သို့ မှန်းတောကရှိထွက်လိုက်သည်။

မထင်မှတ်သူနှင့် မျက်နှာချင်းဆိုင် လာတိုးသည်။ ခေါင်းထဲမှာ အသိဥာဏ်ကို ပြန်နိုးလိုက်သည်။

"တရုတ်မ"



www.burmeseclassic.com

www.burmeseclassic.com



ဟေမာန်နှင်း လက်ထဲမှာဗိုင်တွေ တပွေ့တပိုက်နှင့် မျက်နှာချင်းဆိုင်လျှောက်လာနေရာမှ သူ့အနားမှာ လာရပ်သည်။ မွန်းကေရီကို မထေမဲ့မြင်ကြည့်လိုက်ပြီး ...

"ဩ .. ဘယ်သူလဲမှတ်တယ် .. နင်ကိုး။ ပုံစံတွေ ဘာတွေပြောင်းနေတော့ မမှတ်မိဘူး။ နေပါဦး .. နင်ဒီမှာ ဘာလာလုပ်နေတာလဲ"

မွန်းကေရီ .. ထွက်သွားမည်ပြုပြီးမှ နားကြားပြင်းကပ်လာသည်နှင့် ...

"ဟေမာန်နှင်း နင်အလုပ်ကိစ္စလာတာ မဟုတ်လား"

"ငါက ဒီဟော်တယ်ပိုင်ရှင် မွန်းကေရီပဲ။ နင့်ကို လစာကောင်းကောင်းနဲ့ အလုပ်ပေးထားနိုင်တယ်။ နင်လုပ်မလား။ ကုန်ကုန်ပြောလိုက်မယ်။ နင့်ကို ချမ်းသာတဲ့ယောကျ်ားပါ ပေးစားလိုက်ဦးမယ်"

ဟေမာန်နှင်း ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့လေသည်။







ဟိုတယ်ခန်းမထဲမှာ မွန်းကေရီ အလုပ်ရှုပ်နေသည်။ 'ဒဿတာဝါ' ဟိုတယ်နှင့် 'နဂါးထရယ်' ကားစက်ရုံကို ကံထူးမောင်ထံသို့ လွှဲပြောင်းပေးမည့် အခမ်းအနားဖြစ်သည်။

"ဟေမာန်နှင်း ငါ့အခန်းထဲက စာရွက်စာတမ်းဖိုင်တွေ ယူလာခဲ့"

ဟေမာန်နှင်း မွန်းကေရီနားက ရိုကျိုးစွာ ထွက်သွားသည်။ နစ်ဘက်ရှေ့နေများနှင့် အကျိုးဆောင်များရောက်ရှိလာကြသည်။ ဟေမာန်နှင်း စာရွက်စာတမ်းဖိုင်ယူလာပြီး မွန်းကေရီကို လှမ်းပေးသည်။ လူစုံသည်နှင့် အခမ်းအနားစတင်သည်။

"ကြွရောက်လာတဲ့ လူကြီးမင်းများနဲ့ မိတ်ဆွေများကို ကေရီ စကားနည်းနည်းလောက်ပြောချင်ပါတယ်။ မကြာခင်အချိန်မှာ ကေရီ နိုင်ငံခြားကို သွားတော့မှာပါ။ မသွားခင် ကေရီပိုင်တဲ့ ဒဿတာဝါ ဟိုတယ်နှင့် နဂါးထရယ်ကားစက်ရုံကို ကံထူးမောင်ကို လွှဲပြောင်းပေးမှာဖြစ်ပါတယ်။ အသစ်ဝယ်ထားတဲ့ကျွန်းကိုတော့ ကေရီပိုင်အဖြစ် ထားမှာပါ။ ကံထူးမောင်ကို အပြီးအပိုင်လွှဲပေးမှာဖြစ်တဲ့အတွက် ကံထူးမောင်အနေနဲ့ အိမ်ထောင်ဖက်ကိုလည်း သူ့စိတ်ကြိုက် ရွေးချယ်နိုင်ပါတယ်။ ကေရီ ဒီလက်မှတ်ထိုးပွဲ ပြီးတာနဲ့ ဒီကနေ ထွက်ခွာသွားမှာပါ"

မွန်းကေရီ စကားအဆုံးတွင် ခန်းမအတွင်း၌ လက်ခုပ်သံများ လှိုင်းထသွားသည်။

မွန်းကေရီ ဘီးတပ်အိတ်ကိုဆွဲပြီး ဟိုတယ်ထဲမှ ထွက်လာသည်။ သူ့ဘေးမှာ ဂျစ်ပစီပါလာသည်။ ကံထူးမောင်နှင့် ဟိုတယ်ဝန်ထမ်းအားလုံး သူ့ကို ဦးညွှတ်၍ နှုတ်ဆက်လိုက်ကြသည်။ သူ အားလုံးကို နှုတ်ဆက်လက်ပြပြီး မာစီးဒီးကားပေါ်ကို တက်လိုက်သည်။ ကိုဦးမောင် ကားစက်နှိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသင့်ဖြစ်ပြီလား ကေရီ"

"မောင်းလို့ရပြီ ကိုဦးမောင်"

ကားအိပ်ဆေဝိုက်မှ ပေါက်ကွဲသံထွက်လာပြီး ဆန့်ကျင်ဘက် အရပ်သို့ မောင်းထွက်သွားသည်။ မွန်းကေရီ ရှည်သွယ်သွယ်မျက်မှန်လေးကို ထုတ်ယူပြီး သူ့မျက်နှာတွင်တပ်လိုက်သည်။ ကမ်းခြေ တစ်လျှောက်တွင် ကားရောင်စုံတွေ ပျားပန်းခပ်သလို ခုန်ချည် ဆန့်ချည်ပြေးလွှားနေကြသည်။ ရှေ့မှာ ကားတန်းကြီးကို မြင်နေရသည်။

"ဘာဖြစ်နေတာလဲ မသိဘူး"

"ယာဉ်ကြောပိတ်နေတာဖြစ်မယ် ကေရီ"

"ကောင်းကင်က အုံ့ပျနေသည်။ နေရောင်ခြည်က သွေးဆုတ် နေသော လူမမာတစ်ယောက်လို ဖြူဖျော့ဖျော့ဖြစ်လာသည်။ နေလုံးကြီးက နေ့ခင်းကြောင်တောင် အိပ်ငိုက်နေသည်။ လေထု ထဲမှာ ဖြူလွလွနှင်းဖတ်လေးတွေ လေဟုန်နှင့်အတူ ခုန်ဆင်း လာကြသည်။

ကားတန်းကြီးနောက်မှာ မာစီးဒီးကားနက်ကြီးရပ်သွားသည်။

လမ်းမပေါ်မှာ ကားတန်းကြီးက မြွေကြီးတစ်ကောင်ပမာ ရှိ နေသည်။ တိုရိုတာ လင့်ခရူဇာကားလေးတစ်စင်း မာစီးဒီးကားနက် ကြီးနောက်ဖက် ခပ်ဝေးဝေးမှာ လာရပ်သည်။ ကားပေါ်မှ ချစ်ဦးမောင်ဆင်းလာပြီး ရှေ့က ကားတန်းကြီးကို စိတ်ပျက်စွာ ငေးကြည့်နေသည်။

"ဟာကွာ .. ဒီပုံစံအတိုင်းဆိုရင် အလုပ်ကို ဒီနေ့ရောက်ပါ့ ဦးမလားမသိဘူး"





ချစ်ဦးမောင် ညည်းညည်းညူညူနှင့် သူ့ဆံပင်ကို လက်နှင့် ပွတ်သပ်နေမိသည်။ သူ့ဆံပင်မှာ နှင်းတွေရှိနေသည်။ သူကားကို မှီလိုက်ပြီး ဆန်းဒေဝီကို လွမ်းမောတမ်းတနေမိသည်။

"ဒေဝီရယ် .. နှင်းတွေကျနေပြီ။ မင်းဘယ်ဆီမှာလဲ ဒေဝီရယ်"

မွန်းကေရီ မျက်မှန်ကိုပင့်တင်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်သည်။ ကားမှန်မှာ နှင်းဖတ်တွေကပ်ပြီး မှုန်ဝါးဝါးဖြစ် နေသည်။ သူ အုံ့ဩရင်ခုန်သွားသည်။

"ဟင် .. နှင်းတွေကျနေပါလား"

ကားတံခါးကိုဖွင့်ပြီး အောက်ဆင်းလိုက်သည်။ ဂျစ်ပစီ သူနှင့် အတူ အောက်ကိုခုန်ဆင်းလိုက်ပြီး နှင်းဖတ်လေးတွေနောက်ကို ခုန်ပေါက်ပြေးလွှားနေသည်။

"ဟဲ့ .. ဂျစ်ပစီ လာ ... လာ ပြန်လာခဲ့"

ဂျစ်ပစီ သူ့ခေါ်သံကို မကြားသယောင် ကားတန်းနောက်ဖက် သို့ ပြေးသွားသည်။

မွန်းကေရီ ဂျစ်ပစီနောက်သို့ ပြေးလိုက်သည်။ ဂျစ်ပစီ အမြော် လွန်ပြီးကားကြိုကားကြား ဝင်ပြေးသည်။

"ဂျစ်ပစီ .. ဂျစ်ပစီ"

ချစ်ဦးမောင် နားထဲမှာ စွဲထင်နေသော အသံတစ်ခုကို ကြား လိုက်ရသည်။

"ဆန်းဒေဝီ .. ဆန်းဒေဝီရဲ့အသံ"

သူ့နားကို သူယုံမှားနေစဉ် သူ့ခြေထောက်ကို တစ်စုံတစ်ခုက လာတိုက်သည်။ သူငုံ့ကြည့်လိုက်တော့ တစ်စုံတစ်ခုက သူ့ကို လာတိုးသည်။ သူငုံ့ကြည့်လိုက်တော့ ခွေးဘီလူးကြီးဂျစ်ပစီ။ အဲဒီကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ညာလှုပ်ယမ်းပြီး သူ့ကိုနှုတ်ဆက်နေသည်။ ချစ်ဦးမောင် ဂျစ်ပစီကို ကောက်ယူပွေ့ချီလိုက်သည်။ မှန်းပေါက်ရှိ ကားတွေ အောက်ကို ငုံ့ကြည့်သည်။ ဒီနားတင်ပျောက်သွားသည်။

"ဂျစ်ပစီ .. ဂျစ်ပစီ .. ဂျစ်ပစီရေ"

ကားတန်းကြီးအဆုံးထိလျှောက်ပြီး ကားတန်းကြီးညာဘက် ခြမ်းကို လျှောက်လာသည်။ ဂျစ်ပစီကို ပွေ့ချီထားပြီး ကျော်နိုင်း နေသူတစ်ယောက်ကို လှမ်းတွေ့လိုက်သည်။

"ဂျစ်ပစီ .. ဂျစ်ပစီ"

သူ အော်ဟစ်ပြီး အပြေးလှမ်းလာသည်။ အနားအရောက် ထိုသူ့ကို ရန်တွေ့ရန် ဟန်ပြင်လိုက်သည်။

"ခွေး .. သူ .. ခ"

ချစ်ဦးမောင် လှည့်အကြည့်တွင် သူမပါးစပ်အဟောင်းသားနှင့်

"မောင် .. မောင် .. ချစ်ဦးမောင်"

တိုင်ပင်မထားဘဲ သူတို့နှစ်ဦး ကျစ်ကျစ်ပါအောင် ပြေးဖက် လိုက်ကြသည်။

"ဒေဝီ .. ဒေဝီရယ်"

ချစ်ဦးမောင် ဆံနွယ်ဒေဝီခေါင်းပေါ်မှ နှင်းဖတ်တွေကို သူ့လက် နှင့် တယုတယပွတ်သပ်ပြီး သုတ်ပေးနေသည်။

"ဒေဝီ ဘယ်ကိုသွားမလို့လဲဟင်"

"အစကတော့ ရှင်နဲ့ဝေးရာ ဂျပန်ကို သွားဖို့ထွက်လာခဲ့တာ။ ခုတော့ ရှင့်ကို ဒေဝီပြောထားတဲ့အတိုင်း နှင်းမိုးတွေ ကျလာလို့ ခုတော့ ဒီခရီးစဉ်ကို ဖျက်လိုက်ပြီ"





"အိုဆိုရင်"

"ဟောဒီ မောင်။ ဒေဝီ့ရင်ထဲက အချစ်ဦး ချစ်ဦးမောင်ရဲ့ အချစ်အိမ်လေးကို ဒေဝီသွားရတော့မှာပေါ့"

သူတို့နှစ်ဦးဆီသားမှာ ကားတန်းကြီးပျောက်သွားသည်။ ခွေးတိလုံးကြီးဂျစ်ပစီ၏ အသံကိုလည်း သူတို့မကြားရတော့။ နှင်းမိုးဖတ်တွေကြားမှာ သူတို့နှစ်ဦးတည်းသာ . . . .

ချစ်ခြင်းအနန္တဖြင့်
ပျော်ရွှင်စွာရယ်မောနိုင်ကြပါစေ